မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၁၂၂)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ သောကြာနေ့။

ကျေးဇူးရှင်

* သစ်ပင်၏အရိပ်ကိုခိုဖူးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖဲ့ရာ။
* သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။
ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
* ကျေးဇူးရှင်အားပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခရောက်တတ်၏။

(ဇာတကပါဠိ)

မဲခေါင်မြစ်စီးဆင်းရာဒေသများအတွင်း မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၉

စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် **"မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များသို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စို့"** ဟူသောဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက်မှာ ၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများမှ အတည်ပြုခဲ့သည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု မရှိစေသော/ လျော့နည်းစေသော

စာမျက်နှာ ၈ ကော်လံ ၁ *

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

အီရတ်စီးနင်းတိုက်ခိုက်မှု အိုင်အက်စ်အိုင်အယ်လ် ထိပ်တန်းတပ်မှူးကျဆုံး စာမျက်နှာ » ၄

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာစာ စာမျက်နှာ » ၁၀

ကျောင်းသင်ခန်းစာ ပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သချ်ာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပါရှိပါသည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကျေးလက်လူငယ်များ သက်မွေးပညာရပ်များကို ဆွစ်ဇာလန်က အခမဲ့သင်ကြားပေးမည်

သတင်း မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူများက ဦးရေများပြားသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် ဒေသခံကျေးလက်လူငယ်များကို အသက်မွေးဝမ်းကျောင်းပညာများ၊ စီးပွားရေးလုပ်ကိုင်နိုင်မည့် ပညာရပ်များကို ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်သည်။ ယခုအခါ ဆွစ်ဇာလန်နိုင်ငံမှနေ၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းများကို လူငယ်များအား အခမဲ့သင်ကြားပေးတော့မည်ဖြစ်သည်။

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည့် ကရင်ပြည်နယ်ကျေးလက်များတွင် လူငယ်များအား သက်မွေးပညာများသင်ကြားပေးမည့်အစီအစဉ်မိတ်ဆက်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး Christoph Burgener နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး ဆွေးနွေးမေးမြန်းခဲ့ကြသည်။

"ကျေးလက်အခြေပြုလူငယ်တွေကို ဦးစားပေးသင်ကြားပေးမှာ ဖြစ်လို့ ကျွမ်းကျင်တဲ့လုပ်သားတွေထွက်ပေါ်လာပြီး မိသားစုဘဝရော ကျေးလက်ဖွံ့ဖြိုးမှုတွေမှာပါ အထောက်အကူပြုနိုင်မှာပါ"ဟု ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြောသည်။

တစ်ဖန် မွန်ပြည်နယ် မော်လမြိုင်မြို့ စထရင်းဟိုတယ်၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သော ကျေးလက်အခြေပြု သက်မွေးပညာများ သင်ကြားပေးမှုသင်တန်းများ မိတ်ဆက်ပွဲတွင်လည်း "မွန်ပြည်နယ်ကျေးလက်တွေမှာ နေထိုင်ကြတဲ့လူငယ်တွေကို သက်မွေးဝမ်းကျောင်းပညာတွေ အခမဲ့သင်ကြားပေးမယ့်အပြင် ထောက်ပံ့မှုတွေလည်း ဖြည့်ဆည်းပေးမယ့် ဆွစ်ဇာလန်နိုင်ငံကို ကျေးဇူးတင်ပါတယ်။ မွန်ပြည်နယ်ကို ဆွစ်ဇာလန်နိုင်ငံလိုဖြစ်အောင် တဖြည်းဖြည်း ကြိုးစားဆောင်ရွက်သွားမယ်" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်ကပြောသည်။

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်း

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရီးသွားအောင်မြင်မှု ဆက်လက်ထိန်းသိမ်း

မကြာသေးမီနှစ်များက အာဆီယံဒေသအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုတိုးတက်လာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင်ရောက်ခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းအနေဖြင့် အောင်မြင်မှုများရရှိလျက်ရှိပါသည်။ ထိုအောင်မြင်မှုများထက် ပိုမိုအောင်မြင်မှုများရရှိအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်မူ အာဆီယံနိုင်ငံများအားလုံးက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အပြိုင်ကြိုးပမ်းနေကြခြင်းကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ခရီးသည်ဝင်ရောက်မှု တစ်သန်းကျော်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် မှတ်တိုင်တစ်ရပ်စိုက်ထူခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင်မူ တိုးတက်မှု ၉၄ ဒသမ ၀၄ ရာခိုင်နှုန်းနှင့်အတူ ခရီးသည် ၂ ဒသမ ၀၄ သန်းကျော်ဝင်ရောက်ခဲ့ကာ မှတ်တိုင်တစ်ရပ်ထပ်မံစိုက်ထူနိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် တိုးတက်မှု ၅၁ ရာခိုင်နှုန်းနှင့်အတူ ခရီးသည် သုံးသန်းကျော်ဝင်ရောက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားမည်ဆိုလျှင် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်းခန့် ဝင်ရောက် မည်ဟု မျှော်မှန်းနိုင်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာ ခရီးသွားများအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကန့်သတ်မှုများကို ပိုမိုဖြေလျှော့ပေးနိုင်သည်နှင့်အမျှ ၂၀၁၅ ခုနှစ်တွင် ခရီးသည်ငါးသန်းအထိ တိုးတက်ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရခြင်းတွင် အဓိကအကြောင်းအရာများရှိပါသည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များသည် မြန်မာနိုင်ငံ၌ ဆီးဂိမ်းနှင့်အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်း အကြောင်းအရာများကြောင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပါသည်။ ယခု ၂၀၁၅ ခုနှစ်သည်ကား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၌ အထူးခြားဆုံး အကြောင်းအရာများဖြစ်လာလိမ့်မည်ဟုမျှော်လင့်ရပြီး ကမ္ဘာလှည့်ခရီးသွား အများအပြားကိုဆွဲဆောင်နိုင်မည့် အကြောင်းအရာများပင်ဖြစ်ပါသည်။ ထိုအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်သွားနိုင်မည်ဆိုလျှင် မျှော်မှန်းထားသည့်အတိုင်း ခရီးသွားငါးသန်းအထိ ဝင်ရောက်နိုင်ပါသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ခရီးသွားဒေသများသို့ သမားရိုးကျသွားရောက်သည့် ပုံစံမှအခြေအနေ အကြောင်းအရာများကြောင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကြောင့်လည်းကောင်း၊ သွားရောက်သည့်ပုံစံသို့ ပြောင်းလဲလာလျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်း၊ နိုင်ငံခြားသားများ အမြဲနေထိုင်နိုင်ရန် ခွင့်ပြုပေးခြင်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ခရီးသွားများ အစုလိုက်၊ အပြုံလိုက်၊ အသုတ်လိုက်လာရောက်နိုင်ရေး အစီအမံများ၊ ဆွဲဆောင်မှုများ မကြာခဏပြုလုပ်ပေးရန် အထူးပင်လိုအပ်ပါသည်။ သို့ပါ၍ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆက်လက် အောင်မြင်မှုရရှိရေး ဘက်ပေါင်းစုံမှ ဆွဲဆောင်မှုများပြုလုပ်ကာ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၉

Organized by (METI) , Ministry of Economy Trade and Industry UMFCCI& HID Japan တို့ ပူးပေါင်းဆောင်ရွက်သည့် Training Program on Business Management for the service Industry , ENMS(182) တွင်ပါဝင်တက်ရောက်ခဲ့သည့် ဝန်ကြီးဌာနလေးခုနှင့်UMFCCI အသင်းဝင်ကုမ္ပဏီများ အနက်မှထူးချွန်သူစီးပွားရေးလုပ်ငန်း ဦးဆောင်နိုင်ရန် အလားအလာရှိသူ ၂၅ ဦးကို HIDA Japan ဘက်မှ စိစစ်ရွေးချယ်၍ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပမည့် The Workshop on Business Management for the service Industry (ENMS) သို့ တက်ရောက်ရန် ဇန်နဝါရီ ၂၅ရက် ထွက်ခွာသွားသည်။ (မြန်မာ့အလင်း)

သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးစနစ် စံထားဆောင်ရွက်ရမည့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ၊ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်ဆိုင်ရာ စံထားဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက မန်းမြန်မာဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးနှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ပညာရှင် Dr. Y. E. A. Raj တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းသဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နှစ်စဉ်အနည်းနှင့်အများ ဆိုသလို ခံစားနေရကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ပုံမှန်မဟုတ်သော မိုးလေဝသဖြစ်စဉ်နှင့်အတူ အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း၊ အချိန် အခါမဟုတ်မိုးရွာသွန်းခြင်း၊ မုန်တိုင်းရွေ့လျားရာလမ်းကြောင်းများ ပြောင်းလဲလာခြင်း၊ မုတ်သုံကာလ တိုတောင်းလာခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြစ်ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိသည်။

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် အဆိုပါသင်တန်းက ရလဒ်ကောင်းများကို ပေါ်ထွန်းလာစေမည်ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် သင်တန်းတွင် အချိန်ကာလအားဖြင့် တိုတောင်းသော်လည်း သင်တန်းသားများအနေဖြင့် မိမိတို့ဌာနအဖွဲ့အစည်းအသီးသီးအလိုက် ဆောင်ရွက်ရမည့်ကဏ္ဍများကို အချိန်နှင့် တစ်ပြေးညီပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် များစွာအထောက်အကူရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများဖြစ်သော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းစသည့် ဆက်စပ်ဌာနများမှ အရာထမ်း သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

လွင်ကို

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၂၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၅-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၂၄
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၇၅-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၇၅၀-၂၆၀၀
ကြက်သွန်ဖြူ(ကြျုကုတ်)	တစ်ပိဿာ	၁၄၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၃၅-၇၂၀
ရေတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၅၀-၂၇၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၆၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံစင်ပြသည်။

ပြည်တွင်းသတင်း

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ တိပိဋကဓရသာသနာ့အာဇာနည်နှစ်ပါးပေါ်ထွန်း

နေပြည်တော် ဇန်နဝါရီ ၂၉

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ ၂၈-၁၂-၂၀၁၄ မှ ၂၇-၁-၂၀၁၅ ရက်နေ့ထိ ၃၃ ရက်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရသည်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒ(မြိုင်)သည်လည်းကောင်း၊ ပိဋကသုံးပုံ အဘိဓမ္မာပိဋက(နောက်ပိုင်း)နှစ်ကျမ်းကို အာဂုံအောင်မြင်ကြသဖြင့် ပိဋကသုံးပုံအာဂုံအောင် "တိပိဋကဓရ" အရှင်မြတ်နှစ်ပါး ပေါ်ထွန်းခဲ့ပါသည်။

တိပိဋကဓရ အရှင်မြတ်နှစ်ပါးထေရုပ္ပတ္တိအကျဉ်းကို အများပြည်သူ ကြည်ညိုနိုင်စေရန် ဖော်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မာဒုတိယပိုင်း (၂)ကျမ်း အာဂုံအောင် အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ကို ခံယူမည့် အရှင်ဝိစိတ္တသာရ(ဒီပဲယင်းတိပိဋကဆရာတော်) ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်းရံကျေးရွာ ခမည်းတော် ဦးဌေး၊ မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရေဦးမြို့နယ်၊ တင်းတိန်ရံဈေး ဓမ္မိကာရုံ ဆရာတော်ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးဌေးသောင်၊ ဒေါ်တင်စု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး နောင်ချိုမြို့၊ ဘူတာရပ် (ဦးအောင်ဌေး)-ဒေါ်လေးနီမိသားစု၊ နောင်ချိုမြို့တောင်ရပ် ဒေါက်တာမြင့်ကြွယ်-ဒေါ်အေးအေးသိန်း မိသားစု၊ ပြည်မြို့ လမ်းမတော်လမ်း ဦးစောလှိုင်-(ဒေါ်ညိုလေး) မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှောပင်းစင်တာ) မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်-ဒေါ်အေးပို မိသားစု၊ ရန်ကုန်မြို့ ဦးတင်ဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်) မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ် ဦးလွင်မြင့်-ဒေါ်ရီထွေး မိသားစု၊ တာမွေမြို့နယ် ကိုလှမျိုးသန့်-မဉမ္မာချို(ရွှေသရဖူ) မိသားစုတို့က သိက္ခာထပ်မင်္ဂလာပြုခဲ့ကြပါသည်။

ကျေးဇူးရှင်ဆရာတော်များ

ဒီပဲယင်းမြို့နယ် ဝန်းရံကျောင်းဆရာတော် ဦးဇောတိက၊ အနန္တဂုဏ်ရည်ကျောင်းဆရာတော် ဦးစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်ဆရာတော် ဦးဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မမာနိတာရုံ ဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဦးဥတ္တမ၊ သာစုကန်ဆရာတော် ဦးတေဇိန္ဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၊ ပိဋကနှစ်ပုံခွဲဆောင် ဦးသြဘာသာဘိဝံသတို့ ဖြစ်ကြပါသည်။

အောင်မြင်ခဲ့သောစာမေးပွဲများ

သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိ

အရှင်ဝိစိတ္တသာရ(ဒီပဲယင်းတိပိဋကဆရာတော်)

ကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့၊ နိကာယဝုပိုသမိတိဝိနယကောဝိဒဘွဲ့၊ နိကာယဖ္ဇောတကဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယဖ္ဇောတကဒီဃနိကာယဓမ္မာစရိယဘွဲ့၊ နိကာယဖ္ဇောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့ကို ရရှိခဲ့ပြီး တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ၁၃၆၃ ခုနှစ်၌ ဥဘတောဝိဘင်္ဂရဓရဘွဲ့၊ ၁၃၆၅ ခုနှစ်၌ ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ်၌ ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ်၌ မူလအာဘိဓမ္မိကဘွဲ့ ၊ ၁၃၇၄ ခုနှစ်၌ မူလအာဘိဓမ္မကောဝိဒဘွဲ့ကို ရရှိအောင်မြင်ခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၆ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ် အဘိဓမ္မာ ဒုတိယပိုင်း(၂)ကျမ်း (က) အာဂုံပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်၊ ယင်းအောင်လက်မှတ်နှင့် အရိုးနိကနက္ကဒဇ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါအရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋက သုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ယင်းအောင်လက်မှတ်နှင့် အရိုးနိကနက္ကဒဇ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း တိပိဋကကျောင်းတိုက်မှ အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ကို ခံယူတော်မူမည့် အရှင်စက္ကိန္ဒ(မြိုင်)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်စက္ကိန္ဒသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ထနောင်းခါးလှကျေးရွာ ခမည်းတော် ဦးကျောက်ခဲ-မယ်တော် ဒေါ်ခင်ကြည်တို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလဆန်း ၂ ရက် အင်္ဂါနေ့တွင် ဖွားမြင်သောသားရတနာဖြစ်သည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၆၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် စနေနေ့တွင် မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒကကို ဥပဇ္ဈာယ်ပြုလျက် လမ်းမတော်မြို့နယ် (၁)လမ်းနေ ဦးဝင်းလွင်-ဒေါ်စန်းစန်းကြည် မိသားစု၊ ဗိုလ်ချုပ် စိန်ထွား(ငြိမ်း)၊ ဒေါ်ခင်အေးမိသားစု၊ ခမည်းတော် ဦးကျောက်ခဲ-မယ်တော် ဒေါ်ခင်ကြည် မိသားစု၊ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဦးသောင်းတင်-ဒေါ်ခင်ရီ မိသားစု၊ မုံရွာမြို့ အောင်ချမ်းသာရပ် ဦးတင်ပိုင်-ဒေါ်ညိုညိုသန်း မိသားစု၊ ဦးခင်ရှောင်-ဒေါ်ခင်ရီ မိသားစု၊ ဦးပေတိုး-ဒေါ်ခွက်မိသားစု၊ ကိုခင်ထွန်း-မသန်းသန်းနွယ် မိသားစု စသော ဒါယကာ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ

ထနောင်းခါးလှရွာ မနောရမ္မကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ မွန်ပြည်နယ် မုဒုံမြို့ သာသနာ့ဇေယျာကျောင်းနောင်တော် ဦးဝဏ္ဏသရ၊ မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒက၊ မုံရွာမြို့ ပဇ္ဇောတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနာဂဝံသ ဘဒ္ဒန္တဇောတိပါလလင်္ကာရ၊ ဘဒ္ဒန္တအဂ္ဂညာဏ စသော စာချဆရာတော်များ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ မင်းကွန်း တိ/နိ စီမံအုပ်ချုပ်မှုမဟာနာယကဆရာတော်များ၊ မုံရွာမြို့ အိုးဘိုတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ စသောဆရာတော်များဖြစ်ကြသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

သာသနဓဇ ဓမ္မစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာ

အရှင်စက္ကိန္ဒ(မြိုင်)

ယဝိဒူဘွဲ့(တစ်နိုင်ငံလုံးတတိယ) ရှင်မတောင် သာသနဟိတ ဝိနယဓရဘွဲ့၊ အစိုးရတိပိဋက ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ မူလအာဘိဓမ္မိကဘွဲ့၊ မူလအာဘိဓမ္မကောဝိဒဘွဲ့ စသော စာမေးပွဲများစွာတို့ကို အောင်မြင်ရရှိခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၆ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ် အဘိဓမ္မာဒုတိယပိုင်း(၂) ကျမ်း(က)အာဂုံပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်၊ ယင်းအောင်လက်မှတ်နှင့်အရိုးနိကနက္ကဒဇ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါအရှင်စက္ကိန္ဒသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ယင်းအောင်လက်မှတ်နှင့် အရိုးနိကနက္ကဒဇ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

❁ ရှေ့ဖုံးမှ

အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကဏ္ဍတွင် အရေးကြီးသည့် အစီစဉ်တစ်ခုဖြစ်သော အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ် (VSDP) ကို ဆွစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) က ရန်ပုံငွေ အမေရိကန်သန်း ၂၀ ခန့် ထောက်ပံ့ပေးထားသည်။

ကျေးလက်အခြေပြုသက်မွေးပညာသင်တန်းများကို ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဖောင်ဒေးရှင်း (Swisscontact) နှင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ အလုပ်သမားဈေးကွက်နှင့် လူမှုရေးဆိုင်ရာမူဝါဒများချမှတ်ရေးအတွက် လုပ်ဆောင်နေသည့်ဂျာမန်အခြေစိုက်ကုမ္ပဏီ (INBAS) တို့ ပါဝင်သော အကောင်အထည်ဖော်ရေး ညွှန့်ပေါင်းအဖွဲ့မှ ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အဖွဲ့အစည်း (IOM) နှင့်လည်း ပူးတွဲဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ် အတွင်းရှိ သက်မွေးပညာရပ်များကိုသင်ကြားရန် အခွင့်အရေးလက်လှမ်းမမီသူများအား ကျေးလက်အထိ သွားရောက်ကာ အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ ကျေးလက်အခြေပြု သက်မွေးသင်တန်းများတွင် လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း၊ အလှပြင်ဆင်မှုသင်တန်း၊ စက်ချုပ်သင်တန်းနှင့်ကျေးရွာ ဖွံ့ဖြိုးမှုသင်တန်း၊ စိုက်ပျိုးရေးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု အခြေခံသင်တန်းများအပြင် မိုဘိုင်းဖုန်းပြင်ဆင်ပညာသင်တန်းများလည်း သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းများကို ပထမဦးစွာ ကျေးလက်ဒေသခံဆရာ ၂၀၀ ကို သင်တန်းပေး မွေးထုတ်ပြီးနောက် လက်တွေ့အသုံးချပညာရပ်များကို လူငယ်များအားအခမဲ့သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလဖြစ်ပြီး တစ်နှစ်လျှင်သုံးကြိမ်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်မည့် လူငယ်များရှိရာ ကျေးလက်များတွင် အဆိုပါ ဆရာများကသွားရောက်သင်ကြားပေးမည်ဖြစ်သည်။

ကျေးလက်လူငယ်များကို သင်ကြားပေးရာတွင် နေ့စဉ်သင်တန်းစရိတ်များ၊ ကျွေးမွေးမှုများဖြည့်ဆည်းပေးမည်ဖြစ်ပြီး သင်ကြားမှုပြီးဆုံးပါက တတ်မြောက်သည့် ဘာသာရပ်အလိုက် အထောက်အကူပစ္စည်းများဖြစ်သော အပ်ချုပ်စက်များ၊ ပြင်ဆင်သည့် ကိရိယာများ စသည်တို့ကိုလည်း အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ တစ်ဖန်လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်မှုအပြင် ဈေးကွက်များ ချိတ်ဆက်ပေးနိုင်ရန်လည်း ဒေသတွင်းလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးသွားရန် စီစဉ်ထားသည်။

ဆွစ်ဇာလန်နိုင်ငံမှကူညီ ထောက်ပံ့သည့် ယခုအစီအစဉ်သည် ကနဦးအဖြစ် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း ဖြစ်ရာ ယင်းကာလအတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကျေးလက်မှလူငယ်အမျိုးသား အမျိုးသမီး ၃၀၀၀ ကျော်တို့မှာ သက်မွေးပညာတတ်မြောက်သူများ ဖြစ်လာကြမည့်အပြင် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များလည်း ရရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထိရောက်စွာ ထောက်ပံ့ပေးနိုင်သည့် အစီအစဉ်တစ်ရပ်ဖြစ်ရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် ကျေးလက်လူငယ်များသက်မွေးပညာကျွမ်းကျင်သူများအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲ သထုံ၌ ကျင်းပ

သထုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းနှစ် ၁၀၀ ပြည့်မွေးနေ့အကြို အထိမ်းအမှတ်အဖြစ် မြို့နယ်အဖွဲ့အစည်းပေါင်းစုံ ဖြစ်မြောက်ရေးကော်မတီမှ ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီမှစတင်ကာ သထုံမြို့ သုဝဏ္ဏခန်းမ၌ စာပေဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာများ ဖြစ်ကြသည့် အကြည်တော်၊ နုနုရည် (အင်းဝ) နှင့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့က စာပေရေးရာများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် မှတ်သားဖွယ်ရာများကို ဟောပြောကြရာ သထုံမြို့နယ်အတွင်းမှ စာပေချစ်သူများ၊ ဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖြစ်မြောက်ရေးကော်မတီအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်မတိုင်မီ ယခုကဲ့သို့ စာပေဟောပြောပွဲများ အခြေခံပညာကျောင်းများ၌ စာပေဆိုင်ရာပြိုင်ပွဲများကို ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှစ် ၁၀၀ ပြည့်မွေးနေ့အဖြစ် ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ သံဃာတော်အပါး ၁၀၀ အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ စာပေ၊ ကျပန်း၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများမှ ဆုရရှိကြသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သထုံမြို့နယ်အဖွဲ့အစည်းပေါင်းစုံ ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် မွေးနေ့ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ **သက်ဦး(သထုံ)**

နိုင်ငံတကာသတင်း

အီဘိုလာဗိုင်းရပ်စ်သန္ဓေပြောင်းလဲမှု သိပ္ပံပညာရှင်များ သတိပေး

ပါရီ ဇန်နဝါရီ ၂၉

အီဘိုလာဗိုင်းရပ်စ်သည် သန္ဓေပြောင်းလဲနိုင်ကြောင်း အီဘိုလာကို လေ့လာဆန်းစစ်နေကြသော သိပ္ပံပညာရှင်များက ပြောခဲ့သည်။ သန္ဓေပြောင်းလဲလာသော အဆိုပါ ဗိုင်းရပ်စ်သည် ကူးစက်နိုင်ခြင်း ရှိမရှိကို ပြင်သစ်နိုင်ငံ Institut Pasteur တက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာဆန်းစစ်နေကြသည်။

ဂီနီ၊ ဆီရာလီယွန်၊ လိုက်ဘေးရီးယားနိုင်ငံတို့၌ အီဘိုလာရောဂါကြောင့် လူပေါင်း ၈၇၉၅ ဦး သေဆုံးခဲ့ပြီး ၂၂၀၀၀ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ဂီနီရှိ အီဘိုလာကူးစက်ခံရသူ လူနာများထံမှ သွေးနမူနာရာပေါင်းများစွာကို လေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်လျက်ရှိကြသည်။

၎င်းတို့သည် ဗိုင်းရပ်စ်မည်သို့မည်ပုံပြောင်းလဲပုံနှင့် လူတစ်ဦးမှ တစ်ဦးသို့ အလွယ်တကူ ကူးစက်နိုင်ခြင်း ရှိ မရှိကို လေ့လာဆန်းစစ်နေကြသည်။

အချိန်ကာလတစ်ခုအတွင်း ဗိုင်းရပ်စ်ပြောင်းလဲခြင်းသည် သမားရိုးကျဖြစ်စဉ်တစ်ခုမဟုတ်ပေ။ အီဘိုလာသည် HIV နှင့် တုပ်ကွေးရောဂါကဲ့သို့ RNA ဗိုင်းရပ်စ်ဖြစ်ပြီး ၎င်းသည် သန္ဓေပြောင်းလဲမှုနှုန်း မြန်ဆန်သည်။ ထိုသို့ သန္ဓေပြောင်းလဲမှု မြန်ဆန်သောကြောင့် ၎င်းဗိုင်းရပ်စ်သည် ပိုမိုကူးစက်နိုင်သည့် အလားအလာရှိသည်။



အီဘိုလာဗိုင်းရပ်စ်သည် လျင်မြန်စွာ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များနှင့် သန္ဓေပြောင်းလဲလာနိုင်ပြီး လေမှတစ်ဆင့် ပျံ့နှံ့နိုင်သည်။ အဆိုပါ ဗိုင်းရပ်စ်သည် ရောဂါပိုးကူးစက်ခံထားရသည့်သူ ထွက်သောအရည်မှတစ်ဆင့် ကူးစက်နိုင်သည်။

သိပ္ပံပညာရှင်များသည် အီဘိုလာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇဖွဲ့စည်းပုံပြောင်းလဲမှုများကို လေ့လာရန်မျိုးရိုးဗီဇနှင့်ဆိုင်သော အစီအစဉ်ဟုခေါ်သော နည်းလမ်းတစ်ခုကို အသုံးပြုနေကြသည်။ ဂီနီမှသွေးနမူနာ ၂၀ ခန့်ကို လေ့လာစမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး လာမည့်လအတွင်း အခြားသော နမူနာ ၆၀၀ ကိုလည်း ဓာတ်ခွဲခန်းသို့ ပေးပို့မည်ဖြစ်သည်။

ဆီရာလီယွန်တွင် ပြုလုပ်ခဲ့သော စမ်းသပ်လေ့လာမှုတစ်ခုတွင်လည်း အီဘိုလာဗိုင်းရပ်စ်သည် စတင်ကူးစက်သည့်အချိန်မှ ၂၄ ရက်အတွင်း သန္ဓေပြောင်းလဲကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ပြောကြားခဲ့သည်။

Pasteur တက္ကသိုလ်မှ သုတေသနပညာရှင်များက ကာကွယ်ဆေးနှစ်မျိုးကို ထုတ်လုပ်နိုင်ရန်ကြိုးပမ်းလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် လူများကို ၎င်းဆေးဖြင့် စတင်စမ်းသပ်ကုသပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ **(ဘီဘီစီ)**

e-commerce တွင် မသမာမှုမြင့်တက်လာမှုကြောင့် စင်ကာပူနိုင်ငံတွင် မှုခင်းဖြစ်ပွားနှုန်းမြင့်တက်

စင်ကာပူ ဇန်နဝါရီ ၂၉

စင်ကာပူနိုင်ငံ၏ မှုခင်းဖြစ်ပွားနှုန်းသည် ၂၀၁၃ ခုနှစ်အထိ နှစ် ၃၀ လျော့နည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ၎င်း၏ နှစ်စဉ်မှုခင်းဖြစ်ပွားနှုန်း အစီရင်ခံစာတွင် ကြာသပတေးနေ့က ဖော်ပြခဲ့သည်။

မှုခင်းဖြစ်ပွားနှုန်းသည် e-commerce အပါအဝင် အခြားသော မှုခင်းများကြောင့် ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့အပြင် တစ်နှစ်ထက်တစ်နှစ်တိုးလာခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၁၆၅၉ မှုရှိလာကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်က အွန်လိုင်းတွင် ဈေးဝယ်မှုတိုးတက်များပြားလာခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောခဲ့သည်။ အမျိုးမျိုးသော အွန်လိုင်းပေးချေမှုများနှင့် ဖြားယောင်းသွေးဆောင်ခံရသူများ၏ အမှုသည် ၂၀၁၃ ခုနှစ်တွင် ၂၆၉ မှုရှိခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၉၀၄ မှုအထိ မြင့်တက်လာခဲ့သည်။ ထိုဖြစ်စဉ်များကြောင့် စင်ကာပူဒေါ်လာ ၇၃၅၀၀၀ ဆုံးရှုံးခဲ့သည်။

လိမ်ညာခြင်းပုံစံသစ်တစ်မျိုးတွင် အွန်လိုင်းအသုံးပြုသူများကို လက်ဆောင်ကတ်များ သို့မဟုတ် အစစ်နီးပါး အကြွေးဝယ်ခွင့်ကတ်များကို ဝယ်ခိုင်းသည့် ကိစ္စရပ်များပါဝင်သည်။ အဆိုပါ လိမ်ညာခြင်းပုံစံသစ်တစ်မျိုးဖြင့် လိမ်ညာသည့် အမှုပေါင်း လွန်ခဲ့သောနှစ်တွင် ၁၄၉ မှု ဖြစ်ပွားခဲ့သည်။

အိမ်ကျူးကျော်ဝင်ရောက်ခြင်းနှင့် ၎င်းနှင့် ဆက်စပ်သည့် မှုခင်းများသည် လွန်ခဲ့သောနှစ်ကထက် ၃၅ ဒသမ ၅ ရာခိုင်နှုန်းအထိ သိသာစွာ မြင့်တက်လာခဲ့သည်။ အဓမ္မပြုကျင့်မှုများသည် ၂၀၁၃ ခုနှစ်တွင် ၅၁ မှုသာဖြစ်ပွားခဲ့ရာမှ ၆၆ မှုအထိ မြင့်တက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ အများစုမှာ လူငယ်များဖြစ်ကြသည်။ **(ဆင်ဟွာ)**

အိန္ဒိယ၌ ဝက်တုပ်ကွေးကြောင့် ၇၅ ဦး သေဆုံး

နယူးဒေလီ ဇန်နဝါရီ ၂၉

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ခြောက်ပတ်အတွင်း ဝက်တုပ်ကွေးဖြစ်ပွားမှုကြောင့် အနည်းဆုံး လူပေါင်း ၇၅ ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

သေဆုံးသူ အများစုသည် တီလန်ဂါနာပြည်နယ် တောင်ပိုင်းနှင့် ရာဂျက်စတန်ပြည်နယ်မြောက်ပိုင်းမှ ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရောဂါဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးနေသော ကျွမ်းကျင်သူများက ရာသီဥတုအေးလာခြင်းကြောင့် ဖြစ်ရသည်ဟု ထုတ်ဖော်ပြောကြားသည်။ ယင်းရောဂါကိုဖြစ်စေသော H1N1 ဗိုင်းရပ်စ်ကို ၂၀၀၉ ခုနှစ်က မက္ကဆီကိုနိုင်ငံ၌ ပထမဆုံးတွေ့ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းသို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ယင်းဗိုင်းရပ်စ်ကြောင့် အိန္ဒိယတွင် ၂၀၀၉ ခုနှစ်က ၉၈၁ ဦး၊ ၂၀၁၀ ပြည့်နှစ်တွင် ၁၇၆၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၇၅ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၄၀၅ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် ၆၉၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်း လူပေါင်းနှစ်သိန်း သေဆုံးခဲ့ပြီဖြစ်သည်။ တီလန်ဂါနာနှင့် ရာဂျက်စတန်၌ လူပေါင်း ၅၀ သေဆုံးခဲ့ပြီး ဂူဂျာရတ်၌ ၁၅ ဦး သေဆုံးကာ နယူးဒေလီ၌ ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ နယူးဒေလီအနီး ဟာယာနားတွင်လည်း ခုနစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ချူကလီးယားလျှို့ဝှက်ချက်များ ဗင်နီဇွဲလားသို့ ရောင်းချရန်ကြိုးစားမှုဖြင့် အမေရိကန်သိပ္ပံပညာရှင်ကို ထောင်ငါးနှစ်ချ

ဝါရှင်တန် ဇန်နဝါရီ ၂၉

အမေရိကန်နိုင်ငံ လောစ်အလာမို့စ်အမျိုးသားဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင်ဟောင်းတစ်ဦးကို နျူကလီးယားဗုံးပြုလုပ်နည်းလျှို့ဝှက်ချက်များ ဗင်နီဇွဲလားသို့ ရောင်းချရန် ကြိုးစားမှုဖြင့် ထောင်ငါးနှစ်ချမှတ်လိုက်သည်။

ပီဒရိုလီယိုနာဒိုမက်ချီရိုနီသည် ၂၀၁၃ ခုနှစ်က ဗင်နီဇွဲလားမှ တာဝန်ရှိသူဟုထင်မှတ်ခဲ့ကာ လျှို့ဝှက်ချက်များ လွှဲပြောင်းပေးလိုက်သူမှာ အက်ဖ်ဘီအိုင်မှ လျှို့ဝှက်အေးဂျင့်ဖြစ်နေသဖြင့် အပြစ်ရှိကြောင်း သတ်မှတ်ခံခဲ့ရသည်။ အသက် ၇၉ နှစ်အရွယ်ရှိ ပီဒရိုမက်ချီရိုနီသည် အာဂျင်တီးနားနိုင်ငံသားဖြစ်သည်။ ၎င်း၏ဇနီးကိုလည်း ထောင်တစ်နှစ်ချမှတ်လိုက်သည်။ မက်ချီရိုနီအား ၎င်းအမှုကို စွဲချက်မတင်မီ တစ်နှစ်ခန့်ကြာ စုံစမ်းစစ်ဆေးခဲ့ရသည်ဟု ဆိုသည်။

ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က ၎င်း၏နေအိမ်မှ ကွန်ပျူတာများ၊ စာများ၊ ဓာတ်ပုံများနှင့် စာအုပ်ကိုသိမ်းဆည်းခဲ့သည်။

တရားရုံးမှတ်တမ်းများအရ မစ္စတာမက်ချီယာရိုနီက အက်ဖ်ဘီအိုင်မှ လျှို့ဝှက်အေးဂျင့်ထံသို့ ၎င်းအနေဖြင့် ဗင်နီဇွဲလားနိုင်ငံကို ၁၀ နှစ်အတွင်း ဗုံးထုတ်လုပ်နိုင်အောင် ကူညီပေးနိုင်သည်ဟု ပြောခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသည် ယူရေနီယံသန့်စင်ထုတ်လုပ်ရန် လျှို့ဝှက်မြေအောက် နျူကလီးယားဓာတ်ပေါင်းဖို တည်ထားဖွယ်ရှိကြောင်းလည်း ၎င်းကပြောသည်။ ဗင်နီဇွဲလားနိုင်ငံသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန် စက်ရုံတစ်ရုံတည်ဆောက်ဖွယ်ရှိသည်ဟု ၎င်းက ဆိုသည်။ **(ဘီဘီစီ)**

အီရတ်စီးနင်းတိုက်ခိုက်မှု အိုင်အက်စ်အိုင်အယ်လ် ထိပ်တန်းတပ်မှူးကျဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့် အီရတ်နိုင်ငံ မြောက်ပိုင်း ဆလာဟွဒ်ဒင်ပြည်နယ်၌ အီရတ်တပ်ဖွဲ့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အိုင်အက်စ်အိုင်အယ်လ်တက်ဖရီအုပ်စု ထိပ်တန်းတပ်မှူးတစ်ဦးနှင့် ၎င်း၏ တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့သည်။

ဆလာဟွဒ်ဒင်ပြည်နယ်ရှိ အိုင်အက်စ်အိုင်အယ်လ် ဌာနချုပ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ အယ်လ်ရှာရတ်နှင့် အယ်လ်အလမ်းဒေသ၏ အိုင်အက်စ်အိုင်အယ်လ် တပ်မှူးဖြစ်သူ အဘူကာတာဒါ သေဆုံးခဲ့သည်ဟု ထောက်လှမ်းရေးတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က အီရတ်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို အီရတ်သတင်းဝက်ဘ်ဆိုက်က ကိုးကားဖော်ပြခဲ့သည်။ ၎င်းနှင့်အတူ တပ်ဖွဲ့ဝင် ၁၂ ဦး လည်းသေဆုံးခဲ့ကြောင်း ထပ်လောင်းဖော်ပြခဲ့သည်။

အပျော်ထမ်း တပ်ဖွဲ့ဝင်များမှ ကျောထောက်နောက်ခံပြုထားသည့် အီရတ်တပ်ဖွဲ့ဝင်များက ဒိုင်ယာလာပြည်နယ်ကို အိုင်အက်စ်အိုင်အယ်လ်တို့လက်မှ ပြန်လည်ရယူနိုင်ခဲ့ခြင်းသည် အကြမ်းဖက်တိုက်ဖျက်ရေး၏ အောင်မြင်မှုပင်ဖြစ်သည်။

ဒိုင်ယာလာပြည်နယ်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများသိမ်းပိုက်ထားသော လူဦးရေထူထပ်များပြားသည့် ဒေသများကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး အဗ္ဗဒူလာမီယာ အယ်လ်ဇိုင်ဒီက ပြောခဲ့သည်။

အလားတူပင် အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အိုင်အယ်လ်တို့ကိုတိုက်ထုတ်ရန် အထူးစစ်ဆင်ရေးတစ်ခုကို ရာမာဒီမြို့၌ ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

အီရတ်တပ်ဖွဲ့သည် အကြမ်းဖက်မှုဖြစ်ပွားနေသည့် ဒေသရှိ နေရာအတော်များများကို စစ်သွေးကြွများလက်မှ ပြန်လည်ရယူရန်အတွက် ကြီးမားသည့် စစ်ဆင်ရေးကို မကြာမီ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း လုံခြုံရေးသတင်းအရ သိရသည်။

အိုင်အက်စ်အိုင်အယ်လ်တို့သည် ကတည်းက အီရတ်၌ အကြမ်းဖက် မြို့ကို သိမ်းပိုက်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လအစောပိုင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး မိုလ်ဆူး **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ဝင်ဖြစ်ရေး ကွန်ဖရင့်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ (Open Government Partnership-OGP)သို့ မြန်မာနိုင်ငံမှ ဝင်ရောက်နိုင်ရေးအတွက် ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေး ကွန်ဖရင့်ကို နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr.Andrew နှင့် သံရုံးမှတာဝန်ရှိသူများ၊ OECD မှ Projector Manager Mr.Alessandro Bellantoni နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်စတင်တာဝန်ယူချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း အဆင့်လေးခုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ သိသာထင်ရှားသော ပြောင်းလဲမှုအဖြစ် စစ်အစိုးရအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင် တွေ့ကြုံခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်စေရေးအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်သိမှုရှိစေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ ပြည်သူများ လိုလားချက်များအပေါ် ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှုရှိစွာ ပြည်သူ့ဝန်ဆောင်မှုတို့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရသာမက ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပွင့်လင်းမိတ်ဖက်နိုင်ငံများတွင် အဖွဲ့ဝင်ဖြစ်စေရေးအတွက် စံသတ်မှတ်ချက်များဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များရရှိမှု၊ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် ပြည်သူများပါဝင်မှုစသည့် အချက်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဆောင်ရွက်ရာတွင် ယခုအစိုးရလက်ထက်၌ ဘဏ္ဍာရေးတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်ရရှိမှုတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းအချက်အလက်နှင့် ပြန်ကြားရေးကဏ္ဍ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါ ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဆန္ဒသဘောထားများကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသော်လည်း နည်းမှန်လမ်းမှန်ဖြင့် စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းကို ရှေးရှုရမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းမိတ်ဖက် နိုင်ငံများအဖွဲ့ဝင်ဖြစ်ရေးအတွက် ယခုကဲ့သို့ ပူးပေါင်းပါဝင်မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗြိတိန်သံအမတ်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၌ ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ရေးသည် အရေးကြီးပါကြောင်း၊ ထိုသို့အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍကို နားလည်သိရှိရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အနောက်နိုင်ငံများနှင့် အခြား OGP အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများကို ယခုကွန်ဖရင့်တွင် ဆွေးနွေးပြောကြားသွားမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ပြည်သူနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် OECD Project Managerက ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရအနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုကို ပိုမိုဖွင့်လှစ်ပေးရမည်ဖြစ်ပါကြောင်း၊ OGP အဖွဲ့ဝင်ဖြစ်စေရန်လည်း အစိုးရ၊ ပြည်သူနှင့် အရပ်ဘက် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွန်ဖရင့်တွင် United Kingdom မှ OGP အတွေ့အကြုံများ၊ မြန်မာနိုင်ငံမှ OGP အဖွဲ့ဝင်ဖြစ်ရေးအတွက် ဆောင်ရွက်မှုအတွေ့အကြုံများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ ပွင့်လင်းမြင်သာသော အစိုးရဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုတွင် အစိုးရအခန်းကဏ္ဍကိုလည်းကောင်း၊ အစိုးရညီညွတ်စုစည်းမှု မြှင့်တင်ရေးကဏ္ဍခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ (Open Government Partnership-OGP) သို့ မြန်မာနိုင်ငံမှ ဝင်ရောက်နိုင်ရေးအတွက် International Conference on Open Government: The Way to Membership ကို ပွင့်လင်းမိတ်ဖက်အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကွန်ဖရင့်ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် တွဲဖက်သဘာပတိအဖြစ် အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဌာန ညွှန်ကြားရေးမှူးချုပ် Mr.James Nugent တို့က ဆောင် ရွက်ကြသည်။

အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက အဖွင့်အမှာစကားပြောကြားပြီး သဘာဝသယံဇာတများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိကအချက်များကို ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Hoang Viet Khang ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေးကော်မတီဥက္ကဋ္ဌ Dr.Erik Solheim ကလည်းကောင်း၊ GIST Advisory မှ CEO Founder တည်ထောင်သူ Mr.Pavan Sukhdev ကလည်းကောင်း အသီးသီး အမှာစကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ အမှာစကားပြောကြားရာတွင် တွဲဖက်ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်း (co-financing partners) မှ ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များမှ ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ အသီးသီးအမှာစကားပြောကြားခဲ့ကြပြီး သဘာဝရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်မှ ထွက်ပေါ်ရရှိလာသည့်ရလဒ်များကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲနယ်မြေများဆိုင်ရာဖိုရမ်မှ ထွက်ပေါ်လာသည့်ရလဒ်များကို ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ လူငယ်အစည်းအဝေးမှ ထွက်ပေါ်ရရှိလာသည့်ရလဒ်များကို ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း အသီးသီးတင်ပြကြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာကို တင်ပြရာတွင် ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘာပတိဖြစ်သူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက အစည်းအဝေးဆိုင်ရာ အစီရင်ခံစာကိုလည်းကောင်း၊ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများက အကြံပြုသဘောထားမှတ်ချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဝန်ကြီးများ ပူးတွဲကြေညာချက်အား လည်းကောင်း အသီးသီးတင်ပြကြပြီး မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက သဘောထားမှတ်ချက်ပေးခြင်း၊ ဝန်ကြီးများ ပူးတွဲကြေညာချက်ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို Retreat Room ၌ကျင်းပရာ အဆိုပါအစည်းအဝေးသို့မဟာ မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးနှစ်ဦး၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးနှစ်ဦး မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူနှင့်အဆင့်မြင့် အရာရှိကြီးနှစ်ဦး

စုစုပေါင်းကိုယ်စားလှယ် ၂၅ ဦး တက်ရောက်ကြသည်။ ထို့အပြင် Listening Room ၌ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာနမှ ကိုယ်စားလှယ်သုံးဦးစီ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြသည်။

အစည်းအဝေး၌ မဟာမဲခေါင်ဒေသနိုင်ငံများမှ ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှုစီမံချက် (Regional Investment Framework Implementation Plan 2014-2018) ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာန ညွှန်ကြားရေးမှူးချုပ် Mr. James Nugent တို့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည့် စတုတ္ထအကြိမ် မဟာမဲခေါင် ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်၊ ဇီဝမျိုးစုံမျိုးကွဲနယ်မြေဆိုင်ရာ ဖိုရမ်၊ ပတ်ဝန်းကျင်လူငယ်ဆိုင်ရာ အစည်းအဝေးဆွေးနွေးချက်များနှင့်ထွက်ပေါ်ရရှိသည့် ရလဒ်များကိုလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်ကကျင်းပခဲ့သည့် သဘာဝရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲမှ ဆွေးနွေးချက်များနှင့် ထွက်ပေါ်ရရှိသည့် ရလဒ်များကိုလည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးမှ ဆွေးနွေးချက်များနှင့် ထွက်ပေါ်ရရှိလာသည့်ရလဒ်များကို ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့များအား ရှင်းလင်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ပါတီကော်မတီဝင် ဦးကျော်ဌေးလှိုင်ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၃၀ နှင့် Shwe Trip Planner & Ticketing Consultancy Co., Ltd မှ Tour Leader ဦးကောင်းထက်ငြိမ်းချမ်းဦး ခေါင်းဆောင်သည့် Yangon Academy International School မှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၁၄၃ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပဌမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမမြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

ဘာသာပြန်ဆောင်းပါး

ခရီးသွားလုပ်ငန်း အောင်လံတံခွန်ထူမည့်နှစ်အဖြစ် ၂၀၁၅ ခုနှစ်ကိုမျှော်လင့်

သုတ

စီးပွားရေးရှုထောင့်အမြင်ဖြင့်ကြည့်ပါက မြန်မာနိုင်ငံ၏အနာဂတ်မှာ ပိုမိုအလားအလာကောင်းမွန်ပုံပေါ်နေသည်။ ၂၀၁၀ ပြည့်နှစ်ကစတင်ခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း စတင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် ပြင်ဆင်လာကြသည်။ လေကြောင်းခရီးစဉ်များ များပြားလာမှု၊ ခရီးသွားလာမှုတွင် တင်းကျပ်မှုများဖြေလျှော့လာမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပတ်သက်၍ အစိုးရ၏ပို၍ပွင့်လင်းလာသောသဘောထားကြောင့် မကြာသေးမီအချိန်တွင်း ခရီးသွားလုပ်ငန်း ရုတ်တရက် ကောင်းမွန်လာသည်။ ဂူဘုရားများရှိရာ ပုဂံကဲ့သို့သော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားနှင့် မြိတ်ကျွန်းစုများမှာ ကမ္ဘာလှည့်ခရီးသွားများ၏ အရှေ့တောင်အာရှသို့ သွားရောက်မည့်ခရီးစဉ်များတွင် ဦးစားပေးနေရာများဖြစ်လာသည်။ မြန်မာအစိုးရက ၂၀၁၅ ခုနှစ်ကို ကမ္ဘာလှည့်ခရီးသွား အများဆုံးဝင်ရောက်သည့် အောင်လံတံခွန်ထူမည့် နှစ်တစ်နှစ်အဖြစ် မျှော်လင့်ထားသည်။

ဆင်ဟွာသတင်းများ၏အဆိုအရ မြန်မာနိုင်ငံနှင့် ယင်း၏ရှေးဟောင်းကမ္ဘာလှည့်ခရီးသွားနယ်မြေများသို့ ကမ္ဘာလှည့်ခရီးသွား ငါးသန်းဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်းဆိုသည်။ ထိုပမာဏမှာ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အသွင်ကူးပြောင်းလာသည့် တိုင်းပြည်တစ်ခုအတွက် ကမ္ဘာလှည့်ခရီးသွားဦးရေ ၃ ဒသမ ၅ သန်းဖြင့် စံချိန်တင်ခဲ့သည့် ၂၀၁၄ ခုနှစ်ထက် သိသာထင်ရှားသောတိုးမြှင့်လာမှုတစ်ရပ်ဟု မှတ်ယူရမည်ဖြစ်သည်။ ခန့်မှန်းမှုသာ မှန်ကန်ပါက ယခုနှစ် ခရီးသွားလုပ်ငန်းတိုးတက်မှုမှာ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြား (၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၂ ဒသမ ၅ သန်းလည်ပတ်ခဲ့သည်) ထက် ပိုမိုမြင့်တက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေပန်းစားမှု အလျင်အမြန်မြင့်တက်လာမှုက ပြီးခဲ့သည့်နှစ်တွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ထက်မနည်း ရရှိခဲ့သည်ဟု ဆင်ဟွာက ပြောသည်။

မြန်မာအစိုးရက တဖွဲဖွဲရောက်ရှိလာသည့် ခရီးသွားများကို တာဝန်ယူရန်ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် စိတ်ဝင်စားသည့် ခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ငွေချေးမည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တစ်ခု ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ဗန်ကောက်အခြေစိုက် TTR Weekly က ဆိုသည်။

မြန်မာနိုင်ငံသည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ လက်ခံကျင်းပခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို ပို၍ တွန်းအားပေးလိုက်သည်။ အမေရိကန်သတင်းစာတစ်စောင်ဖြစ်သည့် The Columbus Dispatch က မြန်မာနိုင်ငံသည် ကျူးဘားကဲ့သို့သော အခြား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ ယခုနှစ်တွင် "လူကြိုက်များသော" ကမ္ဘာလှည့်ခရီးသွားများနှစ်သက်သည့် နယ်မြေတစ်ခုဖြစ်လိမ့်မည်ဟု ခန့်မှန်းထားသည်။ အာရှတိုက်ရှိ ဆိပ်ကမ်းစုံဆိုက် ပင်လယ်အပျော်ခရီးများသည် ယခုနှစ်တွင် ခရီးသွားများ အဓိကဦးတည်သည့်နေရာများဖြစ်လာခဲ့ပြီး အထူးသဖြင့် တရုတ်ကဲ့သို့သော တိုင်းပြည်များက ယင်းတို့၏ ဆိပ်ကမ်းစုံဆိုက် ပင်လယ်အပျော်ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လာသည်။

ကမ္ဘောဒီးယားနိုင်ငံသည်လည်း ခရီးသွားလုပ်ငန်းတိုးတက်လာနေသည့် နိုင်ငံဖြစ်သည်။ မကြာသေးမီက ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာတာဝန်ရှိသူများသည် နှစ်နိုင်ငံကြား ခရီးသွားလာမှုကိုမြှင့်တင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ရှိပြီးသားခရီးသွားကုမ္ပဏီများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်လိုက်သည်။ ကြွယ်ဝချမ်းသာသူ သို့မဟုတ် တရုတ်လူလတ်တန်းစားအရေအတွက် မြင့်မားလာမှုကြောင့် တရုတ်ခရီးသွားများသည် အရှေ့တောင်အာရှ အထူးသဖြင့် ထိုင်းနိုင်ငံသို့ ပိုမို သွားရောက်ကြောင်း ဆိုသည်။

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် အထူးသဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အရည်အသွေးမီ ဟိုတယ်နှင့် အပန်းဖြေနေရာများ များပြားလာပါက တရုတ်ခရီးသွားများအတွက် ပိုမိုဆွဲဆောင်နိုင်သော ခရီးသွားနယ်မြေများ ဖြစ်လာနိုင်

သို့သော် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် အထူးသဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အရည်အသွေးမီ ဟိုတယ်နှင့် အပန်းဖြေနေရာများ များပြားလာပါက တရုတ်ခရီးသွားများအတွက် ပိုမိုဆွဲဆောင်နိုင်သော ခရီးသွားနယ်မြေများ ဖြစ်လာနိုင်သည်။ ကမ္ဘောဒီးယားနိုင်ငံကလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း (UNWTO) နှင့် ယူနက်စကိုက စီစဉ်ကျင်းပသည့် ခရီးသွားလုပ်ငန်းကွန်ဖရင့်တစ်ခုဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကွန်ဖရင့်ကို ယခုနှစ်တွင် လက်ခံကျင်းပမည်ဖြစ်သည်။ ထိုအချက်က အာဆီယံခရီးသွားလုပ်ငန်းအတွက် ကမ္ဘောဒီးယားနိုင်ငံ၏ အလားအလာရှိသောအရေးပါမှုကို ညွှန်ပြနိုင်ခဲ့ပြီး ခရီးသွားများအားဆွဲဆောင်ရန်နှင့် ပိုမိုဝင်ရောက်လာသည့်ခရီးသည်များအတွက် အဆင်သင့်ဖြစ်နေကြောင်း သက်သေပြရန် အစိုးရအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

မြန်မာနှင့် ကမ္ဘောဒီးယားတို့၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီးသွားများအတွက် ထင်ရှားသောခရီးသွားနယ်မြေတစ်ခုအဖြစ် ကာလရှည်ကြာခဲ့သည်။ သို့သော် နိုင်ငံရေးမငြိမ်မသက်မှု၊ စစ်အုပ်ချုပ်ရေးထုတ်ပြန်ကြေညာမှုနှင့် ပြီးခဲ့သည့်နှစ် မေလတွင် စစ်ဘက်အာဏာသိမ်းမှုတို့ကြောင့် ထိုင်းနိုင်ငံ၏ ၂၀၁၄ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းအပေါ် ကြီးမားစွာ ရိုက်ခတ်မှုရှိခဲ့သည်။ စစ်ဘက်ခေါင်းဆောင်များထံမှ ဘေးအန္တရာယ်ကင်းကြောင်း အာမခံချက်များရှိသော်လည်း မတည်ငြိမ်သောနွေဦးရာသီကုန်ဆုံးပြီးနောက် ခရီးသွားလုပ်ငန်း တစ်ဖန်ပြန်လည်မြင့်တက်လာစေရန် ရုန်းကန်ခဲ့ရသည်။ The Nation သတင်းစာ၏အဆိုအရ ၂၀၁၄ ခုနှစ်က ထိုင်းနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသွားများအရေအတွက်မှာ ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

Asiancorrespondent.com တွင် ဖော်ပြထားသည့် Casey Hynes \ Burma's tourism star on the rise as Thailand tries to bounce back ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။

ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံတော်နှင့် တိုင်းပြည်ဂုဏ်သိက္ခာအတွက် ဥပဒေနှင့်အညီဆောင်ရွက်

လားရှိုး ဇန်နဝါရီ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများက တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက "အထွေထွေရွေးကောက်ပွဲကို ယခုနှစ်အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် သတ်မှတ်ကြေညာထားကြောင်း၊ အခြေခံမဲဆန္ဒစာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့် လေးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် On-line မှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် မဲဆန္ဒရှင်ပညာပေးခြင်း (Voter Education) ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပေးကြေညာချက်များ၊ ဗီဒီယို ဇာတ်လမ်းများကို ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကာတွန်းရုပ်ပုံများ၊ ဖြန့်ဝေခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် မဲရုံဝန်ထမ်းများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို သိရှိပြီး ဥပဒေနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်နှင့် တိုင်းပြည် ဂုဏ်သိက္ခာအတွက် ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း"ဖြင့်ပြောကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝမ်းကွယ်ကျင်းက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကိုးကန့်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအန်တိုနီစူက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅-၂၀၁၆ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြ

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့ အစည်းအဝေးတွင် **"၂၀၁၅-၂၀၁၆ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း"** တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ် ၄၀၇ ဒသမ ၅ ဘီလီယံ၊ ငွေလုံးငွေရင်း ၃၄၉ ဒသမ ၉ ဘီလီယံ စုစုပေါင်း ၇၅၇ ဒသမ ၄ ဘီလီယံ တင်ပြထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းရန်ပုံငွေ၏ သုံးပုံနှစ်ပုံကို ပြည်သူများအား ဆေးဝါးကုသရေးအတွက် လျာထားပါကြောင်း၊ ဆေးရုံဆေးခန်းကို တိုက်ရိုက်တာဝန်ခံသည့် ကုသရေး ဦးစီးဌာန၏ အသုံးစရိတ်ကိုကြည့်မည်ဆိုလျှင် လစာစရိတ်စသည့် Operating Cost သည် ၂၀ ရာခိုင်နှုန်း၊ ဆေးဝါးများ ထောက်ပံ့ရန်အတွက် ၂၈ရာခိုင်နှုန်း၊ ကုသမှုအတွက် စက်ပစ္စည်းများဝယ်ယူရန် ၂၀ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံသည့် အဆောက်အအုံများ တိုးချဲ့ရန် ၃၃ ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာနအတွက် ရန်ပုံငွေများ တင်ပြတောင်းခံရာတွင် အထူးအစီအစဉ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ဆေးကုသမှုပေးနိုင်ရန် ငွေစာရင်းခေါင်းစဉ် ၀၃၁၆ ဆေးကုသစရိတ်သည် ကျပ် ၃၇ ဘီလီယံလျာထားပါကြောင်း၊ ဝန်ထမ်းအင်အား ကိုးသိန်းကျော်ကို ပျမ်းမျှလေးသောင်းနှုန်းဖြင့် တွက်ချက်တင်ပြထားပါကြောင်း၊ ဆေးကုသပေးရာတွင် ပြည်သူများကို အခမဲ့ဆောင်ရွက်ပေးသည့် Basic Package အပြင် ထပ်ဆောင်းအစီအစဉ် Benefit Package များထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မြင့်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် သာမန်ရငွေကျပ် ၀ ဒသမ ၀၅၀ သန်း၊ သာမန်အသုံးစရိတ်ကျပ် ၇၇၄ ဒသမ ၉၇၀သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၄ ဒသမ ၄၀၀သန်း ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က လုပ်ငန်းစဉ်ခြောက်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာနှစ် ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းသည် ကျပ် ၄၄ ဒသမ ၀၄၉ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးအသုံးစရိတ်ကျပ် ၃၃ ဒသမ ၇၁၃ ဘီလီယံ၊ စက်နှင့်စက်ပစ္စည်း အသုံးစရိတ်ကျပ် ၈ ဒသမ ၂၀၉ ဘီလီယံ၊ အခြားအသုံးစရိတ် ကျပ် ၂ ဒသမ ၁၂၆ ဘီလီယံဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထဲရေးဝန်ကြီးဌာန၏ ရငွေများအပိုင်းတွင် သာမန်ရငွေ၌ အခွန်လေးမျိုးကောက်ခံရရှိမှုမှ ရငွေကျပ် ၉၂၃ ဒသမ ၈၄၂သန်းနှင့် သာမန်ရငွေကျပ် ၁၆ ဒသမ ၀၃၂ ဘီလီယံ၊ စုစုပေါင်းရငွေကျပ် ၁၆ ဒသမ ၉၅၅ ဘီလီယံ လျာထားခြင်းဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းရငွေအနေဖြင့် လျာထားချက်မရှိပါကြောင်း။

သုံးငွေများအပိုင်းတွင် သာမန်အသုံးစရိတ်လျာထားငွေကျပ် ၂၄၁ ဒသမ ၉၆၈ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်လျာထားငွေကျပ် ၄၄ ဒသမ ၀၄၉ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်တွင် မီးသတ်ဦးစီးဌာနအတွက် ကျပ် ၃၂ ဒသမ ၈၀၃ သန်းတို့ကို လျာထားခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း စာရင်းချုပ် အနေဖြင့် ဝန်ကြီးရုံး၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် စသည့် ဌာနကြီးလေးခုအတွက် သာမန်အသုံးစရိတ်လျာထားချက် ကျပ် ၁၂၈၁၀ ဒသမ ၆၁၁ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက် ကျပ် ၁၅၆၅ ဒသမ ၄၉၆ သန်း ဖြစ်ပါကြောင်း၊ ကြွေးမြီအသုံးစရိတ် မရှိပါကြောင်း၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက် စုစုပေါင်းကျပ် ၁၄၃၇၆ ဒသမ ၁၀၇ သန်း ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဘဏ္ဍာရေးကော်မရှင်၏စိစစ်ချက်ဖြင့် ဝန်ကြီးဌာနအတွက် အမှန်တကယ်သုံးစွဲမည့် လျာထားချက်ကိုသာ တင်ပြခြင်းဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

နစ်နာသူလက်ငုတ်လယ်သမားများကို စီမံကိန်းဆောင်ရွက်ထားရှိသည့် အခြေအနေပေါ်မူတည်ပြီး အကျိုးခံစားခွင့်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **"မြို့နယ်များတွင် ဖွဲ့စည်းပုံအရလိုအပ်နေသော ဥပဒေဝန်ထမ်းများအား တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်မှန်ကန်စွာ ထိန်းကျောင်းနိုင်ရန်အတွက် အပြည့်အဝခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေအရာရှိအဆင့်-၄ များကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များတွင် ဥပဒေအရာရှိအဆင့်၄ ဦးရေ ၁၀၀ စီခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် ဥပဒေအရာရှိအဆင့်-၄ ဦးရေ ၁၅၀ စီခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်ငါးနှစ်အတွင်း ဥပဒေအရာရှိအဆင့်-၄ ဦးရေ ၆၀၀ ခန့်ထားပြီးဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ထိုသို့ ဥပဒေအရာရှိများ ဖြည့်တင်းခန့်ထားခဲ့သော်လည်း ဒု-မြို့နယ်ဥပဒေအရာရှိ ဖွဲ့စည်းပုံခွင့်ပြုအင်အားတွင် ၂၂၉ဦး လျော့နည်းနေဆဲဖြစ်ပါကြောင်း၊ ရေးမြို့နယ်ဥပဒေရုံးတွင် မြို့နယ်ဥပဒေအရာရှိ တစ်ဦးတည်းသာ ခန့်ထားနိုင်ခဲ့ပါကြောင်း၊ ရေးမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်အထိ လက်ကျန်အမှု ၂၇မှုရှိသဖြင့် မြို့နယ်ဥပဒေအရာရှိတစ်ဦးအနေဖြင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခန့်ထားခဲ့သည့် ဥပဒေအရာရှိ အဆင့်-၄ ဦးရေ ၁၅၀သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်မှ သင်တန်းဆင်းလာသဖြင့် ဥပဒေအရာရှိအဆင့်-၄များကို လစ်လပ်လျက်ရှိသည့် နေရာများတွင် ဖြည့်တင်းခန့်ထားခဲ့ရာ ရေးမြို့နယ်ဥပဒေရုံးတွင်လည်း ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ဒုတိယမြို့နယ်ဥပဒေအရာရှိ တစ်ဦးခန့်ထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခန့်ထားသည့် ဥပဒေအရာရှိ အဆင့်-၄ ဦးရေ ၁၅၀ သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင်

စာမျက်နှာ ၈ ကော်လံ ၁သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေပြဋ္ဌာန်းရန် မသင့်လျော်သေးကြောင်း အကြံပြုဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းသုံးခုမေးမြန်းဖြေကြားခြင်းနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦးအောင်ချိုဦး၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံကြီးများတွင်ဆေးရုံတက်လူနာများ အသုံးပြုနေသည့် အောက်ဆီဂျင်အိုးများ လုံလောက်စွာဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ် ခွင့်ပြုချက်ရရှိပြီးပါက ပြည်သူ့ဆေးရုံကြီးများတွင် Oxygen plant ထားရှိမည့် အဆောက်အအုံများ အမြန်ဆုံးဆောက်လုပ်၍ Oxygen plant စက်များ တပ်ဆင်အသုံးပြုသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) မှ ဦးခင်မောင်လတ်က လူဦးရေတိုးပွားနှုန်းသည် လူဦးရေပေါ်လစီနှင့် ကိုက်ညီရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် ပေါ်လစီများ ချမှတ်ရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လူဦးရေပေါက်ကွဲသည့် နိုင်ငံကြီးများအကြား တည်ရှိနေသည့်အတွက် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းအစား လူဦးရေတိုးပွားနှုန်းထိန်းချုပ်ခြင်းအဆင့်ထိ ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုးက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း ပုဒ်မ-၂၊ ပုဒ်မ-၃၊ ပုဒ်မ ၆၊ ပုဒ်မ-၁၂ (င)တို့အား ပြင်ဆင်ဖြည့်စွက်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဇုန်လှုယ်ထန်းက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေအား လောလောဆယ် ပြဋ္ဌာန်းရန် မသင့်တော်သေးကြောင်း အကြံပြုဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြင့်နိုင်က လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေအား လုံလောက်သောအချိန်ရယူပြီး အဘက်ဘက်မှ သေချာစွာလေ့လာ သုံးသပ်ပြီးမှသာ ပြဋ္ဌာန်းသင့်/ မပြဋ္ဌာန်းသင့်ကို ဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင့်စိုးက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေအရဆောင်ရွက်မည့် ကျန်းမာရေး စောင့်ရှောက်ပေးသူများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များအား တားဆီး

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတများကို ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၊ ထိန်းသိမ်းကာကွယ်မှုများဖြင့် ဒေသခံအဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ရန်လိုအပ်

✻ ရှေ့ဖုံးမှ

အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း (Rio+20) ရီယိုညီလာခံအပြီးနှစ် ၂၀ အလွန်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အဆိုပါ အစည်းအဝေးတွင် အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစိုးရ မဟုတ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဦးဆောင်သူများမှ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် အဖြေရှာဖွေထုတ်ဖော်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖိုးတန်သဘာဝအရင်းအမြစ်များ၊ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် နေပြည်တော်အရှေ့ဘက်ခြမ်းဆီမှ မြင်တွေ့ရသည့် သာယာလှပသည့်တောတောင်တန်းများ မပြောင်းလဲဘဲ ရေရှည်ဆက်လက်တည်ရှိနေသည် ဖြစ်ပါကြောင်း။

ထို့ပြင် မဲခေါင်မြစ်စီးဆင်းရာဒေသများအတွင်း မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါ သဘာဝအဖိုးတန်အရင်းအမြစ်များသည် ဂေဟစနစ်ဝန်ဆောင်မှုများဖြစ်သည့် အစားအစာ၊ ရေ၊ လူနေမှု ဘဝများ၊ ဆေးဖက်ဝင်အပင်များ၊ ဇီဝလောင်စာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှုများနဲ့ ရာသီဥတုပုံမှန်လည်ပတ်စေမှုအတွက် ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များသည် အကြောင်းအရင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးလျက်ရှိပြီး အဆိုပါ စိန်ခေါ်မှုများသည် အကြီးစားဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်ခြင်း၊ သစ်တော သယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ လူဦးရေအဆမတန် တိုးပွားလာခြင်း၊ သင့်တော်မှုမရှိသော ထုတ်လုပ် သုံးစွဲမှုပုံစံများ အသုံးပြုခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးနှင့် ပညာရေးဆိုင်ရာ စွမ်းဆောင်ရည် နည်းပါးမှုတို့ကြောင့်ပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ပုဂံမြို့သည် ၉ ရာစုနှင့် ၁၃ ရာစုအတွင်းက တည်ထောင်ခဲ့သည့် ရှေးကျသည့် ဘုရင့်နိုင်ငံတော်ဖြစ်ပါကြောင်း၊ ပုဂံမြို့သည် နေပြည်တော်၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး စေတီပုထိုးထောင်ပေါင်းများစွာ တည်ရှိပါကြောင်း၊ ဧရာဝတီမြစ်၏ အရှေ့ဘက်မြစ်ကမ်းနားမှာတည်ရှိပြီး ၁၆ စတုရန်းမိုင် ကျယ်ဝန်းပါကြောင်း၊ ပုဂံမြို့၏ အနောက်ဘက်၌ ရခိုင်ရိုးမတောင်တန်းများ ကာခြားထားမှုကြောင့် မုတ်သုံမိုးရရှိမှုနည်းပါးပြီး ခြောက်သွေ့ရခြင်းဖြစ်ကြောင်းကို အခြေခံပညာကျောင်းများရှိ ပထဝီဝင်ဘာသာရပ်မှာ ထည့်သွင်းသင်ကြားခဲ့ပါကြောင်း၊ ယခင်က ပုဂံမြို့နှင့် ၎င်းအနီးပတ်ဝန်းကျင်မှာ စိုစွတ်သော ရာသီဥတုနှင့် မြေဩဇာကောင်းမွန်သော မြေဆီလွှာများရှိကြောင်း၊ သမိုင်းသုတေသီများမှ လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ သို့ရာတွင် အလွန်အကျွံအုတ်ဖုတ်ခြင်းများကြောင့် ထင်းလောင်စာများစွာလိုအပ်၍ ပုဂံဒေသအနီးရှိ သစ်တောများ ပြုန်းတီးခဲ့ရပါကြောင်း။

အကျိုးဆက်အနေဖြင့် မိုးရေရရှိမှုလျော့နည်းလာ၍ ခြောက်သွေ့ပူပြင်းလာပြီး ယနေ့အခါမှာ ပုဂံဒေသရှိသစ်တောများနှင့် ကျားများ ပျောက်ကွယ်ခဲ့ရပါကြောင်း၊ ထို့ပြင် မိမိတို့မွေးဖွားခဲ့သည့် ရှမ်းပြည်နယ်တွင် သစ်တောများလျော့နည်းလာခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်ရှိ ဒေသများတွင် ကျားများပျောက်ကွယ်လာမှုသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များပျောက်ကွယ်လာခြင်းကို ညွှန်ပြနေပါကြောင်း။

ယနေ့ခေတ်တွင် သဘာဝသယံဇာတအရင်းအမြစ်များ/သဘာဝသယံဇာတများပျက်စီး ပျောက်ကွယ်နေသည့်နေရာများ များစွာရှိနေပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာများတွင် ပျက်စီးမှုများပိုမိုဖြစ်ပေါ်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အနေအထားအရ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများကို ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၊ ထိန်းသိမ်းကာကွယ်မှုများဖြင့် ဒေသခံအဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်း (REDD+) အပါအဝင် ဂေဟစနစ်၏ ထောက်ပံ့ပေးခြင်းများကို စဉ်ဆက်မပြတ်ထောက်ပံ့ရန်၊ ကာဗွန်ဈေးကွက်များ ထိန်းသိမ်းရန်နှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အဆိုပါ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ လူသားအရင်းအမြစ်ဆိုင်ရာ အရင်းအမြစ်ကို ရရှိစေခြင်းစသည့် အချက်များပါဝင်သည့် မဟာမဲခေါင် ဒေသခွဲနိုင်ငံများ၏ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင်အကောင်အထည်ဖော်မှု အစီအစဉ် (၂၀၁၄-၂၀၁၈) Regional Investment Framework- RIF Implementation Plan 2014-2018) ကို အလေးထားညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင် အကောင်အထည်ဖော်မှုအစီအစဉ်များတွင် ကောင်းမွန်သော ဆက်သွယ်မှု၊ ယှဉ်ပြိုင်မှုများနှင့် ကျန်းမာရေး၊ ပညာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် သင့်လျော်သော နည်းလမ်းများ ပါဝင်ပါကြောင်း၊ သဘာဝအရင်းအမြစ်ရင်းနှီးမြှုပ်နှံမှု အကျိုးရှိစေရေးအတွက် ပြည်သူလူထုအား အသိပညာပေးရန်နှင့် မူဝါဒဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးရန် အပြင် ပုဂ္ဂလိကဆိုင်ရာ ပြည်သူလူထုပူးပေါင်းပါဝင်မှု အစီအစဉ်များနှင့် အဖွဲ့အစည်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ အရည်အသွေးများ ပိုမိုကြံ့ခိုင်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား ကြိုးပမ်းအားထုတ်မှုများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ပေးမှုများကြောင့် အခြေခံအချက်များ ချိတ်ဆက်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်မှုများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများ၏ ဝေးလံခေါင်ဖျားသော အရပ်ဒေသများ၌ ဆက်သွယ်မှုကောင်းမွန်စေရန် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် ကျန်ရှိနေဆဲဖြစ်ပါကြောင်း။

ထို့ပြင် ရာသီဥတုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာ၊ စွမ်းအင်နှင့် ရေလုံလောက်စွာရရှိနိုင်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုစသည့် ကိစ္စရပ်များ၌ စွမ်းဆောင်ရည်မြှင့်မားရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို အတူတကွပူးပေါင်းလုပ်ဆောင် သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာနမှ ညွှန်ကြားရေးမှူးချုပ် James Nugent က အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ဒေသထိပ်သီးအစည်းအဝေး၌ ဒေသတွင်းနိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ ထို့ပြင် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ၂၀၁၄-၂၀၁၈ ကာလသတ်မှတ်ချက်ထား၍ အမြင့်ဆုံးလုပ်ဆောင်သွားကြရန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများရှိ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖွံ့ဖြိုးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် ဒေသတွင်း တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများကိုလည်း အတူတကွ ဖြေရှင်းသွားကြဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့ကျင်းပသော အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ဆက်လက်အရှိန်မြှင့် လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကော်မတီ ဥက္ကဋ္ဌဦးလွန်းသီ၊ အမျိုးသားလွှတ်တော်သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌဦးလှဆွေ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးမိတ်ဖက်နိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

သင်တန်းတက်ရောက်လျက်ရှိသောကြောင့် သင်တန်းပြီးဆုံးချိန်တွင် လစ်လပ်လျက်ရှိသည့် ဥပဒေအရာရှိအဆင့်-၄ ရာထူးများကို ဖြည့်စွက်ခန့်ထားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **"၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရ လယ်ယာမြေများကို လယ်သမားများလက်သို့ ပြန်လည်လွှဲအပ်ရန်နှင့် လ/န (၃၉)ခွင့်ပြုမိန့် မကျသေးသော နစ်နာသူလယ်သမားများအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအာဏာတည်ဆဲ အချိန်ကာလက လယ်ယာမြေကို မြို့သစ်စီမံကိန်းမြေအဖြစ် ပြောင်းလဲသတ်မှတ်ရန် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုလမ်းညွှန်ချက်အရ ဆောင်ရွက်ခဲ့ခြင်းသည် အခွင့်အမိန့်အရ ဆောင်ရွက်ခြင်းသာ ဖြစ်ပါကြောင်း၊ ထိုအချိန်ကာလက မူလလက်ငုတ်လယ်သမားများသည် လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ကိုသာ ရရှိခဲ့ကြခြင်းဖြစ်ပြီး လယ်ယာမြေပိုင်ဆိုင်ခွင့်မရှိခြင်း၊ ရန်ကုန်မြို့၏ တိုးပွားလာသည့် လူဦးရေ၊ ပြောင်းလဲလာမည့် လူနေမှုစနစ်တို့အပေါ် ရည်ရွယ်လျက် အနာဂတ်မြို့ပြ Plan အား ရေးဆွဲထားခြင်းဖြစ်ပါသဖြင့် ပြန်လည်လွှဲအပ်ရန် အစီအစဉ်မရှိပါကြောင်း။

လ/န (၃၉) ခွင့်ပြုမိန့် မကျသေးသောမြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက နစ်နာသူ လက်ငုတ်လယ်သမားများကို စီမံကိန်း ဆောင်ရွက်ထားရှိသည့် အခြေအနေပေါ်မူတည်ပြီး ထိုက်သင့်မျှတသော အကျိုးခံစားခွင့်တစ်ရပ် ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်က **"ယနေ့လက်ရှိအခြေအနေတွင် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့တခြား ပိုမိုဆိုးရွားလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီးနိုင်ရေးအတွက် တာဝန်ရှိပြည်ထောင်စု မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပံ့ပိုးပေးနိုင်မည့် ဒေသန္တရရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံတော်မှဦးဆောင်ဖွဲ့စည်းပေး၍ တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေဟွာ ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၀ အရ "မည်သူမဆို အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် မိမိ၏ရှေ့မှောက်၌ ပြစ်မှုကျူးလွန်နေသည်ကို တွေ့ရှိသည့်အခါ ရာဇဝတ်အမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပြုနိုင်သည်။ ထိုသို့ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ စနစ်တကျလွှဲအပ်ရမည်။ ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်"ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင်များကို ပေါင်းစပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ပြီးဖြစ်ခြင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သောကြောင့် ဒေသန္တရရပ်ကွက်၊ ကျေးရွာမူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် မလိုအပ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကိုအသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဝက်လက် မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **"နိုင်ငံနှင့်အဝန်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေသော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သည့်အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ်စီမံကိန်းတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းအဖွဲ့များမှ အသေးစိတ်စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တားဆီးနှိမ်နင်းရေးစီမံချက်များဖြင့် ဒေသအလိုက် အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခြင်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရှေ့လုပ်ငန်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ယင်းအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကိုအသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပြင်ဆင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ရဲချုပ်ဇော်ဝင်း ဦးဆောင်သော မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ အခြေပြုကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံး (UNODC) မှ တာဝန်ခံ ကိုယ်စားလှယ်များနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ်ဇော်ဝင်းနှင့်ရန်ကုန်မြို့အခြေပြု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC) မှ Acting Country Manager ,Mr . Jochen Wiese တို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ နိုင်ငံတကာဆက်ဆံရေးဌာန ဌာနမှူး ရဲမှူးကြီး မြင့်အောင်က မူးယစ်ဥပဒေပြင်ဆင်ရေး ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ရန်ကုန်လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

❐ ***ကျောဖုံးမှ***

ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိသော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အိမ်နီးချင်းနိုင်ငံအနေဖြင့်သာမက ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးသည် နှစ်ဖက်နယ်စပ်ဒေသ ပြည်သူများ၏ လူနေမှုဘဝကို တိုးတက်စေမည်ဖြစ်သည့်အတွက် နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဒေသအာဏာပိုင်များအကြား ညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်နယ်မြေသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှ ဆက်သွယ်ပေးမည့် မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်တံခါးပေါက်အဖြစ် တည်ရှိသည့်အတွက် မဟာဗျူဟာကျသည့်နေရာတွင် ရှိပါကြောင်း။

မဟာမဲခေါင်ဒေသတောင်ဘက် စီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဗန်ဒေါင်းမှအစပြု၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်၊ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မှတစ်ဆင့် မြန်မာနိုင်ငံ ထားဝယ်ဒေသအထိ ရောက်ရှိမည့် စီးပွားရေးစင်္ကြံဖြစ်သည့်အတွက် မိမိတို့နိုင်ငံအားလုံး ကူးလူး ဆက်သွယ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အားထားနိုင်မည့်လမ်းကြောင်း ဖြစ်ပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း အောင်မြင်စေရန် ပူးတွဲအဆင့်မြင့်ကော်မတီကို ပူးတွဲဥက္ကဋ္ဌအဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အောင်မြင်ရန်အတွက် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းကို ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့သော်လည်း စီမံကိန်းဆိုင်ရာ ဘဏ္ဍာငွေ မလုံလောက်မှုကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ရပါကြောင်း၊ စီမံကိန်းကြီးအတွက် ဘဏ္ဍာငွေအကူအညီပေးမှုဆိုင်ရာ အကောင်းဆုံးနည်းလမ်းများကို ထိုင်းနိုင်ငံအစိုးရအနေဖြင့် အဆိုပြုပေးစေလိုပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပါဝင်ရင်းနှီးမြှုပ်နှံရေးနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်တွေ့ဆုံခဲ့ရာတွင် ဝန်ကြီးချုပ်အနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံ ပါဝင်ရင်းနှီးမြှုပ်နှံရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရှိရသည့်အတွက် ကြိုဆိုပါကြောင်း၊ ကမ္ဘောဒီးယားနယ်စပ်မှ မြန်မာနယ်စပ်အထိ ဂျပန်-ထိုင်းပူးတွဲဖောက်လုပ်မည့်ရထားလမ်း ကွန်ရက်စီမံကိန်း၏ အဆက်အဖြစ် ထားဝယ်အထိဖောက်လုပ်နိုင်မည့် ဖြစ်နိုင်ခြေနှင့်အလားအလာများကိုလည်း ဂျပန်နိုင်ငံနှင့် ဆွေးနွေးသွားစေလိုပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး နယ်စပ်တစ်လျှောက် မကြာခင်က မူးယစ်ဆေးဝါးတရားခံများ ဖမ်းဆီးရရှိမှုသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်ဖက်တာဝန်ရှိသူများအကြား မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများ တားဆီးတိုက်ဖျက်ရေး၏ အောင်မြင်မှုများကို ဖော်ပြနေခြင်းဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံတွင်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့်ပတ်သက်ပြီး နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးမှုနှင့်နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ထိုင်းနိုင်ငံအစိုးရနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း။

အဆိုပါ မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးအာမခံချက်များရရှိစေရန် ထိုင်းလုပ်ငန်းရှင်များကို တိုက်တွန်းပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၆ ခုနှစ်ကို ထိုင်းနိုင်ငံရိုးရာ ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသည့်အတွက် မြန်မာနိုင်ငံနှင့်ပူးပေါင်း၍ ခရီးသွားကဏ္ဍကိုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် မြန်မာနိုင်ငံရှိ အထူးဇုန်များတွင် ထိုင်းနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ သောင်ရင်းမြစ်မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေထိန်းနံရံများ တည်ဆောက်နိုင်ရန်အတွက်နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသဖြစ်သည့် မြဝတီ-မဲဆောက် ဒုတိယမြောက် ချစ်ကြည်ရေးတံတား တည်ဆောက်ရေးအတွက် ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဒုတိယဝန်ကြီးများသည် ဗန်ကောက်မြို့ Four Seasons Hotel တွင် ပြုလုပ်သည့် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကြို ကနဦးစီမံကိန်းများဆောင်ရွက်မည့်အစီအစဉ်များ၊ ပင်မစီမံကိန်း အကောင်အထည်ဖော်ရေးဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသို့ ဂျပန်နိုင်ငံမှ ပါဝင်လာနိုင်မှုအခြေအနေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံချက် (Master Plan) ရေးဆွဲနေမှုအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိပြီး သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ခြင်း၊ နှောင့်ယှက်ခြင်း၊ လိုက်ပါပူးပေါင်းဆောင်ရွက်လိုခြင်း မရှိသူများပေါ်ပေါက်လာပါက စည်းနှောင်မည့် ပုဒ်မများမပါရှိကြောင်း တွေ့ရှိရသည့်အတွက် ပြစ်မှု၊ ပြစ်ဒဏ်သတ်မှတ်ချက်များ လိုအပ်ပါက ထည့်သွင်းရန် သင့်/မသင့် စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဝူက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအား ကန့်ကွက်ဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ထောက်ခံဆွေးနွေးကြရာ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ဆွေးနွေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြင့်နိုင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လမ်းလျှောက်ဆန္ဒဖော်ထုတ်သည့်ကျောင်းသားအဖွဲ့ ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ လမ်းလျှောက်ဆန္ဒပြလျက်ရှိကြသော ကျောင်းသားအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ရှိ ပြည်အောင်စံဘုန်းကြီးကျောင်းမှ ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်က ပုပ္ပား-ကျောက်ပန်းတောင်းလမ်းအတိုင်း လမ်းလျှောက် ထွက်ခွာခဲ့ကြရာ ကျောက်ပန်းတောင်းမြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး ဟောပြောပွဲများပြုလုပ်ကြကာ ညနေ ၆ နာရီခွဲတွင် သုခဝတီ ဘုန်းကြီးကျောင်းသို့ ရောက်ရှိရပ်နားခဲ့ကြကြောင်း သိရသည်။ (ဝ၄၀)

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်စာမေးပွဲကို ၂၈-၁၂-၂၀၁၄ ရက်မှ ၁၉-၁-၂၀၁၅ ရက်အထိ လည်းကောင်း၊ သဘောရေးဖြေစာမေးပွဲကို ၂၃-၁-၂၀၁၅ ရက်မှ ၂၇ -၁-၂၀၁၅ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲတွင် ဒီဃနိကာယ် ရေးဖြေ(ဒီဃနိကာယ ကောဝိဒ)အောင် (၁)ပါး၊ ဝိနည်း ဒုတိယပိုင်း ရေးဖြေ (ဝိနယကောဝိဒ)အောင် (၅)ပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေ(ဥဘတောဝိဘင်္ဂ ကောဝိဒ)အောင် (၅)ပါးတို့ အောင်မြင်တော်မူကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒအာဂုံစာမေးပွဲတွင် အဘိဓမ္မာဒုတိယပိုင်း အာဂုံ(တိပိဋကဓရ)အောင် (၂)ပါး၊ အဘိဓမ္မာရှေ့ပိုင်းအာဂုံ(မူလအာဘိဓမ္မိက)အောင် (၂)ပါး၊ ဒီဃနိကာယ်အာဂုံ (ဒီဃဘာဏက)အောင် (၅)ပါး၊ ဝိနည်းဒုတိယပိုင်းအာဂုံ (ဝိနယဓရ)အောင် ၁၆ ပါး၊ ဝိနည်းရှေ့ပိုင်း အာဂုံ (ဥဘတောဝိဘင်္ဂဓရ)အောင် ၅၄ ပါးတို့ အောင်မြင်တော်မူကြသည်။

အဆိုပါ စာမေးပွဲတွင် အာဂုံဖြေဆိုသောသံဃာ ၁၀၇ ပါးအနက် ၇၉ ပါး အောင်မြင်၍ သဘောရေးဖြေသံဃာ ၁၄၈ ပါးအနက် ၁၁ ပါး အောင်မြင်ကြပြီး ပိဋကသုံးပုံ အာဂုံအောင်မြင်သည့် တိပိဋကဓရအရှင်မြတ်(၂)ပါးပေါ်ထွန်းကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၆၇)ကြိမ်မြောက် တိပိဋကဓရ၊
တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ
သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ရေးဖြေအောင်စာရင်း

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းသဘောရေးဖြေအောင်
ဒီဃနိကာယကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ် (၂၁၆) အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၃၄) နှစ်၊သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်
ဝိနယကောဝိဒ (၅)ပါး

၁။ ပလ္လင်အမှတ် (၂၄၂) အရှင်ဂန္ဓမာ၊ အသက်(၃၂)နှစ် သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၄၇) အရှင်နရိန္ဒိ၊အသက် (၃၁)နှစ်သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ ၊မင်းကွန်း၊စစ်ကိုင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၅၅) အရှင်တိက္ခသာရလင်္ကာရ၊ အသက်(၃၀)နှစ် သိက္ခာ (၉)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၅၆) အရှင်တေဇောဘာသာလင်္ကာရ အသက်(၃၁) နှစ် သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၅၉) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၂၈) နှစ်၊ သိက္ခာ (၈)ဝါ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့ ၊ပဲခူးတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်
ဥဘတောဝိဘင်္ဂကောဝိဒ (၅)ပါး

၁။ ပလ္လင်အမှတ်(၂၇၄) အရှင်ပဏ္ဍာဝံသ၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၆)ဝါ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၇၆) အရှင်သဇ္ဇန၊ အသက် (၃၆) နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၁၀) အရှင်ပါမောက္ခ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁၁) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၄၁) အရှင်သူရိယာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကစုစန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အာဂုံပြန်အောင်စာရင်း
အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင်
တိပိဋကဓရ (၂)ပါး

၁။ ပလ္လင်အမှတ်(၁) အရှင်ဝိစိတ္တသာရ အသက် (၄၀) နှစ်၊ သိက္ခာ (၂၀) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃) အရှင်စက္ကိန္ဒ(မြိုင်) အသက် (၃၆)နှစ်၊ သိက္ခာ (၁၇)ဝါ တိပိဋကကျောင်းတော် စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်
မူလအာဘိဓမ္မိက (၂)ပါး

၁။ ပလ္လင်အမှတ်(၄) အရှင်ဇောတိသာရာလင်္ကာရ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃) ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၅) အရှင်အာစိဏ္ဏ အသက် (၃၃) နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင်
ဒီဃဘာဏက(၅)ပါး

၁။ ပလ္လင်အမှတ်(၇) အရှင်ဆန္ဒာနုတ္တရ အသက်(၄၀) နှစ်၊ သိက္ခာ (၂၀) ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌ)

၂။ ပလ္လင်အမှတ်(၈) အရှင်ဝါသဝါလင်္ကာရ အသက် (၃၄) နှစ်၊ သိက္ခာ (၁၄) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌ)

၃။ ပလ္လင်အမှတ် (၁၀) အရှင်သောဘိတာလင်္ကာရ၊ အသက် (၃၉) နှစ်၊ သိက္ခာ (၁၉) ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၂) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက် (၃၁) နှစ် သိက္ခာ (၁၁) ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၃) အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌ)

ဝိနယပိဋက ၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်
ဝိနယဓရ (၁၆) ပါး

၁။ ပလ္လင်အမှတ် (၁၆) အရှင်ဝံသရက္ခိတ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၁) ဝါ ဓမ္မာရာမတောရကျောင်းတိုက်၊ သံဖြူဇရပ်မြို့ ၊ မွန်ပြည်နယ်

၂။ပလ္လင်အမှတ် (၁၇) အရှင်သုမနာလင်္ကာရ ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၈) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၉) အရှင်ဓမ္မဉာဏ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၉) အရှင်ပညိန္ဒ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၈) ဝါ ဥက္ကံတောရစာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၁) အရှင်ပညာသီဟာလင်္ကာရ ၊ အသက် (၂၈) နှစ်၊ သိက္ခာ(၈) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၀) အရှင်သောပါကာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၄၁) အရှင်အနုတ္တရ၊ အသက်(၂၄) နှစ်၊ သိက္ခာ (၅) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၈) အရှင်အာစာရာလင်္ကာရ၊ အသက် (၃၁) နှစ်၊ သိက္ခာ(၁၁) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၅၃) အရှင်အဂ္ဂါစာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၅၆) အရှင်သုဇာတ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၅၇) အရှင်ဇောတိပါလ၊ အသက်(၂၉) နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၆၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇) ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၆၇) အရှင်ပညိန္ဒိယ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီ

၁၅။ ပလ္လင်အမှတ် (၆၉) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၂၆) နှစ်၊ သိက္ခာ (၆) ဝါ မဟာခေမိကာရာမရွှေကျင်စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၇၄) အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ(၄) ဝါ ဖိုးဦးစိန်ကျောင်းတိုက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ (၃၁-၁-၂၀၁၅)ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ အလုံ၊ ဒဂုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ဗဟန်း၊ လှိုင်၊ သန်လျင်၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဒါးပိန်၊ အင်းတိုင်၊ အဖျောက်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ ၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန် အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း သစ်ပင်/ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ထို့ပြင် ၁-၂-၂၀၁၅ ရက်နေ့တွင် ဒဂုံ(အရှေ့)၊ဒေါပုံ၊ ရန်ကင်း၊ သာကေတ၊ လမ်းမတော် ၊ဒဂုံ၊ ပန်းဘဲတန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊လှိုင်၊ အလုံ၊ သန်လျင်၊ လှိုင်သာယာ ၊ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင်နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအတွင်း လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

ယင်းတို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့်ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ပြည်တွင်းသတင်း

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ၏ သတ္တမနှင့် အဋ္ဌမမြောက်နေ့ရက်များတွင် ကျင်းပသည့်အစီအစဉ်များ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသည့် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ယခုလ ၂၂ ရက်မှ ၂၉ ရက်အထိ နေ့အလိုက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင် အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ သတင်းစာရှင်းလင်းပွဲ၊ အာဆီယံခရီးသွားဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် အကြိုညစာစားပွဲ၊ အာဆီယံခရီးသွားလုပ်ငန်း ကွန်ဖရင့်၊ အာဆီယံခရီးသွားလုပ်ငန်း ပြပွဲများ၊ ဖိုရမ်ပိတ်ပွဲအခမ်းအနားနှင့် လာမည့် ၂၀၁၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံကို အထိမ်းအမှတ်တံဆိပ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့ကို ကျင်းပလျက်ရှိသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၂၈ ရက် နံနက်နှင့် နေ့လယ်ပိုင်းတွင် ကျင်းပသည့် အာဆီယံနိုင်ငံများအလိုက် မီဒီယာများနှင့်တွေ့ဆုံသည့် အစီအစဉ်များ၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်း ပြခန်းများ ခင်းကျင်းပြသထားမှုများ၊ ခရီးစဉ်ဒေသရောင်းဝယ်သူများ တွေ့ဆုံသည့် အစီအစဉ်များသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နေ့လယ်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ မြန်မာနိုင်ငံမှ Golden Trip Travels and Tours Co.Ltd နှင့် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် Eccholine BVBA တို့မှ ကိုယ်စားလှယ်များနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေမည့် Peking Express ခရီးသွားမှတ်တမ်းကို တတိယအကြိမ်မြောက် လာရောက်ရိုက်ကူးမည့် ခရီးစဉ်နှင့်ပတ်သက်၍ အဆိုပြုတင်ပြချက်များအပေါ် ဆွေးနွေးခဲ့သည်။ ထို့အပြင် အင်္ဂလန်နိုင်ငံ All Seasons Underwriting Insurance Agency (ASUIA) မှ Managing Director/GM နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသား ဧည့်သည်များအတွက် ကျန်းမာရေးနှင့် ထိခိုက်မှု အာမခံထားရှိရန်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

ယင်းနောက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် Sphere Conferences က ကျင်းပပြုလုပ်သည့် Networking Cocktail ပွဲ၊ Hotel Max တွင် မလေးရှားနိုင်ငံက ပြုလုပ်သော Tourism Malaysia Gala Dinner သို့လည်းကောင်း၊ Grand Amara Hotel ၌ ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ကျင်းပပြုလုပ်သည့် Late Night Function အခမ်းအနားသို့လည်းကောင်း၊ Asian Trail Co. Ltd ၏ ညှော့ခံပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာသော ကိုယ်စားလှယ်များ၊ ခရီးစဉ်ရောင်းချသူ၊ ဝယ်ယူသူများ၊ ပြပွဲလေ့လာသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ဆက်လက်ကျင်းပလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းပြခန်းများ ခင်းကျင်း ပြသထားမှုများ၊ ခရီးစဉ်ဒေသ ရောင်းဝယ်သူများ တွေ့ဆုံသည့် အစီအစဉ်များသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညပိုင်းတွင် နေပြည်တော် Hotel Max ၌ ကျင်းပပြုလုပ်သော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ပိတ်ပွဲအခမ်းအနားနှင့် ၂၀၁၆ ခုနှစ်အတွက် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်ကို လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံသို့ အလံလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဖိလစ်ပိုင်နိုင်ငံမှ H.E. Arturo Boncato ထံသို့ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၆ လက်ခံကျင်းပမည့် အထိမ်းအမှတ်တံဆိပ်နှင့် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

AFC President's Cup ပြိုင်ပွဲကိုနှစ်ကြိမ်တိုင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၂၀၁၀ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည်အထိ အောင်မြင်မှုရရှိခဲ့သည်။

ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသောကြောင့် အသင်းကိုပြင်ဆင်မှုများစွာပြုလုပ်ထားပြီး လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲတွင် သုံးပွဲကစားရာ၌ ခုနစ်မှတ်ရရှိထားသည်။

✻ ကျောဖုံးမှ

အသင်းသည် အဇာဘိုင်ဂျန်ယူ-၂၁ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျာမနီကလပ်များဖြစ်သည့် BAK Berlin အသင်းကို လေးဂိုး-တစ်ဂိုး၊ ယခု Ehrenhair အသင်းကို လေးဂိုး-တစ်ဂိုးတို့ဖြင့်အနိုင်ရပြီး တာဂျစ်ကစ္စတန်-ကလပ် Taraz အသင်းနှင့် နှစ်ဂိုးစီသရေကျကာ အီရန်ယူ- ၂၂ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဖိုးသော်ဇင်

ဇန်နဝါရီ ၂၉ ရက်က အမရပူရမြို့နယ် ၁၂ မိုင်လမ်းဆုံ ရန်ကုန်-မန္တလေး ရထားသံလမ်းကူးဂိတ်အနီးချုံတောထဲမှ လူတစ်ဦး၏ ပေါင်လုံးခန့်ရှိ မြန်မာစပါးအုံးမြွေတစ်ကောင်ကို တွေ့ရှိရစဉ်။

မောင်မောင်စိုး(မြစ်ငယ်)

ပြည်တွင်းသတင်း

ဖမ်းဆီးရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

တရားမဝင်သစ်များနှင့် ယာဉ်များထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မန်ဝိန်း၊ မန်တောင်း၊ လောခွန်ရန်နှင့် ဆဒုံးဒေသအတွင်း လေကြောင်းကင်းထောက်မှုအရ တရားမဝင်သစ်များကို တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန် စုပုံထားရှိမှုများကိုသိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ တရားမဝင်သစ်လုံး ဆိုက်မျိုးစုံ ၆၈၇၅ လုံးနှင့် တရားမဝင်သစ်ထုတ်ရာတွင် အသုံးပြုသော လုပ်ဒါ/ဘက်ဟိုး ရှစ်စီး၊ ပါဂျဲရိုးယာဉ် နှစ်စီး၊ ပီကင်းဂျစ်ယာဉ် တစ်စီး၊ ဝင့်ကားယာဉ် တစ်စီး၊ ကရိန်းယာဉ်သုံးစီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ကချင်ပြည်နယ်အတွင်း ဇန်နဝါရီ ၂ ရက်မှ ၂၈ ရက်အထိ ဖမ်းဆီးရမိသော တရားမဝင်သစ်နှင့် သစ်ထုတ်ရာတွင် အသုံးပြုသော ယာဉ်၊ မူးယစ်ဆေးဝါးနှင့် တရားခံများ စုစုပေါင်းအနေဖြင့် သစ်လုံးဆိုက်မျိုးစုံ ၁၂၃၂၈ လုံး၊ ယာဉ်မျိုးစုံ ၅၁၉ စီး၊ ဆိုင်ကယ် ကိုးစီး၊ တရားခံ ၁၅၇ ဦးနှင့် ပစ္စည်းမျိုးစုံများ၊ စိတ်ကြွဆေးပြား ၈၆၈၀၊ ဘိန်းမည်းခြောက်ထုပ်၊ ဘိန်းစိမ်း ၂၀ ကျပ်သားတို့ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြဝတီ)

တပ်ဝင်ဂိတ်တွင် သံတံခါးတပ်ဆင်စဉ် နှောင့်ယှက်မှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်အင်ဂျင်နီယာ သင်တန်းကျောင်းသည် ရပ်ကွက်ကြီး (၁)၊ (၁၃)ညံကွဲရပ်ကွက်နှင့် ထိစပ်လျက်ရှိသော တပ်ပိုင်မြေဧရိယာအတွင်း အုတ်တံတိုင်းကာရံလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်၌ တပ်အဝင်/အထွက်ဂိတ်အား သံတံခါးတပ်ဆင်နေစဉ် ပြင်ပရပ်ကွက်နေထိုင်သူ အင်အား ၅၀ ခန့်သည် သံတံခါးတပ်ဆင်ခြင်း မပြုလုပ်နိုင်စေရန်အတွက် ဝိုင်းဝန်းကန့်ကွက်တားဆီးခြင်း၊ ဂဟေဆော်ဝရိန်စက်တပ်ဆင်ထားသည့် ယာဉ်အား တွန်းရွှေ့ဖယ်ရှားခြင်း၊ သင်တန်းကျောင်းမှ စစ်သည်များနှင့် လုပ်သားဝန်ထမ်းများအား ရိုင်းစိုင်းစွာပြောဆိုခြင်းတို့ကြောင့် ပြဿနာမကြီးထွားစေရန် ဆောက်လုပ်မှုလုပ်ငန်းအား ခေတ္တရပ်ဆိုင်းခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၂၇ ရက်တွင် ၎င်းအုတ်တံတိုင်းဂိတ် အဝင်/အထွက် သံတံခါးတပ်ဆင်ခြင်းလုပ်ငန်းအား သင်တန်းကျောင်းမှ စစ်သည်များနှင့် လုပ်သားဝန်ထမ်းများ ဆက်လက်ဆောင်ရွက်စဉ် နံနက် ၈ နာရီခွဲခန့်၌ အင်အား ၅၀ ခန့်သည် တပ်ခြံစည်းရိုး သံတံခါးတပ်

ဆင်ခြင်းလုပ်ငန်းအား တားဆီးနှောင့်ယှက်ခြင်း၊ သံတံခါးများအား တွန်းထိုးဖယ်ရှားခြင်း၊ ရိုင်းစိုင်းစွာ ပြောဆိုခြင်းများ ပြုလုပ်ပြီး လုပ်ငန်းခွင်မှ စစ်သည်များနှင့် လုပ်သားဝန်ထမ်းများအား အုတ်ကျိုးများဖြင့် ပစ်ပေါက်ခြင်း၊ ဝင်ရောက်ပြီး တုတ်ဖြင့် ရိုက်နှက်ခြင်း စသည့်လူစု လူဝေးဖြင့် အကြမ်းဖက်မှုအသွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် သင်တန်းကျောင်းမှ တပ်သား ချစ်ပိုင်ဦးသည် ဦးခေါင်းနောက်စေ့(ဝဲ)တွင် အုတ်ခဲကျိုးထိမှန်ပြီး နှစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ၊ တပ်သားအောင်ဇင်ဖြိုးတွင် ဦးခေါင်းနောက်စေ့(ယာ)တွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာနှင့် တပ်သား ဝေယံမြင့်တွင် ယာမေးရိုးထိမှန် ဖူးရောင်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

တပ်ပိုင်မြေဧရိယာအတွင်း သံတံခါး တပ်ဆင်မှုပြုလုပ်စဉ် အကြမ်းဖက် ဝင်ရောက်နှောင့်ယှက်ခဲ့သူများအား ပြင်ဦးလွင်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က မန္တလေး မဟာအောင်မြေမြို့နယ် မဟာအရှေ့အကွက် ၅၂၈ မျက်ဝန်းရပ်ကွက် ၃၈ လမ်းနှင့် ၃၉ လမ်းကြား၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အောင်မေတ္တာ စက်သုံးဆီအရောင်းဆိုင်တွင် ဆီသယ်ယာဉ်မှတစ်ဆင့် ဆီလှောင်ကန်သို့ ဆီလှယ်ရာမှ မီးလောင်ပေါက်ကွဲစဉ်။

(အဆိုပါ မီးလောင်ပေါက်ကွဲမှုကြောင့် လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။)

မင်းထက်အောင်

မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၉

အင်းစိန်မြို့နယ် စက်မှုဇုန်ရှိ မြတ်အိမ်ရာလမ်းသွယ် (၁) အတွင်း၌ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် (၃) မြတ်အိမ်ရာလမ်းသွယ် (၁) လမ်းပေါ်၌ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က 6E... လိုက်ထရပ် မီးခိုးရောင်မော်တော်ယာဉ်သည် ဒီဇယ်ဆီကို ပီပါခြောက်လုံးဖြင့်တင်ဆောင်ကာ ရပ်တန့်ထားစဉ် အင်ဂျင်ခန်းအတွင်း ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်၏ တာယာဘီးများနှင့် ကိုယ်ထည်တို့ မီးလောင်ကျွမ်းခဲ့ပြီး ဒီဇယ်ပီပါများကို မီးလောင် ကျွမ်းမှုမရှိကြောင်း၊ ပတ်ဝန်းကျင်နှင့် မီးသတ်ယာဉ်များ ရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်လှမောင်

မြန်မာ့စာတိုက်လုပ်ငန်း၏ ၂၀၁၅ ခုနှစ်အထူးဝန်ဆောင်မှု အဖြစ် ဒေသထွက်ကုန်များ မှာယူပို့ဆောင်ခြင်းလုပ်ငန်း
(Hometown Product Delivery)

➢ မြန်မာ့စာတိုက်လုပ်ငန်း၏ New Business Service ဖြစ်သော Hometown Product Delivery ဝန်ဆောင်မှုအသစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ရန်ကုန်မြို့တွင်း (၆)မြို့နယ် နှင့် တောင်ကြီး မြို့ပေါ် (၁၉)ရပ်ကွက် အတွင်း စတင် ဆောင်ရွက်နေပြီဖြစ်ပါသည်။

➢ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

➢ ရန်ကုန်စာတိုက်ကြီး - ၀၁ - ၃၈၀၂၅၇ နှင့် တောင်ကြီးစာတိုက် - ၀၈၁ - ၂၁၂၁၅၀၆

သို့ ဖုန်းဆက်မှာကြားနိုင်ပြီး၊ လူကြီးမင်းတို့၏ အိမ်ဂေဟာသို့ ယခုနေ့ပို့ မနက်ဖြန်အရောက် ပို့ဆောင်ပေးပါမည်။

➢ တောင်ကြီးမြို့မှ ခေါ်ပုတ်၊ ပဲပုတ်၊ ဆီတို့ဟူး၊ မုန့်ညင်းချဉ်၊ ကြက်သွန်ချဉ် စသည့် ဒေသထွက်ပစ္စည်းများကို ရန်ကုန်မြို့ရှိ ပြည်သူများမှ မှာယူစားသောက်နိုင်သကဲ့သို့ ရန်ကုန်မြို့မှဒေသထွက်ကုန်များကိုလည်း တောင်ကြီးမြို့ မှ မှာယူစားသောက်နိုင်သော ယခုနေ့ပို့မနက်ဖြန်ရောက်ရှိ ပေးဝေသည့် ဝန်ဆောင်မှုအသစ်ဖြစ်ပါသည်။

➢ ပစ္စည်းများမှာယူခြင်းအတွက်ကျသင့်ငွေကို ကြိုတင်ပေးချေရန်မလိုပါ။ ပစ္စည်းလက်ခံရရှိသည့်အခါမှသာ ပစ္စည်းတန်ဖိုးနှင့်အမြန်ချောပို့ခတို့ကို ပေးချေရမည် ဖြစ်ပါသည်။

➢ အခြားထပ်ဆောင်းဝန်ဆောင်ခများကိုလုံးဝပေးချေရန်မလိုအပ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း

ပြည်တွင်းသတင်း

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး သထုံမြို့နယ်ပြည်သူများ စုပေါင်းဆန္ဒထုတ်ဖော်

သထုံ ဇန်နဝါရီ ၂၉

နိုင်ငံတော်အတွင်း ဖြစ်ပွားလျက်ရှိသည့်တိုက်ပွဲများ အမြန်ဆုံးချုပ်ငြိမ်းရေး၊ ပြည်ထောင်စုနေ့ အမှတ်တရအဖြစ် အပစ်အခတ်ရပ်စဲရေးကို အောင်မြင်စွာ လက်မှတ်ရေးထိုးရေးနှင့် ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးတို့အတွက် ယနေ့နံနက် ၉ နာရီတွင် သထုံမြို့နယ်ရှိ ပြည်သူလူထု ၇၀၀ ကျော်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ အပစ်အခတ်ရပ်စဲမှု အမြန်ဆုံး လက်မှတ်ရေးထိုးရေး၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၊ ပြည်သူလူထု၏ တောင်းဆိုချက် အောင်ရမည်ဟူသော ကြွေးကြော်သံများ ဟစ်ကြွေးကာ သထုံမြို့ ခရိုင်အားကစားကွင်းမှ မြသပိတ်ဘုရားလမ်းအတိုင်းချီတက်ခဲ့ကြပြီး ယင်းမှတစ်ဆင့် ရန်ကုန် - မော်လမြိုင် ဟိုင်းဝေးလမ်းမကြီး တစ်လျှောက် စုပေါင်းလမ်းလျှောက်ကာ မူလစတင်ထွက်ခွာခဲ့သည့် အားကစားကွင်းအထိ မိနစ် ၅၀ ခန့် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

"အခုလို ဆန္ဒထုတ်ဖော်ရတာက တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက်ပါ။ ကျွန်တော်တို့နိုင်ငံက နှစ်ပေါင်း ၆၀ ကျော် ပြည်တွင်းစစ်တွေဖြစ်ပွားခဲ့လို့ တစ်နိုင်ငံလုံး စီးပွားရေးအရ နာလန်မထူနိုင်အောင်ဖြစ်ခဲ့ရတာ ဒီနေ့ ဒီအချိန်အထိပါပဲ။ ဒီအကျိုးဆက်တွေကို ပြည်သူလူထုတွေ အခုချိန်ထိခံစားနေရတယ်။ ဒါကို ကျွန်တော်တို့မခံစားချင်တော့ဘူး။ စီးပွားရေးလုပ်စားလို့ မရဘဲ ဗုံးခိုကျင်းထဲမှာပဲ အချိန်ကုန်ခဲ့ရတဲ့ ကာလတွေဆီကို ပြန်မရောက်ချင်တော့ဘူး။ ကျွန်တော်တို့လူမျိုးအပါအဝင် တိုင်းရင်းသားအားလုံးနီးပါး ဒီပြည်တွင်းစစ်ရဲ့ ဘေးဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီးပြီ၊ ဒုက္ခပေါင်းစုံနဲ့လည်း ကြုံတွေ့ခဲ့ရပြီးပြီ။ အဲဒီလိုအဖြစ်မျိုး ပြန်မကြုံချင်တော့ဘူး အေးအေးချမ်းချမ်းပဲ နေထိုင်လုပ်ကိုင် စားသောက်ချင်တယ်"ဟု ဆန္ဒဖော်ထုတ်ပွဲ၌ ကရင်တိုင်းရင်းသားများအား ဦးဆောင်ခဲ့သည့် သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဦးစောအောင်သိန်းက ပြောကြားသည်။

"ကမ္ဘာပေါ်မှာရှိကြတဲ့ နိုင်ငံသားတိုင်းကို ငြိမ်းချမ်းရေး မလိုချင်ဘူးလားလို့မေးကြည့်ပါ၊ သိပ်လိုချင်တာပေါ့လို့ ပြန်ဖြေကြမှာပဲ၊ ဒီလိုပဲ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေလည်း လိုချင်ကြတာပဲ၊ ဒါပေမယ့် ဒါကို ကျွန်တော်တို့ လုပ်လို့မရဘူး၊ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေ၊ တာဝန်ရှိသူတွေက လုပ်မှရမှာလေ၊ ကျွန်တော်တို့လုပ်နိုင်တာက ကျွန်တော်တို့ရဲ့ဆန္ဒ၊ သဘောထားတွေကို သိအောင်ဖော်ထုတ်ပြသဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို မေတ္တာရပ်ခံချင်တာက အားလုံးပူးပေါင်းညှိနှိုင်းပြီး ငြိမ်းချမ်းရေးကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်အောင် ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်"ဟု ပအိုဝ်းတိုင်းရင်းသား ဦးခွန်ကျော်သိန်းက ပြောကြားသည်။

ယခုတစ်ကြိမ် ဆန္ဒဖော်ထုတ်ခြင်းသည် မွန်ပြည်နယ်အတွင်း ပြည်သူလူထုများက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဒုတိယအကြိမ် စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

မိုးဝေ(ရာမညမြေ)

ယာဉ်လိုင်းများပေါ် အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်နေကြသူ ခါးပိုက်နှိုက် ၁၂ ဦးအား ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ဇန်နဝါရီ ၂၆ ရက် နံနက် ၂ နာရီ မိနစ် ၄၀ က မြောက်ဥက္ကလာပမြို့နယ် ကန်သာယာကားမှတ်တိုင်၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ ဆိုက်ရောက်လာသော အမှတ်(၄၃)ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်၌ ခါးပိုက်နှိုက်ပြစ်ချက်ပေါင်းရှိသူများဖြစ်သော လှိုင်သာယာမြို့နယ်နေ တရုတ်ကြီး(ခ) အောင်ချမ်း (၄၂ နှစ်)၊ ရဲဝင်းကို (၂၄ နှစ်)၊ နေမျိုးဦး (၃၂ နှစ်)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ မိုးမင်းကျော် (၃၀ နှစ်)တို့ လေးဦးကိုတွေ့ရှိရပြီး ၎င်းတို့က ခရီးသည်အမျိုးသားတစ်ဦးထံမှ ငွေများနှိုက်ယူနေစဉ် ဖမ်းဆီးရမိခဲ့သည့်အပြင် ၎င်းတို့လေးဦးနှင့်အတူ ခါးပိုက်နှိုက်ရာတွင် ပူးပေါင်းပါဝင်သော လှိုင်သာယာမြို့နယ်နေ မြတ်ထွန်းအောင် (၃၀ နှစ်)သည် ခရီးသည်တင်ယာဉ်၏ အနောက်ဘက်မှ 5F/---- Pro Box အငှားယာဉ်ဖြင့် မောင်းနှင်လိုက်ပါလာသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦးကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၁၀ မိနစ်အကြာတွင် အဆိုပါကားမှတ်တိုင်သို့ ရောက်ရှိလာသည့် အမှတ် (၄၃) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ပေါင်းရှိသူ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် စန်းမြင့်(၄၀ နှစ်)နှင့် ဇင်ကို(၂၉ နှစ်)တို့ နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ငွေကျပ် ၂၁၅၀၀ ကို တွေ့ရှိရပြီး အဆိုပါငွေများကို ဓမ္မာရုံမှတ်တိုင်မှစီးနင်းလိုက်ပါလာပြီး (၆) ကွေ့မှတ်တိုင်တွင် ဆင်းသွားသည့် အသက် (၂၅ နှစ်)ခန့် ခရီးသည်အမျိုးသမီးတစ်ဦးထံမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် ယင်းရက်ညနေ ၃ နာရီခွဲတွင် အဆိုပါ ကားမှတ်တိုင်သို့ပင် ရောက်ရှိလာသော အမှတ်(၄၃)ခရီးသည်တင်ဒိုင်နာယာဉ်ပေါ်၌ ခါးပိုက်နှိုက်ပြစ်ချက်ပေါင်းရှိသူ ရွှေပြည်သာမြို့နယ်နေ ဇင်ဘို (၃၁ နှစ်)၊ ဇော်မိုး(၃၅ နှစ်)၊ သိန်းဝင်း (၆၀ နှစ်)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ မြတ်မင်းထွန်း (၃၅ နှစ်)နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ ကျော်ထွန်း(၃၄ နှစ်)တို့ ငါးဦးကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ငွေကျပ် ၈၅၀၀၀ ကို တွေ့ရှိရပြီး အဆိုပါငွေများကို

ခါးပိုက်နှိုက်မှုကျူးလွန်သူ ဇင်ဘို၊ မြတ်မင်းထွန်း၊ သိန်းဝင်း၊ ဇော်မိုးနှင့် ကျော်ထွန်း။

အောင်မင်္ဂလာ အဝေးပြေးဝင်း မှတ်တိုင်မှ လိုက်ပါစီးနင်းပြီး ဓမ္မာရုံမှတ်တိုင်တွင်ဆင်းသွားသော အသက် (၃၀ နှစ်)ခန့်ရှိ ခရီးသည်အမျိုးသား တစ်ဦးထံမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ငါးဦးကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်



အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ် ၁၀၆၊ ပထမထပ်၊ အခန်းအမှတ် (၂-အေ)တွင် နေထိုင်သူ ဒေါ်မိုးမိုးမြ(ခ)ဒေါ်စန်းစန်းမြင့် ၁၂/ဗဟန(နိုင်)၀၈၅၄၀၃ ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မတို့၏အမှုသည်ဖြစ်သူ ဒေါ်မိုးမိုးမြ(ခ)ဒေါ်စန်းစန်းမြင့်သည် ကွယ်လွန်သူ ဒေါက်တာဦးစောဝင်း၏ တရားဝင်တစ်ဦးတည်းသောဇနီးမယားဖြစ်ပါသည်။ ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အောက်ဖော်ပြပါပစ္စည်းများကို ၎င်း၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အမွေခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ခွင့်မပြုပါကြောင်းနှင့် အကယ်၍ ဆောင်ရွက်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ တိုက်အမှတ် (၁၀၆)၊ ပထမထပ်၊ အခန်းအမှတ် (၂-အေ) တိုက်ခန်း၊

(၂) ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၅၇/၄၅၉)၊ အခန်းအမှတ် (၀၀၄)မြေညီထပ်တိုက်ခန်း။

(၃) ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ် (၁၀၃၀/ခ)ဟု လိပ်စာခေါ်တွင်သည့် ပျဉ်ထောင် (၂) ထပ်အိမ်နှင့် ယင်းအိမ်တည်ရှိရာ (၂၀'×၆၀') ဂရန်မြေကွက်။

(၄) Toyota Surf 1996 Model ယာဉ်အမှတ် 6D-4717 မော်တော်ယာဉ်တစ်စီး။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သွယ်မာဝင်း(စဉ်-၃၅၆၅၃) ဒေါ်ယုယုနိုင်(စဉ်-၄၁၄၄၀)
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (စီ-၂)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထဲရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စိုက်ပျိုးမွေးမြူရေးစခန်းများမှ အကျဉ်းသား၊ အချုပ်သား၊ ရဲဘက်များအတွက် လိုအပ်သော ရိက္ခာဆန်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ၃၀-၁-၂၀၁၅ရက်မှ ၄-၂-၂၀၁၅ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၂-၂၀၁၅ရက် ၁၆း၀၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၁၀-၂-၂၀၁၅ ရက်

၅။ အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနများ၌ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး** ဖုန်း-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁

(ခ) **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး** ဖုန်း-၀၉-၅၀၂၂၉၁၈၊ ၀၉-၇၃၈၃၀၁၄၃
အကျဉ်းဦးစီးဌာန ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆

(ဂ) **ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ** ဖုန်း-၀၁-၂၀၁၇၆၁၊ ၀၁-၂၄၅၂၆၀၊ ၀၅၆-၂၁၀၄၂၊ ၀၁-၆၄၅၈၂၄

(ဃ) **အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ** ဖုန်း-၀၁-၅၇၉၀၀၃၊ ၀၁-၅၃၆၁၂၇၊ ၀၅၆-၂၁၁၄၂၊ ၀၁-၆၄၂၂၁၀

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၂၃၊ မြေကွက်အမှတ်၃၆၇ မြေကွက်ရရှိထားသူ ဒေါ်သန်းသန်းနွဲ့ ၁၂/ကမရ(နိုင်)၀၅၁၂၈၅၈က မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၂၃၊ မြေကွက်အမှတ်၂၃၀ မြေကွက်ရရှိထားသူ ဒေါ်လှမေ ၁၄/ညတန(နိုင်)၀၁၉၈၀၈က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာ ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်မောင်လုံး ၁၃/တကန(နိုင်)၁၉၈၂၂၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၆၁၄၅၂

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်စောလင်း ၉/မထလ(နိုင်)၂၀၄၀၀၂ ၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၃၂၂၇၇

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ

73**-90000
49**-150000
86**-100000
Ph:09-252181818, 09-73000119

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ၁၉ ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် (၄၁၆)(ခ)နေ ဦးခင်ညို၏သား မောင်မင်းမင်းထွန်း ၅/ရဉန(နိုင်)၀၆၃၃၆၃ အား ယနေ့မှစ၍ မောင်မင်းမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းမင်း**

ပြည်တွင်းသတင်း

ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းစည်းဝေး

သီပေါ ဇန်နဝါရီ ၂၉

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ (အဋ္ဌမအကြိမ်) လုပ်ငန်းညှိနှိုင်းစည်းဝေးအတွက် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ၏ အကြိုလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ဦးကြွယ်ကြွယ်က အမှာစကားပြောကြားရာ၌ တရားသူကြီးများ တရားစီရင်ရေးဆောင်ရွက်ရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့် အထူးဥပဒေများ၊ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အဆင့်ဆင့်ကြီးကြပ်မှုအပိုင်း၊ စစ်ဆေးစီရင်မှုအပိုင်း၊ စီမံခန့်ခွဲရေးအပိုင်းများတွင် တွေ့ရှိရသည့် လိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်ဌေးနှင့် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ စုစုပေါင်း ၇၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

အသက် ၁၀၀ ပြည့်အဘွားအားဂုဏ်ပြု

ကံမ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကံမမြို့ အမှတ် (၁)ရပ်ကွက်နေ အသက် ၁၀၀ ရှိ အဘွားဒေါ်လှမြင့်အား နိုင်ငံတော်သမ္မတမှ ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတမှ ပေးအပ် သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေကျပ် နှစ်သိန်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ချီးမြှင့်ငွေ အပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ကို ဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

ကျေးရွာဘုန်းတော်ကြီးကျောင်း မီးလောင်မှုဖြစ်ပွား

ငဖဲ ဇန်နဝါရီ ၂၉

မင်းဘူးခရိုင် ငဖဲမြို့နယ် ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာတွင် (ငဖဲမြို့မှ ငါးမိုင်ခန့်အကွာ) မန်းချောင်းထဲမှ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်ဖြင့် ၂၄ နာရီ မီးပေးလျက်ရှိရာ ရှောက်ဝဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော် ဦးလက္ခဏသာရ သက်တော် (၈၀) ဝါတော်(၆၀)၏ သီတင်းသုံးနေထိုင်ရာ အခန်းရှိ ရေအားလျှပ်စစ်မှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီခွဲက မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ငဖဲမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်းမီးလောင်ကျွမ်းမှုကြောင့် ကျောင်းဆောင်မီးလောင်ကျွမ်းခဲ့သော်လည်း ကျောင်းထိုင်ဆရာတော်ကြီးနှင့် ခန်းနေ ဦးပဋ္ဌင်းနှစ်ပါး သီတင်းသုံးနေထိုင်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

မိုင်းဖြတ်၌ အရှိန်လွန်ယာဉ်တိုက်မိရာမှ နေအိမ်မီးဖိုဆောင်အတွင်းအိပ်နေသော မိသားစုလေးဦးအနက် တစ်ဦးသေဆုံး

မိုင်းဖြတ် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီခွဲက မိုင်းဖြတ်မြို့မရဲစခန်း ဒုရဲအုပ် ဇော်မောင်သန်း တာဝန်မှူး တာဝန် ဆောင်ရွက်စဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မိုင်းဖြတ်ဘက်မှ ကျိုင်းတုံဘက်သို့ ယာဉ်မောင်း ငြိမ်းလေးပိုင် တစ်ဦးတည်း မောင်းနှင်လာသည့် ယာဉ်အမှတ် ထ/----- (RTC) အပြာရောင်ယာဉ်သည် KM ၅၅/ ၅၆ ကြား၊ စွပ်ပလောင်းရွာ မိုင်းဖြတ်ကျေးရွာအုပ်စု၊ မိုင်းဖြတ်မြို့နယ် လမ်းကွေ့နေရာသို့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ရှိ သွပ်မိုး၊ ဝါးထရံကာ ဦးမာကုနေအိမ်ကို ဝင်ရောက်တိုက်မိရာ နေအိမ်မီးဖိုဆောင်အတွင်း အိပ်နေသော ဒေါ်အီရှယ်မိန်း (၃၈ နှစ်)၊ သမီး မခင်စိန်(ကိုးနှစ်)၊ မခင်(၆နှစ်) နှင့် သား ဖီလစ်(သုံးနှစ်) တို့အနက် ဒေါ်အီရှယ်မိန်း စွပ်ပလောင်းရွာနေသူတွင် ဒဏ်ရာများ ရရှိသဖြင့် မိုင်းဖြတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစဉ် ည ၁၀ နာရီ ၅၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်၊

အမှုမှ ယာဉ်ကို ပေါ့ဆစွာ မောင်းနှင်သူ ငြိမ်းလေးပိုင်(၂၃ နှစ်) နောင်တုံရွာ ကျိုင်းတုံမြို့နေသူကို မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

(၁၅)နှစ်မြောက် ကျောင်းဆုချီးမြှင့်ပွဲအခမ်းအနား
(၂၀၁၃-၂၀၁၄)

BEC ကျောင်း၏ ပညာသင်နှစ် (၂၀၁၃-၂၀၁၄) (၁၅)နှစ်မြောက် ဆုချီးမြှင့်ပွဲသို့ ကျောင်းသား/သူအဟောင်းများကိုလည်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၀-၁-၂၀၁၅ ရက်
နေရာ - Dolphin (မြေပဒေသာဥယျာဉ်၊ နတ်မောက်လမ်း)
အချိန် - ၂း၃၀နာရီမှ ၇း၀၀နာရီ

သို့ မပျက်မကွက်ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

MD ဦးမြင့်စိုးနှင့်ဆရာမကြီးဒေါ်ခင်ခင်ဝင်း
နှင့် ဆရာ/ဆရာမများ

ဂန္ဓဝင်ရွှေပုဂံ Travel & Tours

ဝန်ကောက် USD 650
ဝင်ကာပူ USD 850
ဥရောပ(၇)နိုင်ငံ USD 4800
ဗီယက်နမ်+ကမ္ဘောဒီးယား USD 1300
ဟောင်ကောင်+မကာအို+ကွမ်ကျိုး USD 1350

No.67, Baho Rd, Sanchaung, Ph: 01-500191, 519292, 510491, 510218
81st Road, Between 33 x 34 St, Mandalay.
Ph: 09-31693319, 09-73013856 Hot Line: 09-73003772

ဆေးတက္ကသိုလ်(၂)မြတ်ဆရာကန်တော့ပွဲ
(၁၉၇၆-၈၂Batch၊ ၁၉၇၉-၈၄Batch၊ ၁၉၈၀-၈၅Batch)

အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများကို တပည့်များမှ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ တပည့်များစုံညီစွာ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၁-၂-၂၀၁၅ ရက်၊ တနင်္ဂနွေနေ့
အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ
နေရာ - Sky Star Hotel,No.51/B/1,
အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ

ဆက်သွယ်ရန်

ဒေါက်တာမျိုးလွင်ငြိမ်း ဖုန်း-၀၉-၅၀၁၃၈၀၃၊
ဒေါက်တာအောင်မော် ဖုန်း-၀၉-၅၀၃၉၈၉၂၊
ဒေါက်တာခိုင်စိုးဝင်း ဖုန်း-၀၉-၅၁၃၇၆၉၂၊
ဒေါက်တာမာမာကြည် ဖုန်း-၀၉-၅၁၇၃၅၄၈

ချစ်တပည့်ကျောင်းသူကျောင်းသားများ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ခင်ထွေးမာ၏ ပတ်(စ်)ပို့နံပါတ် M-၇၀၂၅၇၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၃၁၁၉၀၇

ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

[illegible]

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး
(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)မှ ၂၀၁၄-၂၀၁၅ ခုနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေမှ ပိုလျှံသောငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော-
(က) ၁၁ကေဗွီလိုင်းများ၊ ၄၀၀ ဗို့လိုင်းများနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ
(ခ) ၁၁ကေဗွီနှင့်၄၀၀ဗို့ဓာတ်အားလိုင်းဟောင်းများအား (တိုင်/တန်း/ကြိုး/ကြွေသီးများ) လဲလှယ်ခြင်းလုပ်ငန်းများအား Turn Key (ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၂-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၈၁-၂၀၁၉၀၆
ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၈၁-၂၀၅၈၄၈၊ ၀၈၁-၂၁၂၁၂၈၆၊ ၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန

(ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများနှင့် ရဲဘက်လုပ်အားရှင်များအား စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၃-၂-၂၀၁၅ ရက် ၁၀း၀၀ နာရီ
၃။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့
၄။ ပေးသွင်းသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင်၁၀၀၀၀ိ/နှုန်းဖြင့်၂၉-၁-၂၀၁၅ ရက်မှ ၂-၂-၂၀၁၅ရက်အထိ ၀၈း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အေးသာယာမြို့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၈၁-၂၀၂၁၀၄၊ အကျဉ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၈၁-၂၀၈၅၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန

ကျောင်းသင်ခန်းစာ

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာကေသီတင်၊ ပါမောက္ခ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအနေနဲ့ စာမေးပွဲဖြေဆိုရာမှာ မှန်ကန်တိကျပြီး အမှတ်ပြည့် ရစေတဲ့ စနစ်တကျတွက်ချက်ရေးသား ဖြေဆိုနည်းတွေကို သိရှိစေဖို့၊ စာမေးပွဲ ဖြေဆိုတဲ့အခါ သတိထားသင့်တဲ့အချက်အလက်များကို သိရှိစေဖို့ မှားတတ်တဲ့ အမှားတွေကို သိရှိသတိမူမိကြပြီး ရှောင်ကြဉ်နိုင်ကြစေဖို့ဆိုတဲ့ ရည်ရွယ်ချက် တွေနဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာသင်ခန်းစာကို ရှင်းလင်း ဆွေးနွေးပို့ချမှာဖြစ်ပါတယ်။

သင်္ချာဘာသာရပ်ဖြေဆိုရာမှာ စာမေးပွဲဖြေဆိုသူတွေ ပြုလုပ်တတ်တဲ့ အမှားအမျိုးအစားတွေကတော့

(၁) သင်္ချာသင်္ကေတအသုံးအနှုန်းများမှားယွင်းခြင်း၊
(၂) သင်္ချာသဘောတရားများနဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာ မဖော်ပြတဲ့အတွက် အဓိပ္ပာယ်မပြည့်စုံခြင်း၊ ရှေ့နောက်အဆက် အစပ် ပြတ်တောက်ခြင်း၊
(၃) အရေးကြီးတဲ့ တွက်ချက်မှုအဆင့်များ၊ အချက်အလက်များမပါခြင်း၊ မေးခွန်းက တောင်းဆိုတဲ့အဖြေရရှိသည်အထိ ရေးသားဖြေဆိုမှု မရှိခြင်း၊
(၄) ပုစ္ဆာကသတ်မှတ်ပေးထားတဲ့ တွက်နည်းနဲ့မတွက်ဘဲ အခြားနည်း များ အသုံးပြု၍ ဖြေဆိုတွက်ချက်ခြင်းတို့ ဖြစ်ကြပါတယ်။

ပထမဦးစွာ သင်္ကေတအသုံးအနှုန်းများ မှားယွင်းတတ်ပုံတွေကို ရှောင်ကြဉ်နိုင်ကြစေဖို့ ဥပမာအချို့နဲ့ ရှင်းလင်းဆွေးနွေးပါမယ်။

Function နှစ်ခု f နဲ့ g ပေါင်းစပ်တဲ့ ပုံသေနည်းဖြစ်တဲ့ $(g \circ f)(x) = g(f(x))$ ကို ရေးတဲ့အခါ နှစ်ဖက်စလုံးမှာ ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံနဲ့ အနေအထားမှန်ကန်ဖို့ လိုအပ်ပါတယ်။

ကွင်းတစ်ခုခုကျန်ခဲ့ရင် သို့မဟုတ် အနေအထားမှားယွင်းခဲ့ရင် သင်္ကေတ အသုံးအနှုန်း မမှန်ကန်တဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာသွားနိုင်ပါတယ်။ ညာဘက်မှာ $g(f(x))$ လို့ ရေးရမယ့်အစား

$g \circ (f(x))$ ဆိုပြီး circle ' $\circ$ ' သင်္ကေတထည့်ရေးမိရင်လည်း ရသင့်တဲ့ အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ $(2 - 3x)^5$ ဆိုတဲ့ binomial ရဲ့ (r + 1) အကြိမ်မြောက် ကိန်းလုံးကိုရေးသားရာမှာ-

$(r + 1)^{th}$ term of $(2 - 3x)^5 = {}^5Cr\ 2^{5-r}\ (-3x)^r$

ဆိုပြီး $(-3x)$ ကို ကွင်းခတ်ရေးသားရပါမယ်။ ကွင်းခတ်ဖို့ ကျန်ခဲ့ရင် ရေးသား ဖော်ပြချက် မှားယွင်းတဲ့အတွက် အမှတ်များဆုံးရှုံးမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ $(r + 1)^{th}$ term ဆိုတဲ့ စကားလုံးကျန်ခဲ့ပြီး

$(2 - 3x)^5 = {}^5Cr\ 2^{5-r}\ (-3x)^r$

လို့ရေးတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့ အတွက် အမှတ်များဆုံးရှုံးမှာ ဖြစ်ပါတယ်။ အဲဒီ binomial ရဲ့ 4^{th} term ကို ဖော်ပြရာတွင်လည်း

4^{th} term $= {}^5C3\ 2^{5-3}\ (-3x)^3$

လို့ရေးသားပြီး တွက်ချက်ရမှာဖြစ်တယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့

$$(x + 2)(x - 3) > 0$$

ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ ဖြေရှင်းရာမှာ and နဲ့ or အနေ အထားမှားယွင်းမရေးမိဖို့ ကွင်းများပြည့်ပြည့်စုံစုံနဲ့ အနေအထားမှန်မှန် ကန်ကန်ခတ်ဖို့ လိုပါတယ်။ and နဲ့ or မှားယွင်းရေးခဲ့ရင် သို့မဟုတ် ကွင်း များ မပြည့်မစုံအနေအထားမမှန်ဖြစ်ခဲ့ရင် ရသင့်တဲ့အမှတ်များ နစ်နာ ပါလိမ့်မယ်။ graphical နည်းနဲ့ ဖြေရှင်းရာမှာလည်း $y = (x + 2)(x - 3)$ ဖြစ်တယ်လို့ ဦးစွာရေးသားပြီးမှ parabola မျဉ်းကွေးနဲ့ ဝင်ရိုးဖြတ်မှတ်များကို ရှာယူ၍ graph ဆွဲပြီး ဖြေရှင်းယူရမှာ ဖြစ်ပါတယ်။

A.P ကိန်းစဉ်တစ်ခုရဲ့ 10^{th} term ကို ရေးသားရာမှာလည်း

$$u_{10} = a + 9d$$

လို့ရေးရမယ့်အစား

$$u_{10} = a + (n - 1)d$$

ဆိုပြီး မှားယွင်းရေးသားခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

Vector သင်ခန်းစာမှာ အမှတ်တစ်ခု၏ coordinates (x, y) နဲ့ ယင်း အမှတ်၏ position vector ဖြစ်တဲ့ column matrix $\begin{pmatrix} x \\ y \end{pmatrix}$ တို့ မှားယွင်းမရေး မိစေဖို့သတိပြုရပါမယ်။

Calculus သင်ခန်းစာမှာ $e^{2x} \cos x$ ရဲ့ derivative ကို ရှာတဲ့အခါ $\frac{d}{dx}(e^{2x}\cos x)$ လို့ ရေးရမယ့်အစား $\frac{dy}{dx}(e^{2x}\cos x)$ဆိုပြီး $\frac{d}{dx}$ ကို $\frac{dy}{dx}$ အဖြစ် မှားယွင်း ရေးသားခဲ့ရင် ရသင့်တဲ့ အမှတ်အချို့ဆုံးရှုံးပါလိမ့်မယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာ တွေကတော့ function သင်ခန်းစာမှာ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ derivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိဖို့၊ matrix သင်ခန်းစာမှာ matrix တစ်ခု A ရဲ့ inverse သင်္ကေတ A^{-1} နဲ့ transpose သင်္ကေတ A' လွဲမှားပြီး မရေးမိစေဖို့၊ geometry သင်ခန်းစာမှာ သဏ္ဌာန် တူခြင်း (similarity) သင်္ကေတ $\sim$ နဲ့ ထပ်တူညီခြင်း (congruence) သင်္ကေတ $\cong$ လွဲမှားမရေးမိစေဖို့၊ vector သင်ခန်းစာမှာ vector တွေရဲ့ direction ကို ရည်ညွှန်းတဲ့မြားသင်္ကေတများ မကျန်ရစ်စေဖို့နဲ့ calculus သင်ခန်းစာမှာ derivative သင်္ကေတ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{\delta y}{\delta x}$ မှားယွင်း မရေးမိစေဖို့စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ဆက်လက်တင်ပြမယ့် ဒုတိယအမှားအမျိုးအစားကတော့ သင်္ချာသဘော တရားများနဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာမဖော်ပြတဲ့အတွက် အဓိပ္ပာယ်မပြည့်စုံခြင်း၊ ရှေ့နောက် အဆက်အစပ်ပြတ်တောက်ခြင်းစတဲ့ အမှားမျိုးဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ဥပမာများနဲ့ ရှင်းလင်းပါမယ်။

Polynomial $f(x) = 2x^2 - 5x + k$ အတွက် $x - 3$ ဟာ factor တစ်ခုဖြစ်ခဲ့ရင် k ကို ရှာပါဆိုတဲ့ ပုစ္ဆာကိုတွက်ရာမှာ-

$$\begin{aligned} f(x) &= 2x^2 - 5x + k \\ &x - 3 \text{ is a factor of } f(x). \\ \therefore f(3) &= 0 \\ 18 - 15 + k &= 0 \\ k &= -3 \end{aligned}$$

ဆိုပြီး တစ်ဆင့်ခြင်း ပြည့်စုံစွာ ရေးသားဖြေဆိုရပါမယ်။ factor သီအိုရမ်ကို အသုံးပြုထားချက်

$f(3) = 0$ ဆိုတဲ့ အဓိကအချက်မပါဝင်ခဲ့ရင် အဖြေမှန်ပေမယ့် အမှတ် ရမှာမဟုတ်ပါ။

နောက်ထပ်ဥပမာအနေနဲ့ calculus သင်ခန်းစာမှာ $\lim_{x\to 2}\frac{x^2-4}{x-2}$ တန်ဖိုးကို ရှာခိုင်းတဲ့ ပုစ္ဆာကို တွက်ရာတွင်

$$\begin{aligned} &\lim_{x\to 2}\frac{x^2-4}{x-2} \\ &= \lim_{x\to 2}\frac{(x+2)(x-2)}{x-2} \\ &= \lim_{x\to 2}(x+2) \\ &= 2+2 \\ &= 4 \end{aligned}$$

ဆိုပြီး ညီမျှခြင်းသင်္ကေတများကို စာတစ်ကြောင်းနဲ့တစ်ကြောင်း အဆက် အစပ်ရှိအောင် ပြည့်ပြည့်စုံစုံ ရေးသားပေးရပါမယ်။ ညီမျှခြင်းသင်္ကေတ များမပါဘဲ တွက်ထားခဲ့ရင် တစ်ဆင့်နဲ့တစ်ဆင့် အဆက်အစပ်ပြတ်တောက်ကာ အဓိပ္ပာယ်ဖွင့်မရတဲ့အတွက် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနိုင်ပါတယ်။

Function $y = e^{2x} \cos x$ ရဲ့ derivative ကို တွက်ရာမှာ

$$\frac{dy}{dx} = 2e^{2x}\cos x + e^{2x}(-\sin x)$$

ဆိုပြီး $(-\sin x)$ ကို ကွင်းခတ်ပြီး ရေးရပါမယ်။ $-\sin x$ ကို ကွင်းမခတ်ဘဲ ရေးခဲ့ရင်တော့ အဓိပ္ပာယ် လွဲမှားသွားတဲ့အတွက် အမှတ်များဆုံးရှုံးနိုင်ပါတယ်။

ဆက်လက်တင်ပြမယ့် တတိယအမှားအမျိုးအစားကတော့ အရေးကြီးတဲ့ တွက်ချက်မှု အဆင့်များ၊ အချက်အလက်များမပါခြင်း၊ လိုအပ်တဲ့ အဖြေ မရရှိသေးမီ ဖြေဆိုတွက်ချက်မှုကို ရပ်တန့်လိုက်ခြင်းတို့ဖြစ်ပါတယ်။ ဒါကိုလည်း ဥပမာများနဲ့ ဆွေးနွေးရှင်းလင်းပါမယ်။

$x \odot y = 3x^2 - 5xy + 3y^2$ လို့ သတ်မှတ်ပေးထားတဲ့ binary operation တစ်ခု ခသာကအအေလေန ဖြစ်ကြောင်း သက်သေပြရာတွင်

$$\begin{aligned} x \odot y &= 3x^2 - 5xy + 3y^2 \\ y \odot x &= 3y^2 - 5yx + 3x^2 \\ &= 3x^2 - 5xy + 3y^2 \\ \therefore x \odot y &= y \odot x \\ \therefore \odot &\text{ is commutative.} \end{aligned}$$

ဆိုပြီး ပြည့်စုံစွာရေးသားတွက်ချက်ရပါမယ်။ အထူးသဖြင့် $x \odot y = y \odot x$ ဆိုတဲ့ commutativity ရဲ့ အဓိပ္ပာယ်ကို ဖော်ညွှန်းတဲ့ ရေးသားဖော်ပြချက် မဖြစ်မနေပါရန် လိုအပ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ polynomial $f(x) = x^3 - 3x^2 + 5x - 9$ ကို $x - 3$ နဲ့ စားတဲ့အခါ ရရှိမယ့်အကြွင်း (remainder) ကို ရှာရာမှာ-

$$\begin{aligned} f(x) &= x^3 - 3x^2 + 5x - 9 \\ &f(x) \text{ is divided by } x - 3. \\ f(3) &= 27 - 27 + 15 - 9 \\ &= 6 \\ \therefore \text{remainder} &= 6 \end{aligned}$$

ဆိုပြီး ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ရပါမယ်။

အချို့စာဖြေသူတွေကတော့

$$\begin{aligned} f(x) &= x^3 - 3x^2 + 5x - 9 \\ &f(x) \text{ is divided by } x - 3. \\ f(x) &= 27 - 27 + 15 - 9 \\ &= 6. \end{aligned}$$

အဆင့်နဲ့ ရပ်တန့်ထားပြီး remainder = 6 ဆိုတဲ့ ရေးသားဖော်ပြချက်ကို ချန်ထားတတ်ကြပါတယ်။ ဒီပုစ္ဆာမှာ remainder ဟာ ပုစ္ဆာရဲ့သော့ချက် (keyword) ဖြစ်တာကြောင့် အဲဒီ keyword မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

Inequation တစ်ခု သို့မဟုတ် system of equations တစ်ခုရဲ့ solution set ကို ရှာခိုင်းတဲ့ ပုစ္ဆာမှာ solution တွေကို စုစည်းပြီး set တည်ဆောက်ပေး တဲ့အဆင့်အထိ တွက်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ညီမျှခြင်းတစ်ခု မှန်ကန်ကြောင်း သက်သေပြခိုင်းတဲ့ ပုစ္ဆာကို ဖြေရှင်းရာမှာ ညီမျှခြင်းရဲ့ လက်ဝဲဘက်နဲ့ လက်ယာဘက်ကို သီးခြားစီတွက်ခဲ့ရင် ပုစ္ဆာကနောက်ဆုံး လိုချင်တဲ့ အဖြေဖြစ်တဲ့ ညီမျှခြင်းရဲ့ လက်ဝဲဘက်နဲ့ လက်ယာဘက်ညီပါတယ်ဆိုတဲ့ ကောက်ချက် (conclusion) ချတဲ့အဆင့်အထိ ရေးပေးရမှာဖြစ်ပါတယ်။ အဲဒီလို ကောက်ချက်မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနစ်နာနိုင်ပါတယ်။

နောက်ဥပမာတစ်ခုအနေနဲ့ function သုံးခု f, g နဲ့ h တို့ ပေါင်းစပ်ထားတဲ့ function

$f \circ (g \circ h)$ ရဲ့ ပုံသေနည်းရှာရာမှာ

$$\begin{aligned} (f \circ (g \circ h))(x) &= f((g \circ h)(x)) \\ &= f(g(h(x))) \end{aligned}$$

လို့ တစ်ဆင့်ချင်း ပြည့်စုံစွာရေးသားတွက်ချက်ရပါမယ်။

$$(f \circ (g \circ h))(x) = f(g(h(x)))$$

ဟူ၍ အဆင့်ကျော်ပြီး ရေးသားခဲ့ရင် circle operation နှစ်ခုအနက် ဘယ် operation ကိုအရင် ဖြေရှင်းတယ်ဆိုတာ မပါဝင်၊ မပေါ်လွင်တဲ့အတွက် ရသင့်တဲ့အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

ဆက်လက်တင်ပြမယ့် စတုတ္ထအမှားအမျိုးအစားကတော့ ပုစ္ဆာက သတ်မှတ်ပေးထားတဲ့ တွက်ချက်နည်းမျိုးနဲ့မတွက်ဘဲ အခြားနည်းများနဲ့ တွက်ချက်တဲ့ မှားယွင်းမှုများဖြစ်ပါတယ်။

ဥပမာအားဖြင့် inequation တစ်ခုရဲ့ solution set ရှာတဲ့ပုစ္ဆာမှာ graphical method နဲ့ တွက်ပါလို့ သတ်မှတ်ထားရင် အဲဒီနည်းနဲ့ပဲ တွက် ပေးရမှာဖြစ်ပါတယ်။ algebraic method နဲ့ တွက်မယ်ဆိုရင် အဖြေမှန်ပေမယ့် အမှတ်ရမည်မဟုတ်ပါ။ အလားတူစွာ matrix တစ်ခုရဲ့ inverse ရှာတဲ့ပုစ္ဆာမှာ use the definition of inverse matrix လို့ ပြောထားရင် inverse matrix ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကိုသုံးပြီး တွက်ချက်မှသာ အမှတ်ရပါမယ်။ probability တန်ဖိုးတွက်ဖို့ possible outcomes တွေရှာတဲ့အခါ tree diagram ဆွဲ၍ရှာပါလို့ ကန့်သတ်ထားရင် ကန့်သတ်ချက်နဲ့အညီ ရှာပေးဖို့ လိုပါတယ်။ calculus သင်ခန်းစာမှာ function တစ်ခုရဲ့ derivative ကို first principle သုံးပြီးရှာပါလို့ မေးလာခဲ့ရင် အဲဒီ principle သုံးပြီးတွက် ချက်ပေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုသူတွေ ပြုလုပ်တတ်တဲ့အမှားအမျိုးအစား (၄)မျိုးကို ဆွေးနွေးရှင်းလင်းပြီးတဲ့နောက် စာဖြေသူများကို သတိပေးလိုတဲ့ အချက် တစ်ချက်က ကိန်းဂဏန်းများတွက်ချက် ရှင်းလင်းမှု (numerical calculation) နဲ့ အက္ခရာကိန်းတန်းများစုစည်းရှင်းလင်းမှု (algebraic manipulation) များ ပြုလုပ်ရာတွင်မှားယွင်းမှုမရှိအောင် သတိပြုကြဖို့ ဖြစ်ပါတယ်။ စာဖြေသူတွေ ရသင့်ရထိုက်တဲ့ အမှတ်များကို ဆုံးရှုံးနစ်နာစေတဲ့ အကြောင်းရင်းတွေထဲမှာ ဒီလိုအချက်မျိုးလည်း ပါဝင်နေပါတယ်။

ဆက်လက်ပြီး သတိပေးချင်တာကတော့ Geometry ပုစ္ဆာများဖြေ ရှင်းရာမှာ လိုအပ်တဲ့ ပုံများကို ပြည့်ပြည့်စုံစုံနဲ့ မှန်မှန်ကန်ကန်ဆွဲသားကြဖို့၊ Trigonometry သင်ခန်းစာမှာ အကွာအဝေး (distance) နဲ့ အရပ်ညွှန်ထောင့် (bearing) ဆိုင်ရာပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်တဲ့ပုံများကို ပြည့်စုံမှန် ကန်စွာဆွဲသားပေးကြဖို့စတဲ့အချက်များ ဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူများကို အကြံပြုချင်တဲ့ နောက်တစ်ချက်ကတော့ တက္ကသိုလ်ဝင် စာမေးပွဲသင်္ချာမေးခွန်းလွှာမှာပါဝင်တဲ့ section (A), section (B) နဲ့ section (C) အပိုင်းအသီးသီးကို ဖြေဆိုရာမှာ တစ်ပိုင်းစီအတွက် ဖြေဆိုချိန်ဘယ်လောက်ယူသင့်တယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အကြမ်း အားဖြင့် section (A) က multiple choice question (၂၅)ပုဒ်ကို အများဆုံး မိနစ် (၄၀) ခန့်ဖြင့်လည်းကောင်း၊ section (B) က (၃)မှတ်တန် ပုစ္ဆာ (၅) ပုဒ်ကို အများဆုံး မိနစ် (၃၀)ခန့်ဖြင့်လည်းကောင်း၊ section (C) မှ (၁၀) မှတ်တန် ပုစ္ဆာ (၆)ပုဒ်ကို အများဆုံး မိနစ် (၉၀) ခန့်ဖြင့်လည်းကောင်း အပြီး ဖြေဆိုနိုင်ရန် လိုအပ်ပါတယ်။ အဲဒီနှုန်းတွေအတိုင်း ဖြေဆိုနိုင်မယ်ဆိုရင် မိမိတို့ရဲ့ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံးမိနစ် (၂၀)ခန့် ရရှိမှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ရေးသားဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရာတွင် အကြံပြု ချင်တဲ့ အချက်တစ်ရပ်ရှိပါတယ်။ အဲဒါကတော့ စာမေးပွဲမှာမေးတဲ့ မေးခွန်း ပုစ္ဆာအချို့အတွက် မိမိတို့ရဲ့ အဖြေများ မှန်၊ မမှန် ပုစ္ဆာရဲ့ ပေးထားချက်တွေနဲ့ ပြန်လည်ချိန်ကိုက် စစ်ဆေးကြည့်နိုင်တယ်ဆိုတဲ့အချက်ပါ။

ဥပမာအားဖြင့် Solve the system of equations, $x + 2y = 5$ and $3x - y = 1$ by matrix method ဆိုတဲ့ ပုစ္ဆာကို ဖြေရှင်းလို့ အဖြေ $x = 1$ နဲ့ $y = 2$ ရခဲ့ရင် မိမိတို့ရဲ့ အဖြေများမှန်၊ မမှန်

$x = 1$ နဲ့ $y = 2$ တို့ကို ပေးထားတဲ့ ညီမျှခြင်းများရဲ့ လက်ဝဲဘက်မှာ အစားထိုးကြည့်ပြီး လက်ယာဘက်က တန်ဖိုးများနဲ့ ညီ၊ မညီ ချိန်ကိုက်စစ် ဆေးကြည့်လို့ရပါတယ်။ ဒီလိုချိန်ကိုက် စစ်ဆေးမှုမျိုးဟာ ထိရောက်သေချာပြီး အချိန်ကုန်လည်း သက်သာစေပါတယ်။

ယခုတင်ပြခဲ့တဲ့ ဆွေးနွေးချက်တွေကို စုစည်းပြီး အကျဉ်းချုပ်မှာကြားလိုတာ ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်္ချာဘာသာဖြေဆိုရာတွင်-

(၁) ကိန်းဂဏန်းတွက်ချက်မှုနဲ့ အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်း မှုများပြုလုပ်ရာတွင် မှားယွင်းမှုမရှိအောင် သေသေချာချာဂရုစိုက် တွက်ချက်ပါ။
(၂) သင်္ချာပုံသေနည်းများ၊ သင်္ချာသင်္ကေတများကို စနစ်တကျမှန်မှန် ကန်ကန်ရေးသားပါ။
(၃) ပုစ္ဆာတွင် တွက်နည်းကို ကန့်သတ်ထားပါက ကန့်သတ်ထားတဲ့ တွက်နည်းဖြင့်သာ တွက်ပေးပါ။
(၄) အရေးကြီးတဲ့တွက်ချက်မှုအဆင့်များ၊ မပါမဖြစ်လိုအပ်တဲ့ အချက် အလက်များကို အသေးစိတ် ပြည့်စုံတိကျစွာ ရေးသားတွက်ချက်ပါ။
(၅) မေးခွန်းက တောင်းဆိုတဲ့အဖြေရရှိတဲ့အဆင့်အထိ ပြည့်ပြည့်စုံစုံ ရေးသားဖြေဆိုပါ။
(၆) ပုစ္ဆာတွင်မေးထားတဲ့ သော့ချက်စကားလုံး (keyword) များ၊ မိမိ တို့ရဲ့အဖြေမှာပါဝင်ပါစေ။
(၇) မိမိတို့ရဲ့ စာဖြေချိန်ကို အပိုင်းတစ်ခုစီအလိုက် စနစ်တကျခွဲဝေအသုံး ချပြီး ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန်အနည်းဆုံး မိနစ် (၂၀)ခန့်ရအောင်ယူလျက် ပြန်လည်စစ်ဆေးကြပါ။
(၈) သင်္ချာသင်ရိုးတစ်ခုလုံးမှာပါတဲ့ သီအိုရီသဘောတရားတွေ၊ မှန်ကန် ချက်တွေ၊ ပုံသေနည်းတွေကို ပိုင်ပိုင်နိုင်နိုင် နားလည်မှတ်မိနေ အောင် လေ့လာထားကြပါ။ ပုစ္ဆာများကို ကျွမ်းကျွမ်းကျင်ကျင် လျင်လျင်မြန်မြန် ဖြေရှင်းနိုင်အောင် ထပ်တလဲလဲလေ့ကျင့်ထားကြပါ။

ယခုဆွေးနွေးအကြံပေးခဲ့တဲ့ အချက်အလက်တွေဟာ သင်္ချာဘာသာရပ်ကို ဖြေဆိုရာမှာ ကောင်းစွာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကျောင်းသား ကျောင်းသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ သင်္ချာဘာသာရပ်ကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေး ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

ပြည်တွင်းသတင်း

ကမ္ဘာ့ရေကြောင်းတက္ကသိုလ်မှ သင်ကြားမှုများကို ရေကြောင်းပညာကျောင်းသားများ ရယူနိုင်ပြီ

သတင်း-ခင်ရတနာ
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

ကမ္ဘာ့ရေကြောင်းတက္ကသိုလ်နှင့် ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနတို့ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့် ပထမဆုံးသော ကမ္ဘာ့ရေကြောင်း တက္ကသိုလ်ကျောင်းသားဟောင်းများ ညီလာခံကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့ပြီး မြန်မာ့ရေကြောင်း ပညာကျွမ်းကျင်ပညာရှင်များ ပိုမိုထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ ၁၉၈၃ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ ကမ္ဘာ့ရေကြောင်းတက္ကသိုလ် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပေါင်း ၁၆၅ နိုင်ငံမှ ပညာရှင် ၄၀၀၀ကျော် မွေးထုတ်ပေးခဲ့ကာ မြန်မာနိုင်ငံသား မဟာဘွဲ့ရ ရေကြောင်းပညာရှင် ၄၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

"ပူးပေါင်းဆောင်ရွက်မှုတွေကို တရားဝင်သဘောနဲ့ အရှိန်မြှင့်တင်သွားဖို့ရှိပါတယ်။ ကျောင်းသားတွေအတွက် နည်းပညာ၊ အတွေ့အကြုံနဲ့ သင်ကြားမှုနည်းစနစ်တွေရဖို့ အခွင့်အလမ်းကြီးတစ်ခုဖြစ်သလို အလုပ်အကိုင်ရရှိမှုအတွက်လည်း အများကြီးအထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက ပြောကြားသည်။

နားလည်မှုစာချွန်လွှာ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ရေကြောင်းဆိုင်ရာ ပညာရပ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ရေယာဉ်ခုတ်မောင်းခြင်းဆိုင်ရာ နည်းပညာများနှင့် ရေကြောင်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှု စီမံခန့်ခွဲခြင်းများ သင်ယူနိုင်မည်ဖြစ်ပြီး ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများ၊ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သင်တန်းများနှင့် အဝေးသင်ပညာရေးစနစ်များကို ရယူနိုင်ရန် နားလည်မှုရယူနိုင်ခဲ့ကြောင်း ဦးမောင်မောင်ဦးက ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ရေကြောင်းတက္ကသိုလ်ကျောင်းသားများဖြစ်သော အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မော်လ်ဒိုက်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် မြန်မာကျောင်းသားများက ရေကြောင်းလုပ်ငန်း တိုးတက်ဖြစ်ထွန်းရေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဝင်ရောက်ဆွေးနွေးပေးခဲ့ကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ထားဝယ်ခရိုင်တွင်တိုးချဲ့ဆောင်ရွက်

ထားဝယ် ဇန်နဝါရီ ၂၉

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင် ကျေးရွာစီမံကိန်းတိုးချဲ့ဆောင်ရွက်ခြင်းနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်းပေးခြင်းများကို ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် သဲချောင်းကြီးကျေးရွာ၌ ဇန်နဝါရီ ၁၃ ရက်နှင့် ထားဝယ်မြို့နယ်ရှမ္မတွင်းကျေးရွာတွင် ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်း တိုးချဲ့ဆောင်ရွက်ရာ၌ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး ဦးသက်ပိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၊ ထားဝယ်ခရိုင် ဦးစီးမှူး ဦးငွေသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လုပ်ထုံးလုပ်နည်းနှင့်ငွေစာရင်းရေးသွင်းခြင်း၊ ထားဝယ်မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းဌေးက လက်တွေ့ငွေစာရင်း ရေးသွင်းနည်းများ ရှင်းလင်းဆွေးနွေးပို့ချခြင်းနှင့် ကျေးရွာကော်မတီများ ရွေးချယ်ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ထားဝယ်ခရိုင်အတွင်း လောင်းလုံမြို့နယ်တွင် ၁၀ ရွာ၊ ရေဖြူမြို့နယ်တွင် ၁၁ ရွာ၊ သရက်ချောင်းမြို့နယ်တွင် တစ်ရွာ၊ ထားဝယ်မြို့နယ်တွင် တစ်ရွာ၊ စုစုပေါင်း ၂၃ ရွာမှ အသင်းဝင်မိသားစု ၂၀၆၄ စု၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၆၉၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ စာရင်းကောက်ယူ

ကွတ်ခိုင် ဇန်နဝါရီ ၂၉

ကွတ်ခိုင်မြို့နယ်တွင် မြို့နယ်အတွင်းရှိ အိမ်ထောင်စုစာရင်းလက်ဝယ်ရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူ မည်သည့်လက်မှတ်မျှ မကိုင်ဆောင်သေးသောသူများစာရင်း ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။ထိုသို့ ကောက်ယူရရှိသော စာရင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ တင်ပြလာပါက မြို့နယ်ဦးစီးဌာနမှူးရုံးမှ ရှေ့ပြေးပုံစံကြိုတင်ဖြန့်ချိ၍ နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၆/၇) သွေးနှောသူများကို မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

မြို့သစ်မြို့နယ် ကန်သာကျေးရွာအနီးတွင် ရထားနှင့် နွားဝင်တိုက်မိခဲ့သဖြင့် နွားတစ်ကောင်သေဆုံး

မကွေး ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကန်သာကျေးရွာအနီး ရထားလှည်းလမ်းကူးတွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ရထားလမ်းပေါ်တက်လာသည့် နွားတစ်ကောင် ရထားနှင့် တိုက်မိခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဂံဘူတာမှ ထွက်ခွာလာသော စက်ခေါင်းမောင်း ဦးခင်မောင်အေး မောင်းနှင်လာသည့် အမှတ် (၁၀၈)အစုန်၊ စက်ခေါင်းအမှတ် RBE 5003 ပုဂံ-နေပြည်တော်ရထားသည် နတ်မောက်ဘက်မှ မြို့သစ်ဘက်သို့ မောင်းနှင်လာစဉ် ကန်သာကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၃၀၈/၃) နှင့် (၃၀၈/၄) အကြားတွင် မြို့သစ်-နတ်မောက်ကားလမ်းဘက်မှ ကန်သာကျေးရွာဘက်သို့ ဖြတ်မောင်းလာသည့် နွားတစ်ကောင်ကို ဝင်ရောက်တိုက်မိခဲ့ကာ နွားမှာအခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး နွားပိုင်ရှင် (အမည်မသိ)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ရထားလမ်းပေါ်သို့ သတိမမူပေါ့လျော့စွာ နွားကို မောင်းနှင်ခဲ့သူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် မြို့သစ်ဘူတာမှ မီးရထားရုံပိုင် ဦးမောင်မောင်ထွေးက တရားလိုပြုတိုင်တန်းခဲ့သောကြောင့် မြို့သစ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

စာကြည့်တိုက် အဆောက်အအုံသစ် လှူဒါန်းပွဲကျင်းပ

မြို့လှ ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင်မြို့လှမြို့နယ် အမတ်ကြီးကုန်းကျေးရွာနေ ပြည်သူများစာပေအသိ၊ စာပေပညာဗဟုသုတအသိပညာများ တိုးပွားရရှိစေရန်အတွက် အလှူရှင်လေးဦးမှ စုပေါင်းလှူဒါန်းသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲကအဆိုပါအဆောက်အအုံရှေ့ မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းသောင်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ပပသိန်းက စာဖတ်ရခြင်းအကျိုးကျေးဇူးအကြောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စာရင်းကိုင်အလိုရှိသည်

1. **Accountant** **F (2)Posts**
- B.com (CPA) အောင်မြင်ပြီးသူဖြစ်ရမည်။
- Computerized Accounting Software သုံးတတ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဖြစ်ရမည်။
- Profit & Loss, Balance Sheet အထိ ရေးဆွဲနိုင်သူ ဖြစ်ရမည်။
- ရန်ကုန်(သို့)နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- လစာညှိနှိုင်း

2. **Assistant Accountant** **F (2)Posts**
- B.com(or) LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- Computer, Excel ကျွမ်းကျင်စွာ သုံးတတ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။
- ရန်ကုန်(သို့)နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- လစာညှိနှိုင်း

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ CV Form၊ အလုပ်သမားမှတ်ပုံတင်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းမိတ္တူများနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၈၀၅၁၆၊ ၀၉-၅၀၈၀၅၁၄

21 Century အကျိုးဆောင်

အိမ်၊ ခြံ၊ မြေအထွေထွေအကျိုးဆောင်ကုမ္ပဏီ
ရောင်း၊ ဝယ်၊ ငှား ဝန်ဆောင်မှု
ကန်ထရိုက်ဆောက်လုပ်ခြင်း ဝန်ဆောင်မှု
အမှတ် ၆၃၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ရန်ကုန်မြို့
No 63, Bo Hmu Ba Htoo Road, 43 Quarter, North Dagon Tsp, Yangon

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၄

ဒေါ်ဌေးဌေးမေ **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်း၊ ၈၁×၈၂လမ်းကြား၊ အကွက်အမှတ် (၅၈၄)နေ အရွယ်မရောက်သေးသောသူငယ်ဖြစ်သော မောင်ဟိန်းမင်းသန့်၏ ကိုယ်နှင့်၎င်းပူးတွဲပိုင်ဆိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်း၊ ၈၁×၈၂လမ်းကြား၊ အကွက်အမှတ် (၅၈၄)နေ ဒေါ်ဌေးဌေးမေမှ အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ဟိန်းမင်းသန့်၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်)တွင် ဆိုင်ဆိုရန်ချိန်းဆိုထားသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောနွဲ့နွဲ့ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တည်င်းကုန်းရပ်ကွက် (ချမ်းသာကြီး) ဂေါက်ကွင်းလမ်း၊ အမှတ် ၁၂/၇၈ဟုခေါ်တွင်သော အလျား ၂၂ ဒသမ ၆ပေ×အနံ၄၂ပေ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးမြင့် ၁၂/အစန(နိုင်)၀၁၄၃၃၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L **ဒေါ်ဖြူဖြူခိုင် LL.B, D.B.L, D.M.L**
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြောက်ဒဂုံမြို့နယ်၊ ရပ်ကွက်စုံရှိ မြေကွက်များနှင့် ဦးဝိစာရလမ်းမပေါ်ရှိ မြေကွက်များ ဝယ်လိုသည်။ **ဖုန်း-၀၉-၉၇၀၀၅၄၆၉၉၊ ၀၉-၃၆၀၇၀၄၆၅**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9935, Suzuki Carry DA 63T, P/U (4x2)Ⓡ ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင် ၁၂/ဒဂတ(နိုင်)၀၇၆၉၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ပြည်တွင်းသတင်း

ကျိုက္ကဆံကွင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံအဆောက်အအုံကို နိုင်ငံတကာအဆင့်မြှင့်တင်မည်

နေပြည်တော် ဇန်နဝါရီ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် Kyaik Ka San Land Development Pte.Ltd. မှ Chairman ဖြစ်သူ Mr . Takeshi Tanaka ဦးဆောင်သောအဖွဲ့ကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးရာတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ သိပ္ပံအဆောက်အအုံကို နိုင်ငံတကာ အဆင့်မြှင့်တင်ရန်နှင့် Central Business District -CBD မြို့ တည်ဆောက်ရန် ကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ဂျပန်နိုင်ငံမှ အိမ်ရာအဆောက်အအုံ ကုမ္ပဏီ (Real Estate) ဖြစ်သော Raysum Co., Ltd.၊ Ikeya Corporation နှင့် Mariana Investment Pte.Ltd. တို့ ပူးပေါင်း၍ စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော Kyaik Ka San Land Development Pte.Ltd.မှ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံအဆောက်အအုံကို နိုင်ငံတကာအဆင့်မြှင့်တင်ရန်နှင့် Central Business District - CBD မြို့တည်ထောင်ရန်အတွက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင်ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်အားကစားမြို့ ဒီဇိုင်းကို တာဝန်ယူရေးဆွဲသော Azusa Sekkei ကုမ္ပဏီမှ အဆိုပါ Central Business District-CBD မြို့ ဒီဇိုင်းကို ရေးဆွဲ၍ Mitsubishi ကုမ္ပဏီမှ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ AEON Mall ကုမ္ပဏီမှ စူပါမားကတ်များ၊ ဈေးဝယ်စင်တာများတည်ထောင်၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့် ဂျပန်နိုင်ငံ ထိပ်တန်းကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမည့် ဖော်ပြပါ Central Business District - CBD မြို့မှာ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ရေး၊ စွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာ အသုံးချနိုင်ရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့နည်းရေးနှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနည်းဆုံးဖြစ်ရေးတို့ကို ဦးတည်၍ တည်ဆောက်သွားမည်ဖြစ်၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်သောရန်ကုန်မြို့ရှိ အထိမ်းအမှတ်နေရာတစ်ခု ဖြစ်လာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးဖော်

တပ်ကုန်း ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီနယ်မြေ ရှောက်ကုန်းအုပ်စုအတွင်း လယ်ယာမြေများ မြေအောက်ရေဖြင့် စိုက်ပျိုးရေ ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် စက်ရေတွင်းနှစ်တွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ရှစ်တွင်း၊ လှူထားပြီး ဒေါ်ခင်မြင့် ကွင်းအမှတ် (၁၄၁၁-က) ကွင်းတွင် တစ်တွင်း၊ ဒေါ်သေး ကွင်းအမှတ် (၁၄၁၃-ခ) ကွင်းတွင် တစ်တွင်း၊ ဦးနီ ကွင်းအမှတ် (၁၄၁၂) ကွင်းတွင် တစ်တွင်း၊ ဦးမြင့်အောင် ကွင်းအမှတ် (၁၄၁၃) ကွင်းတွင် တစ်တွင်း စုစုပေါင်း စက်ရေတွင်းလေးတွင်း တူးဖော်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ စက်ရေတွင်းများ တူးဖော်ပြီးစီးမှုကို မြို့နယ်တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက်တွင် လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းမြေအောက်ရေစက် ရေတွင်းများသည် အနက်ပေ(၁၇၀/၁၉၀)၊ အကျယ် ၁၀ လက်မရှိပြီး လယ်ယာသီးနှံ စိုက်ပျိုးရာတွင် စက်ရေတွင်း တစ်တွင်းလျှင် ဧက ၃၀ အထိ စိုက်ပျိုးရေ အသုံးပြုနိုင်ကြောင်း သိရသည်။

(၄၁၇)

အသက် ၁၀၀ နှစ်အထက် အဘိုးအဘွားများအား ဂုဏ်ပြု

တန့်ယန်း ဇန်နဝါရီ ၂၉

နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး အဘွားများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့၌ ဇန်နဝါရီ ၂၆ ရက်က မြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပသည်။ အခမ်းအနားတွင် ၁၀၃ နှစ်ရှိ အဘိုး ပုလွယ်ရွက်ငင်းကို နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ချီးမြှင့်ငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကချင်တိုင်းရင်းသားရေးရာဝန်ကြီး ဒူဝါဇုတ်ဒေါင်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး (iprd)

ကံမမြို့၌ အသက် (၁၀၃)နှစ်ရှိ အဘွားအား ထောက်ပံ့

ကံမ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့အမှတ် (၁)ရပ်ကွက် မြို့မရပ်တွင် နေထိုင်လျက်ရှိသော အသက် (၁၀၃)နှစ်ရှိ အဘွား ဒေါ်လှတင်အား ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း

လူမှုကူညီရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

သီပေါ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ရှိ မြတ်မွန်စေတနာလူမှုကူညီရေး (နာရေး)အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌဦးအောင်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အသင်း၏ ၁၄ နှစ်တာကာလ ဖွဲ့စည်းခဲ့သော လူမှုရေးကိစ္စရပ်များဆောင်ရွက်မှုအပေါ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ မြတ်မွန်စေတနာအသင်း၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးသို့တင်သွင်းသော အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး(၁) ဦးစိုင်းဇော်ဝင်းက ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

စိုင်း(သီပေါ)

ကင်းထောက်မောင်မယ်များ လေ့လာရေးခရီးထွက် အလှူငွေများပေးအပ်လှူဒါန်း

ပုသိမ်ကြီး ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ် ၁၂၈ ဦးသည် ကင်းထောက်အဖွဲ့ခေါင်းဆောင် ဦးကျော်ထူးအောင်၊ ဒေါ်နွေနွေအောင်နှင့် နည်းပြကြီးကြပ် ဆရာ ဆရာမ ၁၉ ဦးနှင့်အတူ ဇန်နဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသသို့ စခန်းချ လေ့လာခြင်းနှင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကင်းထောက် မောင်မယ်နှင့်အဖွဲ့သည် မင်းကွန်းဒေသ မြသိန်းတန်စေတီ၊ မင်းကွန်းခေါင်းလောင်း၊ မင်းကွန်းဆရာတော်ကြီး ပြတိုက်နှင့် မင်းကွန်းပုထိုးတော်ကြီးတို့ကို လေ့လာခဲ့သည်။ တောင်တက်ခရီးအဖြစ် ပုထိုးတော်ကြီးပေါ်သို့ တက်ရောက်လေ့လာခဲ့ကြပြီး ခြသေ့ ရုပ်တုကြီးရှေ့တွင် အုပ်စုခွဲ၍ စခန်းချခဲ့ကြသည်။ ထို့နောက် ပရဟိတလုပ်ငန်းအဖြစ် မင်းကွန်းဘိုးဘွားရိပ်သာသို့ သွားရောက်ခဲ့ပြီး သက်ကြီးဘိုးဘွားများအား အလှူငွေကျပ်တစ်သိန်းခွဲကို ငွေပဒေသာပင်အဖြစ် ပေးအပ်လှူဒါန်းရာ ရိပ်သာတာဝန်ခံ ဦးခင်အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ ကင်းထောက်အဖွဲ့သည် ညနေပိုင်းအချိန်တွင် အခြေခံပညာအထက်တန်းကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း (ပုသိမ်ကြီး)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ဂုတ်ထိပ်တံတားကို ဖြတ်သန်းကြည့်ရှုလေ့လာနိုင်မည့် နောင်ချို-နောင်ပိန်-နောင်ချိုခရီးစဉ်တွင် ထိုင်ခုံပါ RGC ယာဉ်အား စင်းလုံးငှားအဖြစ် ငှားရမ်းအသုံးပြုနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် နိုင်ငံခြားသားခရီးသည်များ နှစ်သက်စွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည့် မန္တလေး-လားရှိုးရထားလမ်းပိုင်းအတွင်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား ဖြတ်သန်းလေ့လာနိုင်မည့် ခရီးစဉ်ဖြစ်သော နောင်ချိုဘူတာမှ နောင်ပိန်ဘူတာအထိ ၁၆.၀၀ မိုင်ကို မြန်မာ့မီးရထားရှိ RGC -110 ယာဉ်ဖြင့် စင်းလုံးငှား(Charter) အထူးခရီးစဉ်ကို ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ RGC -110 တွင် ခရီးသည် ၂၀ဦးထိုင်ခုံဖြင့် လိုက်ပါနိုင်၍ လမ်းဘေးဝဲ/ယာရှုခင်းအား အလွယ်တကူလေ့လာကြည့်ရှုဓာတ်ပုံရိုက်နိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ပါသည်။ RGC - ယာဉ်အား နောင်ချိုဘူတာတွင် အခြေပြုထားရှိမည်ဖြစ်ပြီး နောင်ချိုဘူတာမှ နောင်ပိန်ဘူတာအထိ ခုတ်မောင်းချိန် ၁နာရီ ၁၅မိနစ်ခန့် ကြာမြင့်မည်ဖြစ်ရာ လမ်းခရီး၌ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်တံတားထိပ် တစ်ဖက်တစ်ချက်စီ (တံတားကြီးပေါ်မပါ)တွင် ၁၀မိနစ်စီ ရပ်နားပေးမည်ဖြစ်ပါသည်။

၃။ ခရီးစဉ်တွင် နောင်ချိုဘူတာမှ စတင်စီးနင်းနိုင်သကဲ့သို့ နောင်ပိန်ဘူတာမှလည်း စတင်စီးနင်းနိုင်ပါသည်။ အဆန်(သို့မဟုတ်) အစုန်ခရီးစဉ်တစ်ခုအတွက် စင်းလုံးငှားရမ်းခမှာ (၁၀၀၀၀၀/-) (ကျပ်တစ်သိန်းတိတိ)ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပခရီးသွားများအနေဖြင့် အဆိုပါခရီးစဉ်အား စီးနင်းလိုက်ပါလိုပါက အနည်းဆုံး သုံးရက်ကြိုတင်၍လည်းကောင်း၊ နေ့ချင်းအသုံးပြုလိုသူများရှိပါကလည်း ဦးစားပေးအလှည့်ကျစနစ်ဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ စီးနင်းလိုက်ပါလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းငှားရမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

အထွေထွေမန်နေဂျာ (စီးပွားရေး) ဖုန်း-၀၆၇-၇၇၀၁၃
ဒု-အထွေထွေမန်နေဂျာ (ခရီးသည်) ဖုန်း-၀၆၇-၇၇၀၈၁
လက်ထောက်အထွေထွေမန်နေဂျာ (ခရီးသည်) ဖုန်း-၀၆၇-၇၇၀၈၂
မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ် (၃)တိုင်း-မန္တလေး ဖုန်း-၀၂-၃၅၉၈၆
ခရီးသည်ဌာနခွဲ၊ စီးပွားရေးဌာန၊ မြန်မာ့မီးရထား ဖုန်း-၀၆၇-၇၇၁၁၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

(၂) တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၈-၁-၂၀၁၅ ရက်မှ ၃-၂-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၃-၂-၂၀၁၅ရက် ညနေ ၄ နာရီဖြစ်ပါသည်။

(၃) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ နှင့် ၀၂-၆၂၉၃၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်ဝင်းမာ ၁၂/လမန(နိုင်) ၁၄၀၁၆၄၏ နိုင်ငံကူးလက်မှတ် A-014953 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၁၆၇၆၃

3D MYANMAR မှ ပညာသင်ဝန်ထမ်းများအလိုရှိသည်

Rhino Gold အားအသုံးပြုပြီး လက်ဝတ်ရတနာဒီဇိုင်းများရေးဆွဲနိုင်ရန် သင်ကြားပေးမည်။ ပညာသင်အစမ်းခန့်ကာလအတွင်း ထိုက်တန်သော လစာပေးမည်။ 3D ဒီဇိုင်းရေးဆွဲခြင်းအား အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ပြီး တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားရမည်။ Auto CAD နှင့် Computer အခြေခံရှိသူဦးစားပေးမည်။ (၂၀၁)၊သီဟသုရလမ်း၊ ၁၁ ရပ်ကွက်၊တ/ဉ၊ ရန်ကုန်။

ဖုန်း- 01-570798, 09-420096000, 09-420754739 info@ lifeandchallenge.com

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် (၆၂၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၂၀/ခ)၊ ဇရာ ၁၄လမ်း (ဦးကျော်ထွန်း(ခ) ဦးမှုံ အေဝိုင်ဒဗလျူ ၀၄၀၃၃၅) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးကျော်ထွန်း(ခ)ဦးမှုံ၊မိခင်ဒေါ်မြမြ ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာဝင်း ၉/ရမသ(နိုင်)၀၀၀၄၅၀ က ကိတ္တိမသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ် (၂၅၃/၁၄)တင်ပြ၍ ၄င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၂၄၁/၁၄)ဖြင့် ရရှိသူ ဦးခင်မောင်တာ ၁၂/တမန(နိုင်)၀၈၁၄၉၂ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သဃင်္န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ် (၅၂၉)၊ မြေကွက်တည်နေရာအမှတ် ၅၂၉၊ မြသီတာလမ်း၊ ၁၆/၁ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ် (ဒေါ်ကျင်) ၁၂/သဃက(နိုင်)၀၁၀၂၂၆၊ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်ကျင်နှင့် (ဖခင်)ဦးခင်ညွန့်တို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းအေး ၁၂/သဃက(နိုင်) ၀၁၀၂၂၈၊ ဦးအေးသိန်း ၁၂/သဃက(နိုင်)၀၁၀၂၂၉၊ ဒေါ်စန္ဒာအေး ၁၂/သဃက(နိုင်)၀၁၀၂၃၀၊ ဦးဇော်အေး ၁၂/သဃက(နိုင်)၀၁၀၂၃၁၊ ဦးသက်ညိုထွေး ၁၂/သဃက(နိုင်)၀၀၄၁၁၂၊ ဒေါ်စပ္ပါယ်ထွေး ၁၂/သဃက(နိုင်)၀၀၄၁၁၃၊ ဦးညီညီလေး ၁၂/သဃက(နိုင်)၀၁၀၂၃၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ မိခင်၊ ဖခင်သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

ဖုန်း- 09-250018413, 09-73095677

ပြည်တွင်းသတင်း

သုံးခွမြို့၌ တောင်သူလယ်သမားအသင်းရုံးဖွင့်ပွဲကျင်းပ

သုံးခွ ဇန်နဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ တောင်သူလယ်သမားအသင်းရုံးဖွင့်ပွဲကို အမှတ် (၂)ရပ်ကွက် မြနန္ဒာလမ်း ဦးဝင်းကျော်၏နေအိမ်၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

ရုံးဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ခရိုင်တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် မြို့နယ်တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေက အသင်း၏ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ သုံးခွမြို့နယ် တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးဝင်းကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

"ကျွန်တော်တို့ တောင်သူလယ်သမားအသင်းဟာ မဖြစ်နိုင်တာကို လုပ်မပေးပါဘူး။ ဖြစ်နိုင်တာကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ လုပ်ပေးသွားမှာဖြစ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လယ်သမားတို့အတွက် ဆိုတဲ့ဆောင်ပုဒ်လေးတွေအရ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်း၊ မြို့နယ်စိုက်ပျိုးရေးတို့နဲ့ တတ်နိုင်တာကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမယ်။ ဒါမှသာ လယ်သမားတွေရဲ့ အဘက်ဘက်ကလုပ်ငန်းတွေ အောင်မြင်မှာဖြစ်ပါတယ်"ဟု ခရိုင်တောင်သူလယ်သမားအသင်း အတွင်းရေးမှူး ဦးခင်မောင်ထွေးက တောင်သူလယ်သမားအသင်း၏ ဆောင်ရွက်ပေးမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားသည်။ **ရွှေတိုင်လွင်**

မြစိမ်းရောင်ကျေးရွာစီမံကိန်းများအောင်မြင်ပြီး ရန်ပုံငွေတိုးပွားလျက်ရှိ

မိတ္ထီလာ ဇန်နဝါရီ ၂၉

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာငါးရွာတွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အောင်မြင်လျက်ရှိပြီး ရန်ပုံငွေလည်း တိုးပွားလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများ သုံးသပ်ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာတွင် ဤကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအေးဇော်မြင့်က မိတ္ထီလာမြို့နယ်တွင် ကျေးရွာပေါင်း ၃၇၉ ရွာရှိသည့်အနက် ဆင်းရဲသည့်ကျေးရွာ၊ တရားဥပဒေစိုးမိုးသည့် ကျေးရွာ၊ စိုက်ပျိုးမွေးမြူရေးကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေသည့် ကျေးရွာ၊ စီမံကိန်းအပေါ် စိတ်ဝင်စားသည့် ကျေးရွာနှင့် ကျန်းမာရေး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှု စသည့်အချက်များနှင့်ကိုက်ညီသည့် သဘွတ်ကုန်း၊ အောင်းကန်၊ အိုမတွေ့၊ ဆည်ကုန်းနှင့် ဆပ်ပြာကျင်းကျေးရွာတို့၌ ၂၀၁၄- ၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဆပ်ကော်မတီတို့၏ လုပ်ငန်းစွမ်းဆောင်မှု၊ ချေးငွေ ချေးပေးမှုပမာဏနှင့် ငွေချေးပေးမှုများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ခဲ့ကြောင်း၊ မြစိမ်းရောင်စီမံကိန်းကြောင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စု ၅၀၀ ကျော် လူဦးရေ ၃၀၀၀ ကျော်အတွက် လုပ်ငန်းပေါင်း ၄၉၀ ကျော်ကို လုပ်ကိုင်နိုင်ခဲ့ကြောင်း၊ ဆင်းရဲသည့်မိသားစုဝင်များ ဝင်ငွေတိုးပွားလာခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် နည်းပညာများရရှိခြင်း၊ တစ်ပိုင်တစ်နိုင်မိသားစု စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကျေးရွာသူ ကျေးရွာသားများ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာကြောင်း၊ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေလည်း တိုးပွားလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌများက မိမိတို့ လက်ရှိဆောင်ရွက်နေသည့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းများ၏ လုပ်ငန်းအခြေအနေနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သားသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေး အထောက်အကူဖြစ်စေရန်အတွက် ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သားသင်တန်း(Community Animal Health Worker Training)ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဇန်နဝါရီ ၂၆ ရက်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ပျားလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဦး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်သန်းဦးနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးဒေါက်တာကျော်ဝင်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် တစ်ပိုင်တစ်နိုင် နွား၊ ဝက်၊ သိုး၊ ဆိတ်မွေးမြူရေးနှင့် ဥစား၊ အသားစား ကြက်မွေးမြူရေး၊ ကာကွယ်ဆေးအသုံးပြုခြင်းနှင့် ကာကွယ်ဆေး၏ အခြေခံသဘောတရားများ၊ ကူးစက်ရောဂါ ထိန်းချုပ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များအစရှိသည့် မွေးမြူရေးဆိုင်ရာများကို သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကာလ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ လယ်ယားတောင်ကျေးရွာ၊ ရေထွက်ကျေးရွာ၊ တောင်ခြေကျေးရွာ၊ ရွာလုကျေးရွာနှင့် ရွာလတ်ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လွှတ်တော်ထောက်ပံ့ငွေပေးအပ်

တောင်ကြီး ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ရှိ တောင်နီကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာတွင် ရပ်ကွက် ကျေးရွာအုပ်စုများ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပံ့ ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က အမှာစကားပြောကြားသည်။ ထို့နောက် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက ရေလှောင်ကန်တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅သိန်းကို သိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ စိမ့်စမ်းရေ သွယ်တန်းခြင်းအတွက် ငွေကျပ် သိန်း ၂၀ ကို ကွန်လုံကျေးရွာအုပ်စု သိမ်အင်းကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

စိုင်းသန်းကျော်(တောင်ကြီး)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် ရန်ကုန်မြစ်တွင်း နစ်မြုပ်လျက်ရှိသော MT မြန်အောင်ရေယာဉ် အမြုပ်အား လက်ရှိအခြေအနေအတိုင်း လုပ်အားခဖြင့် ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် ပဋ္ဌမအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၂-၂၀၁၅ရက်မှ ၉-၂-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)နေပြည်တော်
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၀-၂-၂၀၁၅ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂:၀၀နာရီ၊ ရုံးအမှတ် (၄၄)နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၁၀-၂-၂၀၁၅ရက်၊ ၁၃:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6163, Isuzu TF, P/U (4×2)® Extra Cab ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နောင်နောင် ၁၃/လရန(နိုင်)၁၃၃၆၇၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က)	Freeze Dryer (Temp: -45˚ C to +75˚ C)	(1) No
(ခ)	ဥဖောက်စက် (၇၀၀-၁၀၀၀ ဆံ့)	(50) Nos
(ဂ)	ကောက်ရိုးထုံးစက် (60 Viss/ hour)	(1) No

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇၊ ၀၁-၆၄၀၆၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ရောင်းရန်ရှိသည်

အသုံးပြုနေဆဲ ပလတ်စတစ် PET ဗူးခွံထုတ်စက် (Blowing Machines) ကျူ့ထုတ်စက်၊ အဖုံးထုတ်စက် Injection Machines-260 PET, 380 PET များ ရောင်းရန်ရှိသည်။ ဆက်သွယ်ရန် ဖုန်း-၀၁-၆၁၈၂၉၀၊ ၆၁၈၂၉၁ (Ext: 102) တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးအောက်ရှိ အကျဉ်းထောင်/စခန်းမှ အကျဉ်းသားများ စားသုံးရန်လိုအပ်သော ရိက္ခာဆန်ဝယ်ယူရေး အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

လျှောက်လွှာရောင်းချမည့်ရက် - ၃၀-၁-၂၀၁၅ ရက်မှ၉-၂-၂၀၁၅ရက်အထိ
တင်ဒါဖွင့်မည့်ရက် - ၁၀-၂-၂၀၁၅ရက်၊ ၁၀:၀၀နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး (ဘားအံမြို့)

၂။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးနှင့်ဘားအံအကျဉ်းထောင်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၉-၄၉၂၆၈၁၉၇၊ ၀၉-၅၆၆၁၇၁၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန၊ ဘားအံမြို့

တိုက်ခန်းရောင်းမည်
ပွဲစားမလို

၁၈ ပေ × ပေ ၆၀ - ခြောက်လွှာ ရှေ့/နောက်၊ ဝရန်တာသံပန်းပါ၊ အိပ်ခန်းနှစ်ခန်း ပြင်ဆင်ပြီး အသင့်နေနိုင် မြင့်မိုလ်လမ်း၊ စမ်းချောင်း

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၉၉၇၂၅၄၊ ၀၉-၂၅၃၂၃၈၄၅၇

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာကြော်ငြာ (၈)ကန့်ကွက် ကြော်ငြာအမှတ်စဉ်(၁၁) ဒေါ်ခင်သန်းဌေး၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်ခင်သန်းဌေးအစား ဒေါ်ခင်သန်းဌေး(ခ)လီလေဟွန် ၁၂/စခန(နိုင်)၀၄၈၃၆၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်း

လယ်မြေဧက ၈၀၀ ကျော် ရေပေးဝေနိုင်မည့် ရိုးမနိုင်ကဝဆည် ပြုပြင်ပြီးစီး

မိုးညှင်း ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စုရှိ ပျက်စီးနေသော ရိုးမနိုင်ချောင်းကဝရေလွှဲဆည်ကို ပြုပြင်တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ရာ ကျေးရွာအုပ်စုအတွင်းမှ လယ်မြေဧက ၈၀၀ ကျော်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရိုးမနိုင်ကဝဆည်သည် လွန်ခဲ့သည့်နှစ် ၂၀ ခန့်ကပင် စတင်ယိုယွင်းပျက်စီးနေခြင်းဖြစ်ကြောင်း၊ ရေလွှဲဆည်ပြင်ဆင် တည်ဆောက်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ငွေကျပ် ၄၀၀ ဒသမ ၆ သိန်းဖြင့် မိုးညှင်းခရိုင်ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က စတင်ပြင်ဆင်ခဲ့ပြီး တစ်လအကြာ ဇန်နဝါရီ ၁၁ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ရေလွှဲဆည်အမျိုးအစားမှာ ကျောက်စီကွန်ကရစ် ဆင်ခြေလျှောဖြစ်ပြီး အလျား ၈၁ ပေ၊ အမြင့် ၆ ပေနှင့် ရေလွှဲမြောင်း အရှည်ပေ ၄၃၀၀ ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

နန်းမားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက ရိုးမနိုင်ကဝဆည် ယိုယွင်းပျက်စီးခြင်းနှင့် ရေမြောင်းများတွင် သဲနုန်းများဖုံးလာသည့်အတွက် မိုးစပါးစိုက်ချိန်တွင် ရေအခက်အခဲဖြစ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ လာမည့်မိုးစပါးစိုက်ရာသီတွင် ရေအတွက်ပူစရာမလိုတော့ကြောင်း ပြောသည်။

ရေလွှဲဆည်ပြင်ဆင်ပြီးစီးမှုကြောင့် နှစ်ပေါင်း ၂၀ ခန့် စိုက်ပျိုးရေအခက်အခဲကြုံတွေ့ခဲ့ရသည့် နန်းမားကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၇၄)၊ (၂၇၅)၊ (၂၇၆)နှင့် (၂၇၇)တို့ရှိ လယ်မြေ ၈၆၁ ဧက ကို လုံလောက်စွာ ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မိုးအောင်(ကချင်မြေ)

အဂတိလိုက်စားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည့် တရားရေးဝန်ထမ်းအား တရားစွဲဆိုနိုင်ရေး တိုင်းဒေသကြီးတရားလွှတ်တော်ရုံးသို့ တင်ပြထား

တောင်ငူ ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်မှ ဒုတိယခရိုင်တရားသူကြီး တာဝန်ထမ်းဆောင်ခဲ့ဖူးသော တရားရေးဝန်ထမ်းတစ်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးရေးမှူးက တောင်ငူမြို့ အမှတ်(၁) ရဲစခန်းသို့ တိုင်ကြားထားခဲ့ခြင်းကို ဇန်နဝါရီ ၂၇ ရက်က တိုင်းဒေသကြီး တရားလွှတ်တော်ရုံးသို့ တရားစွဲဆိုရန်အတွက် တင်ပို့ခဲ့ကြောင်း တောင်ငူမြို့ အမှတ်(၁) ရဲစခန်းမှသိရသည်။

ပေါင်းတည်မြို့ ရွှေမန်းပွဲရုံပိုင်ရှင် ဦးမြတ်ထွန်းဆိုသူမှာ တောင်ငူမြို့နယ် တရားရုံးတွင် ပြစ်မှုကြီးအမှတ် (၄၄/၄)၊ ပြစ်မှုပုဒ်မ (၄၀၆) ဖြင့် တရားစွဲဆိုခံရခြင်းကို အချုပ်လွှတ်ထုချေခွင့်တောင်းဆိုရာ ရရှိခဲ့သဖြင့် တစ်ဖက်တရားလိုက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် (၂၀/၂၀၁၄)ဖြင့် ပြင်ဆင်မှု တင်သွင်းခဲ့သည်။ အချုပ်လွှတ်ထုချေခွင့် ပြန်လည်မရုပ်သိမ်းစေရေးအတွက် စွပ်စွဲခံရသူက ဒုတိယခရိုင်တရားသူကြီး ဦးရွှေထံသို့ ငွေကျပ် သိန်း ၂၀ ပေးအပ်ခဲ့ကြောင်း အဂတိလိုက်စားမှု ကော်မရှင် (နေပြည်တော်)မှ စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် တောင်ငူမြို့ အမှတ်(၁) ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်ပြီး အမှုတည်ဆောက်ကာ ဇန်နဝါရီ ၂၇ ရက်တွင် တိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားစွဲဆိုရန် တင်ပြခဲ့ကြောင်း တောင်ငူ အမှတ်(၁) ရဲစခန်းမှ သိရသည်။

သက်ဆိုင်ရာမှတစ်ဆင့် တိုင်ကြားစာရောက်ရှိချိန်မှစတင်ကာ တိုင်ကြားခံရသူနှင့် ဦးမြတ်ထွန်းတို့အပြင် တရားစွဲဆိုထားသူတို့ကို ကော်မရှင်က စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စုံစမ်းပေါ်ပေါက်သဖြင့် ကော်မရှင်စစ်ဆေးရေးမှူး ဦးမောင်မောင်မြင့်က တရားလိုပြုလုပ်ကာ တောင်ငူခရိုင် ဒုတိယခရိုင်တရားသူကြီး တာဝန်ထမ်းဆောင်ခဲ့သူ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေအား တရားစွဲဆိုရခြင်းဖြစ်သည်။ ဝန်ထမ်းများကို အကျင့်ပျက်ခြစားခြင်းမှ ကင်းဝေးစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် မည်သူမဆို မတရားဆောင်ရွက်ခြင်းခံရပါက ခိုင်လုံသော အချက်အလက်များဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားနိုင်ပြီး စစ်ဆေးပေါ်ပေါက်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကော်မရှင်မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ လာဘ်ပေးလာဘ်ယူ ပြုလုပ်သည့် ဝန်ထမ်းများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မည်သူမဆို ထိုဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းနှင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်ပါက သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီပါက ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပြည်သူလူထုအနေဖြင့်လည်း အဂတိလိုက်စားမှုကို ကူညီတိုက်ဖျက်သင့်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ပြောကြားသည်။

ဉာဏမိုးမြင့်

ရေးမြို့နယ်အတွင်း ငါးလုပ်ငန်းများ အဆင်မပြေဖြစ်နေ

ရေး ဇန်နဝါရီ ၂၉

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာအုပ်စုရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော ကျေးရွာများတွင် ရင်းနှီးရသည့် ပမာဏများပြားခြင်း၊ ငါးဖမ်းမိမှုနည်းခြင်းနှင့် အလုပ်သမားကုန်ကျစရိတ်မြင့်မားနေခြင်းတို့ကြောင့် ငါးဖမ်းလုပ်ငန်းရှင်များ အဆင်မပြေကြကြောင်း သိရသည်။

အစင်ကျေးရွာအုပ်စုသည် ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးနှပ်ခြောက်၊ ငါးပြားခြောက်များကို အများဆုံး ထုတ်လုပ်ပြီး ရန်ကုန်မြို့ ဘုရင့်နောင်ဈေးကွက်မှတစ်ဆင့် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့ တင်ပို့ရောင်းချနေသော ကျေးရွာဖြစ်သည်။ အစင်စံပြကျေးရွာအုပ်စုမှ ငါးလုပ်ငန်းရှင်များသည် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကျားဖောင်များဖြင့် ဖမ်းယူကြရာ ကျားဖောင်တစ်ဖောင်၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၇၀ မှ ၁၀၀ ဝန်းကျင်ခန့်အထိရှိခြင်း၊ ယခုနှစ်များတွင် ငါးကြီးငါးကောင်းဖမ်းဆီးမိမှုနည်းပြီး ရေပေါ်ငါးများ၊ ငါးပြားများကိုသာဖမ်းမိသဖြင့် ဈေးကောင်းမရခြင်း၊ ရရှိသောငါးကုန်ကြမ်းများကို ဈေးကွက်အတွင်းသို့ ရောင်းချရသည်အထိ လုပ်ငန်းအဆင့်ဆင့်ဖြင့် သန့်စင်ပြီးလုပ်ကိုင်ရာတွင် အလုပ်သမားခအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်မားခြင်းတို့ကြောင့် လုပ်ငန်းများ အဆင်မပြေကြကြောင်း ငါးဖမ်းလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

အစင်စံပြကျေးရွာအုပ်စုတွင် ငါးဖမ်းလုပ်ငန်းများကို နှစ်စဉ်သီတင်းကျွတ်လတွင် စတင်လုပ်ကိုင်လေ့ရှိကြပြီး တစ်ခါတစ်ရံ ရာသီဥတုအခြေအနေအရ လုပ်ငန်းဝင်ချိန်အပြောင်းအလဲရှိကြောင်း၊ ယခုနှစ်များတွင် ရာသီဥတုလည်း ဖောက်ပြန်သည့်အတွက် ငါးကုန်ကြမ်းရရှိမှုနည်းပါးကာ အမြတ်အစွန်းရရှိမှုလည်း နည်းပါးခြင်းဖြစ်ကြောင်း ငါးဖမ်းလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နေမျိုးထွဋ်(ရေး)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့
လက်ထောက်ဆရာဝန် (သစ်လွင်)ရာထူးနှင့် သွားဘက်ဆိုင်ရာဆရာဝန်ရာထူးနေရာ
လူတွေ့စစ်ဆေးရန်ခေါ်ယူခြင်း
ကြော်ငြာစာအမှတ် (၁/၂၀၁၅)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈၊ ၁၉ ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် ခေါ်ယူခဲ့သော မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျန်းမာရေးဌာနများတွင် လစ်လပ်နေသောလက်ထောက်ဆရာဝန် (သစ်လွင်)ရာထူးနေရာ (၅၀+ထပ်တိုးခွင့်ပြု ၆) စုစုပေါင်း(၅၆)နေရာနှင့် သွားဘက်ဆိုင်ရာဆရာဝန်ရာထူး (၆)နေရာတို့အတွက် အလုပ်ဝင်ခွင့် အရည်အချင်းစစ် လူတွေ့စစ်ဆေးခြင်းကို ၇-၂-၂၀၁၅ ရက်မှ ၁၉-၂-၂၀၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ လျှောက်ထားသူများအားလုံး ဖြေဆိုခွင့်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ လမ်း(၇၀×၂၇)ထောင့်၊ ချမ်းအေးသာစံမြို့နယ်တွင် လာရောက်ဖြေဆိုရန်နှင့် အမည်စာရင်း၊ အမှတ်စဉ်၊ ဖြေဆိုရမည့်နေ့ရက်တို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံးများရှိ ကြော်ငြာသင်ပုန်းတွင် ၃၀-၁-၂၀၁၅ ရက်မှစ၍ လာရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၂-၃၆၉၁၉

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဖုန်း-၀၂-၃၃၁၇၃

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၈၄၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ၂၃၀ ကေဗွီဓာတ်အားလိုင်းများအား OPGW Joint Box ဆက်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်-

(၁) ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း

(၂) ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆-၁-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက် - ၂-၂-၂၀၁၅ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၉/ခ၊ ကျော်သူ ၂၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်တင်ဝင်း၊ ဦးစံလှိုင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်တင်ဝင်း)၊ ဖခင်(ဦးစံလှိုင်) တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းနွယ် ၁၂/ဥကတ(နိုင်)၀၂၅၇၅၃ မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာရသူ GP ဦးကျော်ကျော်မိုး ၁၂/ဗဟန(နိုင်)၀၇၁၀၂၇ က ပါဝါပေးသူ သက်ရှိထင်ရှားရှိသေးကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ(၄၇၆၉/၁၄)တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၇၁၂၇ Kenbo 110 (Wave) MC ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဝင်း ၉/အမဇ(နိုင်)၀၀၇၄၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း(၂)၊ မြေကွက်အမှတ် ၄၅/၂၊ မြေကွက်တည်နေရာအမှတ် ၄၅/၂၊ သံသုမာလမ်း၊ ၁၄/စီမံကိန်း(၂)၊ တောင်ဥက္ကလာပမြို့နယ် ဦးမြတ်သူအမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးမြတ်သူ ၁၂/ဥကတ(နိုင်)၁၀၃၁၁၁က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာနှင့် ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

စွမ်းအားမြှင့်မီးဖိုအလုံး ၁၅၀၀ ဖြန့်ဝေပေးအပ်

ကလော ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် ကလောမြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိပြည်သူများအား ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းစီမံကိန်းမှ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးအပ်ပွဲကို ကလောမြို့နယ်ခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့ကြကြောင်း သိရသည်။

ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စုမှ နတ်ကန်၊ လယ်ခေါင်း၊ ပုန်းအင်း၊ စကားအင်းကျေးရွာများ၊ ငုတ်ကျေးရွာအုပ်စုမှ လက်ပံပင်၊ ထီသိမ်နှင့် ငုတ်ကျေးရွာ၊ ရွှေမင်းဖုန်းကျေးရွာအုပ်စုတို့မှ တအာင်းပလောင်တိုင်းရင်းသားများ၊ ပိန္နဲပင်ကျေးရွာ၊ တာယောနှင့် ရှော်တောကျေးရွာ၊ ဝက်ဖြူရေ၊ နန့်ပန်တက်၊ သာမိုင်းခမ်းကျေးရွာများမှ ကျေးလက်နေ ပအိုဝ်း၊ ပလောင်၊ တောင်ရိုးနှင့်ဓနုတိုင်းရင်းသားများ စုစုပေါင်းအိမ်ထောင်စု ၁၅၀၀ အတွက် စွမ်းအင်လောင်စာ ချွေတာနိုင်ပြီး သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု စွမ်းအားမြှင့် A1 မီးဖိုများကို ရှမ်းပြည်နယ်သစ်တောရေးရာဝန်ကြီး ဦးစိုင်းအိုက်ပေါင်းနှင့် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိန်မမနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များက ပေးအပ်ခဲ့သည်။

ဇော်သိန်းရည်

အခြေခံမွေးမြူရေးလုပ်သားသင်တန်း ရေဦး၌ဖွင့်

ရေဦး ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသအခြေခံမွေးမြူရေးလုပ်သားသင်တန်းကို ဇန်နဝါရီ ၂၆ ရက်က စတင်ဖွင့်လှစ်သည်။

သင်တန်းတွင် ဇီဝလုံခြုံရေးနှင့် တိရစ္ဆာန်မွေးမြူရေးပညာရပ်၊ တိရစ္ဆာန်ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များ၊ တိရစ္ဆာန်မှ လူသို့ကူးစက်စေသည့် ရောဂါလက္ခဏာများ၊ စီးပွားဖြစ်နို့စားနွားမွေးမြူခြင်း၊ နွားစာရှားပါးမှုမရှိစေရန် စားကျက်စိုက်ပျိုးခြင်း၊ စီးပွားဖြစ် နွားမေထုန်မဲ့မျိုးမြှင့်သားစပ်ခြင်းပညာရပ်များအပြင် မွေးမြူရေးလုပ်ငန်းအဆင်ပြေစွာ လုပ်ကိုင်ရာတွင် အရင်းအနှီးရရှိရန် မွေးမြူရေးဘဏ်စနစ်အကြောင်းစသည်တို့ကိုသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သင်တန်းတာဝန်ခံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်စန်းတင့်က ပြောသည်။ အဆိုပါသင်တန်းသို့ ရေဦးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စုမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

ကလေးမြို့ လှိုင်သာယာရပ်ကွက် ကလေးစက်မှုဇုန်လမ်းခွဲတစ်လျှောက်တွင် မြောင်းရေတိုက်စားမှုကြောင့် ကတ္တရာလမ်းသားနှုတ်ခမ်းပြိုကျခြင်းမှကာကွယ်ရန် မြောင်းရေလမ်းကြောင်းဖြောင့်ခြင်းနှင့် လမ်းပခုံးအမာခံမြေသားဖို့ခြင်းများကို ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်စဉ်။ ဂျူနိုင်း

တိုက်နယ်ဆေးရုံဆောက်လုပ်ရေးအတွက် ထောက်ပံ့ငွေပေးအပ်

ကသာ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံယူကြီးကျေးရွာအုပ်စု မံယူကြီးကျေးရွာတွင် တည်ဆောက်မည့် ကျေးရွာကိုယ့်အားကိုယ်ကိုး (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးမှုဦးစီးဌာနက ထောက်ပံ့ငွေကျပ် ၁၃ သိန်းကျော်ကို ဇန်နဝါရီ ၂၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံ တည်ဆောက်မည့်နေရာသည် ဗန်းမောက်မြို့နှင့် မိုင် ၄၀ ကျော် ဝေးကွာသည့်နယ်မြေဒေသဖြစ်သည့်အတွက် သွားလာရေးမလွယ်ကူဘဲ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ခက်ခဲသော နေရာတစ်ခုဖြစ်သဖြင့် မံယူကြီးကျေးရွာ၏အနောက်ဘက် မြေ ၅ ဒသမ ၆၁ ဧကတွင် အလျား ၄၈ ပေ၊ အနံ ၄၃ ပေ ခွဲစိတ်ခန်းတစ်ခန်းပါ တိုက်နယ်ဆေးရုံကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီ ဖောင်ဒေးရှင်းအလှူရှင် ဦးတင်မောင်မိသားစုက ငွေကျပ် သိန်း ၆၀ နှင့် သွပ်မိုးအလှူရှင် ဦးရဲနိုင်မိသားစုက ငွေကျပ် ခုနစ်သိန်းမတည်ကာ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ ဖြင့် စတင်ဆောက်လုပ်လျက်ရှိကာ လုပ်ငန်းများပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးမှုဦးစီးဌာနက ငွေကျပ် ၁၃၆၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။ ဆေးရုံတည်ဆောက်ပြီးပါက ပြည်သူများ၏ ကျန်းမာရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ငွေအိုး(ကသာ)

ဥရောပကော်မာရှယ်ကုမ္ပဏီလီမိတက်မှ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်း

မြန်အောင် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ဥရောပကော်မာရှယ်ကုမ္ပဏီလီမိတက် အီးအေစီဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော အလျားပေ ၆၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် ဥရောပကော်မာရှယ်ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးစောအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကာ ဥရောပကော်မာရှယ်ကုမ္ပဏီလီမိတက်မှ ဖောင်ဒေးရှင်း မန်နေဂျာက ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်အား အလှူရှင် အီးအေစီဖောင်ဒေးရှင်းမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြသည်။

နေဝင်းဇော်(မြန်အောင်)

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၄)၊ နယ်မြေ (၁၀)နေ
ဦးအောင်မြင့်ဦး-ဒေါ်သန္တာဦး တို့၏သားလတ်
ကိုသန့်ဇင်ဦး (U - ကွန်ပျူတာဒီဇိုင်း)၏ညီ၊ မောင်မင်းသန့်ဦး၏အစ်ကို

ဗိုလ်ကြီးသန့်ဇော်ဦး M.B.,B.S (DSMA)

နှင့်

နေပြည်တော်၊ ပျဉ်းမနားမြို့နေ
ဗိုလ်မှူးမင်းဇော်(ငြိမ်း)-ဗိုလ်ကြီးဒေါ်အေးနွယ်(ငြိမ်း)
(သူနာပြုအုပ်-သီရိသုခအထူးကုဆေးရုံ)တို့၏ သမီးကြီး
မထက်ထက်ဇော် (ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊
ဒေါက်တာသက်ထွန်းနိုင် M.B.,B.S (Mdy) တို့၏အစ်မ

ဒေါက်တာခင်စန္ဒာဇော် M.B.,B.S (Mdy)

လက်ထောက်ဆရာဝန်၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံ၊ ပျဉ်းမနား

တို့သည် ၂၄-၁-၂၀၁၅ရက်တွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးနှင့် မိတ်သင်္ဂဟအပေါင်းရှေ့တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန့်ဇော်ဦး-ဒေါက်တာခင်စန္ဒာဇော်



မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးကြည်ထွန်း (Trust & Gain Co., Ltd.)

၏ ၃၀-၁-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်
- စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။
- ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝပါစေ။
- ချစ်သောမိသားစု၊ ဝန်ထမ်းများနှင့်အတူ အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း...

ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Trust & Gain Co., Ltd.
ရန်ကုန်ရုံးချုပ်ဝန်ထမ်းများ၊
ဘားအံရုံးဝန်ထမ်းများ၊
ဧရာဝတီရုံးဝန်ထမ်းများ



ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(ခ)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၄၃

ဦးရဲမိုးလှိုင် **နှင့်** ၁။ ဦးကျော်ဝင်း
၂။ ဒေါ်မြင့်မြင့်သိန်း

တရားလို **တရားပြိုင်များ**

အမှတ် ၃၂၇၊ သမိန်ဗရမ်းလမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်မြင့်မြင့်သိန်း(ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ ဦးရဲမိုးလှိုင်က ပဋိညာဉ်အတိုင်းမှတ်ပုံနှင့်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

နိုင်ငံတကာအားကစားသတင်း

ကက်ပ်ီတယ်ဝမ်းဖလားက မော်ရင်ဟိုအတွက် ဖြစ်လာမလား

ကက်ပီတယ်ဝမ်းဖလား ဒုတိယအကျော့မှာ လီဗာပူးကိုအနိုင်ရသွားတဲ့ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီအတွက် ဖလားဆွတ်ခူးဖို့နီးကပ်သွားပါပြီ။ လီဗာပူးကို စတမ်းဖို့ဒ်ဘရစ်အိမ်ကွင်းမှာ အီဗန်နိုဗစ်ရဲ့ တစ်လုံးတည်းသော လေလွင့်ချိန်ဂိုးနဲ့ အနိုင်ရပြီး ချယ်လ်ဆီးတို့ဗိုလ်လုပွဲတက်သွားခဲ့တာပါ။ လေလွင့်ချိန်သုံးမိနစ်မှာ အီဗန်နိုဗစ်က ခေါင်းတိုက်ဂိုးနဲ့သွင်းယူပေးခဲ့တာပါ။ လီဗာပူးတို့တစ်ချိန်လုံး တောင့်ထားပေမယ့် နောက်ဆုံးမှာတော့ တစ်လုံးတည်းသောဂိုးနဲ့ ကပ်ရှုံးသွားခဲ့ပါတယ်။ ချယ်လ်ဆီးဟာ ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့တာကြောင့် အိမ်ကွင်းမှာကစားခွင့်ရခဲ့တဲ့အတွက် အသာစီးကစားနိုင်ခဲ့ပါတယ်။

သို့သော်လည်း ၂၀၁၂ ခုနှစ်မှာ ဖလားရခဲ့တဲ့ ဘရီဒန်းရော်ဂျာရဲ့ လီဗာပူးဟာ ချယ်လ်ဆီးကို စိုးရိမ်ကြောက်ရွံ့စွာနဲ့ကစားခဲ့တာ မဟုတ်ပါဘူး။ ပြိုင်ပွဲမှာ အနိုင်ရမယ်လို့ယုံကြည်မှုအပြည့်နဲ့ကစားခဲ့တာပါ။ ချယ်လ်ဆီးအသင်းဟာ ဒီပွဲမှာအနိုင်ရလိုက်တဲ့အတွက် ဖလားမျှော်မှန်းနိုင်တဲ့အနေအထား ရောက်သွားပါတယ်။ ပြီးခဲ့တဲ့အက်ဖ်အေဖလားစတုတ္ထအဆင့်မှာ ဘရက်ဖို့ဒ်ကိုရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပေမယ့် နည်းပြမော်ရင်ဟိုအတွက် နှစ်သိမ့်စရာဖြစ်လာခဲ့ပါတယ်။

ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၃၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပြီး အခုပွဲစဉ်မှာ ချယ်လ်ဆီးနဲ့မန်စီးတီးဆုံတွေ့မှုက ဒီနှစ်ချန်ပီယံခြေစွမ်းဘယ်အသင်းက ပိုင်ဆိုင်နေတယ်ဆိုတာ အကဲခတ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် မန်ယူကလည်း အမြဲတမ်းဒုက္ခပေးတတ်တဲ့ လက်စတာနဲ့ဆုံတွေ့ရမယ့်ပွဲက ရင်ပူစိုးရိမ်စရာရသတွေကို ပေးစွမ်းဦးမှာဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် မန်းစီးတီး

ထိပ်သီးနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက ရင်ခုန်စရာဖြစ်နေတာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင်လည်း ကွာဟမှုမရှိတာမို့ နှစ်သင်းစလုံး အကောင်းဆုံး ပွဲထွက်ကစားသမားတွေနဲ့ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး အိမ်ရှင်အားသာချက်ရှိတဲ့ ချယ်လ်ဆီးတို့က အလေးသာမှုရှိနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကွင်းမှာ မန်စီးတီးတို့ အနိုင်ကစားနိုင်တာကြောင့် သရေရလဒ်ဖြစ်သွားနိုင်ပြီး အနိုင်သတ်မှတ်ရင်တော့ အိမ်ရှင်တို့အသာစီးရသွားနိုင်ပါတယ်။

မန်ယူနှင့် လက်စတာ

မန်ယူကို ငါးဂိုးအထိသွင်းပြီး အနိုင်ယူနိုင်တဲ့ မှတ်တမ်းရှိထားတဲ့ လက်စတာကို အိမ်ကွင်းဆိုပေမယ့် မန်ယူတို့ပေါ့ဆလို့မရပါဘူး။ မန်ယူရဲ့ ခြေစွမ်းကလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေဖြစ်နေတာမို့ အလေးထားကစားမှရပါလိမ့်မယ်။ မန်ယူရဲ့နောက်ဆုံးကစားတဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲမှနိုင်ပွဲရမထားတာမို့ ဒီပွဲမှာ တန်းဆင်းဇုန်ကရုန်းထွက်ဖို့ ကြိုးစားနေတဲ့ လက်စတာရဲ့ တုံ့ပြန်မှုက အလေးမထားရင်မရပါဘူး၊ ရှုံးကြွေးပြန်ဆပ်မယ့် မန်ယူကို ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

လီဗာပူးနှင့် ဝက်စ်ဟမ်း

ဝက်စ်ဟမ်းနဲ့ဆုံတိုင်း လီဗာပူးတို့ နိုင်ပွဲရခဲ့တာများတာမို့ အခုပွဲမှာ မှတ်တမ်းဟောင်းဆက်ထိန်းနိုင်မလား ကြည့်ရမှာပါ။ ဝက်စ်ဟမ်းတို့က အဝေးကွင်းမှာ တိုက်စစ်စွမ်းရည်ကျဆင်းတတ်ပြီး ခံစစ်ပိုင်းလည်း လျော့ရဲတာမို့ လီဗာပူးတိုက်စစ်မှူးတွေ အခွင့်အရေးကောင်းရရှိသွားနိုင်ပါတယ်။ ဒါပေမယ့် လီဗာပူးတိုက်စစ်မှူးတွေက အိမ်ကွင်းမှာဂိုးသွင်းအားမကောင်းတာမို့ နိုင်ရင်တောင် ရလဒ်ပြတ်သားဖို့ မလွယ်ပါဘူး။

ဝက်စ်ဘရွန်းနှင့်စပါး

ဝက်စ်ဘရွန်းကွင်းမှာ စပါးတို့ပွဲကျပ် ကြုံတွေ့ရဦးမှာ ဖြစ်ပါတယ်။ စပါးတို့ဟာ ဥရောပဝင်ခွင့်အတွက် အမှတ်လိုအပ်နေသလို ဝက်စ်ဘရွန်းတို့ကလည်း တန်းဆင်းဇုန်မကျဆင်းအောင်အားထုတ်ရမယ့် အချိန်ဖြစ်နေပါတယ်။ အဝေးကွင်းမှာရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်တဲ့ စပါးတို့ကို အနိုင်ရလဒ်ပေးအပ်လိုပေမယ့် ဖြစ်နိုင်ချေများတာက သရေပါပဲ။

စတုတ်နှင့် ကျူပီအာ

စတုတ်တို့က ကျူပီအာနဲ့ဆုံတိုင်း အမှတ်ပြည့် ယူနိုင်စွမ်းရှိပါတယ်။ စတုတ်ဟာအိမ်ကွင်းမှာ ပြိုင်ဘက်တွေကိုခြိမ်းခြောက်နိုင်ပြီး အမှတ်ရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာတိုက်စစ်၊ ခံစစ်တွေ အကောင်းဆုံးပုံစံ ထုတ်ပြနိုင်ပြီး ဖိအားပေးကစားနိုင်တာမို့ အိမ်ရှင်စတုတ်တို့ကို အနိုင်ရလဒ်ပေးအပ်ရမှာ ဖြစ်ပါတယ်။

အာဖရိကဖလားမှာ ဂါနာကွာတားရောက်ပြီ

အာဖရိကနိုင်ငံများဖလားကို အီကွေတိုရီရယ်ဂီနီနိုင်ငံမှာ ကျင်းပလျက်ရှိရာမှာ ဂါနာနဲ့အယ်လ်ဂျီးရီးယားတို့ ပြိုင်ဘက်အသင်းများကို အနိုင်ကစားပြီး ကွာတားဖိုင်နယ်သို့ တက်လာကြပါတယ်။

ဂါနာကတောင်အာဖရိကအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပြီး အုပ်စု(c)မှ ကွာတား တက်ခဲ့ပါတယ်။ တောင်အာဖရိကအသင်းမှ ပွဲစပြီး ၁၇ မိနစ်အကြာ မန်ဆာရိုက ဦးဆောင်ဂိုးသွင်းနိုင်ခဲ့ပေမယ့် ဘိုရေးကပြန်လည်ချေပခဲ့ပါတယ်။ ဂါနာအတွက် အနိုင်ဂိုးကိုတော့ ဘိုရေးကနောက်ကျဂိုးသွင်းယူပေးပြီး ကွာတားအရောက် ပို့ပေးနိုင်ခဲ့ပါတယ်။

တစ်အုပ်စုတည်းသောပြိုင်ဘက်တွေဖြစ်တဲ့ ဆီနီဂေါနဲ့အယ်လ်ဂျီးရီးယားတို့ပွဲမှာတော့ အယ်လ်ဂျီးရီးယားက နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ကွာတားတက်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာအိမ်ရှင် အီကွေတိုရီရယ်ဂီနီကလည်း အုပ်စု(A)မှ ကွာတားတက်ထားတာကြောင့် ကွာတားတက်လာတဲ့အသင်းသုံးသင်းရှိသွားပြီဖြစ်ပါတယ်။

မဲလ်ဘုန်းမှာဖလားရနိုင်တဲ့ မက်ဒီဆင်ကီးစ်

ကောင်းမြတ်သူ-စုစည်းသည်

မဲလ်ဘုန်းမြို့မှာ သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကစားလျက်ရှိရာမှာ မက်ဒီဆင်ကီးစ်က ဗီးနပ်စ်ဝီလျံကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားပါတယ်။ မက်ဒီဆင်ကီးစ်ဟာ အကြိုဗိုလ်လုပွဲမှာ ဗီးနပ်စ်ဝီလျံရဲ့ညီမ ဆီရီနာဝီလျံနဲ့ကစားရမှာ ဖြစ်ပါတယ်။ အသက် ၁၉ နှစ်သာရှိသေးတဲ့ အမေရိကန်သူကီးစ်ဟာ ဆီရီနာဝီလျံကိုပါနိုင်ပြီး ပထမဆုံးသောဂရင်းဆလမ်ဖလားဆွတ်ခူးနိုင်လိမ့်မယ်လို့ တင်းနစ်ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါတယ်။

အမျိုးသားပြိုင်ပွဲမှာ လက်ရှိချန်ပီယံ ဝါရင်ကာကဂျပန်မှ နီရှိကိုရီကို အနိုင်ရထားပါတယ်။

မက်ဒီဆင်ကီးစ်ရဲ့ လက်ရှိနည်းပြဟာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း လင်ဆေးဒါဗင်ပို့တ်ရဲ့နည်းပြဖြစ်တာကြောင့် ပြိုင်ပွဲမှာ အနိုင်ရဖို့အလားအလာကောင်းနေပါတယ်။ အသက်ငယ်ရွယ်သူဖြစ်ပြီး အတွေ့အကြုံများတဲ့အတွက် သြစတြေးလျအိုးပင်းဖလားဆွတ်ခူးဖို့မျှော်မှန်းထားတယ်လို့ သုံးသပ်နေကြပါတယ်။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
ဦးကြည်ထွန်း(ဥက္ကဋ္ဌ-Trust&Gain Co.,Ltd)
မေနဲ့သားတွေကိုအရှိန်းချစ်၊ အမေလေးအနက်ထားအလိုလိုက်တဲ့မောင် ...
ဘဝသာအကျိုး၊ သာသနာ့အကျိုး၊ အများအကျိုးတွေကို
စေတနာအပြည့်အဝနဲ့ စိတ်တူကိုယ်တူ
လက်တွဲလုပ်ဆောင်တဲ့ မောင် ....
၃၀-၁-၂၀၁၅ ရက်မှာကျရောက်တဲ့မောင့်ရဲ့
မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ
ကျန်းမာခြင်းဆုလာဘ်တွေပြည့်စုံပါစေ။
အောင်မြင်မှုထိပ်ဆုံးရောက်ပါစေ။
မိသားစုအချစ်အိမ်ကလေးကို စိတ်ချမ်းသာစွာ ဖန်တီးနိုင်ပါစေ။
ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ရေးမှာ
စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝနိုင်ပါစေ .... ကြောင်း
ဆုမွန်ခြွေလျက် ....
မေ(Shining Star Educare)
သားကြီး-ဧအေးချမ်းအောင်ကြည်စိုးသာ(B.E cevil)
သားငယ်-ထွန်းမင်းအိမ်(Grade-10)

သည်းငယ်
ကိုယ့်ဘေးမှာနေပြီး အစစအရာရာ နားလည်မှုပေးဂရုစိုက်ခဲ့တာ ၃၀-၁-၂၀၁၅ရက်ဆိုလျှင် ကိုယ်တို့နှစ်ဦးရဲ့ ရာသီပြက္ခဒိန် လေးခုလွန်မြောက်ခဲ့ပါပြီ။ ကိုယ်တို့နှစ်ယောက်ဘဝမှာ ဒီထက်ပိုပြီး ပျော်ရွှင်ကြည်နူးမှုများစွာဖြင့် ဆက်လက် လျှောက်လှမ်းရပါစေလို့-
ကိုကို

ကန့်ကွက်နိုင်ပါကြောင်း
မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၃/သမိုင်း၊ မြေကွက်အမှတ် ၅/က ^၁B၁-ခ၏ အစိတ်အပိုင်း ၆၀ပေ/၆၃ပေ × ၃၄ပေ/၃၆ပေ၊ မြေကွက်တည်နေရာအမှတ် ၁၈/၁၃၃၊ ဗိုလ်ဘထော ၃ လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (K ဆင်ရောင်၊ Kထွန်းဖြူ) အမည်ပေါက် မြေပိုင်မြေ၊ လ/န၃(ခ)ပေးမြေအား အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၄၁၅/၁၉၉၄(၂၁-၃-၁၉၉၄)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးရှုချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးသက်နိုင်ထွန်းနှင့် ဒေါ်ခင်ခင်စိန်တို့မှ (တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၁/၂၀၁၄ ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးမြင့်စိုး+၇အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ ဇာရီမှုအမှတ် ၁၆၁/၂၀၁၄ အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်စောယုမွန် (ဒုတိယဦးစီးအရာရှိ၊ ဘီလစ်) ၁၂/သကတ(နိုင်)၁၄၅၃၁၇မှ တရားရုံးဒီကရီ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၄၁၅/၁၉၉၄ (၂၁-၃-၁၉၉၄)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

မီးပုံးယာဂုပွဲ လမြတ်တပို့တွဲ

ဒေါက်တာ မောင်ဖြေ

ဆောင်းလေးလတွင် တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် "မာဃ ပြောင်အစွယ်၊ နူးအောင်ပ၊ ထူးတဲ့အစိမ့်" ဟူ၍ ဆင်ပြောင်ကြီး၏ အစွယ်ပင်နူးလောက်အောင် တင်စားဆိုခဲ့ကြပါသည်။

[illegible]

တပို့တွဲလသည် ဆောင်းရာသီ၏ စတုတ္ထမြောက် အန္တိမရာသီဖြစ်ပါသည်။ ရတုခြောက်ပါးတွင်လည်း သိသိရ ရတုတွင် ပါဝင်သည်။ "နွေရာသီဟု ဓာတ်ညီသက်ရှောင်း၊ မိုးနှင့်ဆောင်းမူ၊ တက်သက်ဟူ၏"ဟူ၍ နရသုခိကျမ်းဆရာက ဖော်ပြထားသည်။

ရာသီဆယ့်နှစ်လတွင် ပြာသိုလမှ ဝါဆိုလအထိ "တက်ဥတု" ဝါဆိုလမှပြာသိုလအထိ "သက်ဥတု"ဟု ခွဲထားပါသည်။ တက်ဥတုခြောက်လ၌ လူတို့သည် တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ်လွန်ကဲသည်။ ပင်ပန်းနွမ်းလျအားအင်တို့ ကုန်ခန်းကြ၏။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ်လွန်ကဲသည်။ အားအင်တို့ ပြည့်ဖြိုးကုန်ကြ၏။

ရာသီဆယ့်နှစ်လတွင် တပို့တွဲလသည် တက်ဥတုတွင် ပါဝင်သည်။ တက်ဥတု၊ သက်ဥတုနှစ်ပါးတွင် ထူးထူးခြားခြား အနေဖြင့် အာဟာရနှင့်ပတ်သက်သော တန်ခူးလတွင် သင်္ကြန်ထမင်း၊ တန်ဆောင်မုန်းတွင် မဲဇလီဖူးဟင်း၊ တပို့တွဲတွင် ထမနဲပွဲဟူ၍ ပွဲတော်သုံးမျိုးတွေ့ရှိရသည်။

အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီ အာကာသ ဓာတ်စာဖြစ်သော ထမနဲထိုးပွဲသည် လိုက်လျောညီထွေရှိလှပါ၏။ မျက်မှောက်ကာလတွင် တပို့တွဲနှင့် ထမနဲထိုး၍ လှူဒါန်းသောဓလေ့မှာ ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်နှင့်အညီ ထွန်းကားလျက်ရှိသည်။

ထမနဲလှူဒါန်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် လွန်စွာလိုက်ဖက်သော ရာသီပွဲတစ်ခုဖြစ်ပါသည်။ ကွမ်းတစ်ယာ၊ လက်ဖက်တစ်ပွဲကဲ့သို့ အတွဲအဖက်အစပ် အဟပ်ညီမှ အရသာရှိပါသည်။ ထမနဲထိုးရာတွင်လည်း အချိုးအစားလိုက်ဖက်ညီရပါသည်။ ခါးတောင်းမြှောင်အောင်ကျိုက်၍ အားသွန်ခွန်စိုက်ချွေးပြန်အောင် လုပ်ဆောင်ရသည်မှာ သဘာဝကျလှပါသည်။ စုပေါင်းဆောင်ရွက်သောလုပ်ငန်းဖြစ်၍ တစ်ဦး [illegible]

ရှိရပါသည်။

ထမနဲထိုးရာတွင် အချိန်အဆရှိ၏။ အချိန်အဆမှန်ပြီး အားသွန်ခွန်စိုက်ထိုးနိုင်လျှင် ထမနဲသည် လွန်စွာစား၍ကောင်းသည်။ ရက်ရှည်လည်း အထားခံသည်။ ထမနဲထိုးသောအခါ အမိပ္ပာယ်ရ၏။ အမှန်အားဖြင့် အလွန်အေးမြသော ဤတပို့တွဲလဒ်ဘုရားဆင်းတုများရှေ့တွင် မီးဖို၍ အမွှေးနံ့သာဖြင့် ပူဇော်ခြင်း၊ ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန်နံ့သာထင်း၊ မီးမယ်ဖျူး(မီးအိုးကင်း) စသည်တို့ကို ကျောင်းဘုရားတို့သို့ လှူဒါန်းခြင်းစသည့်ပွဲကို မီးဖုန်းပွဲဟုခေါ်ဆိုနိုင်သည်။

မြတ်ဘုရားရှင်တစ်ဝါအရတွင် မြတ်စွာဘုရား၏ထင်ရှားသော ဇေတဝန်ဘွဲ့ခံမဟာသာဝကကြီးဖြစ်လာမည့် ဥရုဝေလကဿပသည် တပည့်ရသေ့ပေါင်းငါးရာတို့နှင့်အတူ ဆောင်းရာသီအတွင်းနှင်းအလွန်ကျပြီး အေးလွန်းလှသောနတ်တော်မှ ပြာသိုလအကူး အန္တရဋ္ဌရက်ညများ၌ နေရဉ္စရာမြစ်အတွင်းတွင် တိတ္ထိတို့ဖြစ်သည့်အလျောက် ရေငုပ်ပွဲကြီးနှင့်မီးလှုံပွဲကြီးတို့ကို ဆင်နွှဲခဲ့ကြသည်။ ထိုနေရာသို့ မြတ်ဘုရားရှင်ကြွတော်မူပြီး တန်ခိုးပြဋ္ဌိဟာပြကာ မိစ္ဆာအယူဝါဒသမားများကို နှိမ်နင်းတော်မူခဲ့လေသည်။

မြတ်ဘုရားရှင်သည် တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ သုံးဆောင်ယူခွင့်ပြုထားသော်လည်း တပို့တွဲလနှင့်တပေါင်းလခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူကြရမည်ဟု ပညတ်တော်မူခဲ့၏။(မူလစမ်းသပ်တော်မူစဉ်က လေးထည်ဖြစ်သော်လည်း သင်္ကန်းနှစ်ထည်ကိုထပ်ချုပ်၍ နှစ်ထပ်သင်္ကန်း(ဒုကုဋ္ဌ)ဟု တစ်ထည်တည်းလုပ်လိုက်သောကြောင့် သုံးထည်ဖြစ်သွား၏။)

တပို့တွဲလ အန္တရဋ္ဌရက်ညများ၌ ဆီးနှင်းများပြင်းထန်စွာကျပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် အချမ်းဒဏ်ကို ခံနိုင်ရန်နှင့် ဓာတ်ကြီးလေးပါးမျှတစေရန် မီးအိုးတွင်းတွင် ရွှေလက်တော်ကင်ကာ မီးလှုံတော်မူရခဲ့ဖူးသည်

ထည့်ရမည့်အချိုးအစားများကို ရှေးပညာရှင်များထံ တေးထပ်ဖြင့် မှတ်တမ်းပြုခဲ့သည်ကိုလည်း တွေ့ရ၏။

ထမနဲထိုးသောအခါ ပထမကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင်ဆေးထားရ၏။ ဆီတစ်ပိဿာကို ဒယ်တွင် ထည့်ကာချင်းသုံးကျပ်သားနှင့် ဆီသတ်ပြီး ကောက်ညှင်းထည့်နှပ်ရသည်။ ကောက်ညှင်းနှပ်၍ ဆီပြန်လျှင်ဖိုမှချပြီး ကြေအောင်နှပ်ရ၏။ နယ်ရာတွင် ယောက်မနှစ်လက်ဖြင့် ပွတ်ချေရ၏။ ကြေသွားသောကောက်ညှင်းတွင် မြေပဲ ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိမ်း ၂၀ကျပ်သား၊ ဆားခုနစ်ကျပ်သားနှံ့အောင်ထည့်၍ မွှေးလျှင်ထမနဲဖြစ်တော့၏။

မြန်မာ့ဆယ့်နှစ်လပွဲတော်များသည် ဘာသာရေးကိုအခြေခံ၍ ကုသိုလ်ရရေးပျော်ရွှင်ရေးတို့ကို အဓိကဦးတည်ချက်ထားကြသည်။ မီးဖုန်းပွဲဆိုသည်က မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု အကူးအန္တရဋ္ဌရက်အတွင်း တစ်ခုသောည၌ ညဉ့်ဦးယံတွင် သင်္ကန်းတစ်ထည်မျှဖြင့် ကွင်းပြင်၌နေစမ်းတော်မူ၏။ ပထမတွင် ထိုသင်္ကန်းတစ်ထည်ဖြင့်သာနေနိုင်သော်လည်း ညဉ့်ဦးယံလွန်လာသည့်အခါ အချမ်းဒဏ်ကိုမခံနိုင်။ နောက်ထပ်တစ်ထည်ကို အသုံးပြုတော်မူ၏။ သန်းခေါင်ယံလွန်ပြန်သော်ပိုချမ်းတော်မူလာ၍ နောက်တစ်ထည်ထပ်တော်မူရပြန်၏။ မိုးသောက်ယံလွန်၍အရုဏ်တက်ချိန်ရောက်လာသော အအေးဒဏ်ကို မခံနိုင်၍ စတုတ္ထသင်္ကန်းတစ်ထည်ကို ထပ်တော်မူရပြန်၏။

ယင်းသို့ သင်္ကန်းလေးထည်ခြုံတော်မူမှ အချမ်းလုံနိုင်မည်ကို ဉာဏ်တော်ဖြင့် သိတော်မူငြားလည်း တစ်ဖက်စီးနင်းအတင်းပညတ်တော်မူသည်ဟု လူအများစွပ်စွဲစရာ မဖြစ်လေအောင် ကိုယ်တော်တိုင်လွှင်တီးခေါင်၌ လက်တွေ့စမ်းသပ်ပြတော်မူခြင်းဖြစ်သည်။ ထို့နောက် ရဟန်းတော်များကို တိစီဝရိတ်

မီးဖုန်းပွဲဖြစ်ပေါ်လာပုံမှာ အန္တရဋ္ဌရက်များနှင့်ပတ်သက်နေမည်ဖြစ်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယတွဲစာ-၃၄၄ တွင်

"တပို့တွဲလ၊ ပန္နရာသီ၊ တီတီထွန်းစည်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော အတ္တာဒန္တပြောင်မှန်၊ ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူထွတ်ထားမြတ်ဘုရားရှင် မီးရှိန်ခံတော်မူသည်ကို ရည်ပြီးလျှင်(လ)မီးဖုန်းတော်များကို လှူဒါန်းပူဇော်တော်မူသည်" ဟူ၍လည်းကောင်း။

ဆရာကြီးဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ ၅ တွင် "မီးပုံလှူဒါန်းကြခြင်းမှာ တပို့တွဲလပြည့်နေ့တွင်ဖြစ်ပါသည်။ တပို့တွဲလပြည့်နေ့ည၌ ၂ ချက်တီးကျော်(လပြည့်ကျော် ၁ ရက်အဝင်)အတွင် မြတ်စွာဘုရားရှင်အား အချမ်းမှသက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ္ဌတော် တင်လှမ်းပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရပါသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကိုရည်စူး၍ လှူဒါန်းကြခြင်းဖြစ်ပါသည်"ဟူ၍ လည်းကောင်း ရေးသားဖော်ပြထားကြ၏။

ယင်းကဲ့သို့မိန့်ဆိုချက်များအရ တပို့တွဲလ အန္တရဋ္ဌရက်ညများ၌ ဆီးနှင်းများပြင်းထန်စွာကျပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် အချမ်းဒဏ်ကို ခံနိုင်ရန်နှင့် ဓာတ်ကြီးလေးပါးမျှတစေရန် မီးအိုးတွင်းတွင် ရွှေလက်တော်ကင်ကာ မီးလှုံတော်မူရခဲ့ဖူးသည်။ (ဝါ)ဒုကုဋ္ဌ သင်္ကန်းထပ်ခြုံတော်မူခဲ့ဖူးသည်။ ထိုသို့သော အကြောင်းအတ္ထုပတ္တိကိုအစွဲပြုပြီး ရှေးမြန်မာရဟန်းရှင်လူတို့ ရာသီပွဲတော်အဖြစ် တပို့တွဲလတွင် မီးအလှူပွဲ သို့မဟုတ် မီးကုသိုလ်ပြုပွဲ(မီးဖုန်းပွဲ) ကျင်းပပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

ရှေးအခါက မီးဖုန်းပွဲကို မြန်မာဘုရင်များ ကိုယ်တိုင်ဦးစီး၍ ခမ်းခမ်းနားနားကျင်းပပြုလုပ်ခဲ့ကြသည်။ ကျောင်းဇရပ်ပေါ်ရှိ ရုပ်ပွားဆင်းတုတော်များရှေ့တွင် မိုးအိုးထင်းများတွင် အမွှေးနံ့သာထင်းများထည့်၍ မီးအလှူပေးကြသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ အချို့အရပ်ဒေသများတွင် ဘုရားကိုသာပူဇော်ကြသည်မဟုတ်၊ ဆရာတော်၊ သံဃာတော်များကိုလည်းကောင်း၊ အဘိုးအဘွားသက်ကြီးရွယ်အိုများကိုလည်းကောင်း၊ အမွှေးနံ့သာထင်းများနှင့်အတူ မီးမယ်ဖျူးခေါ် မီးအိုးထင်းများကို လှူဒါန်းလေ့ရှိကြသည်။

အချို့သောအညာဒေသများတွင် အရပ်သူအရပ်သားများသာ ဤမီးဖုန်းပွဲကို ပြုလုပ်ကြသည်မဟုတ်ပါ။ ဘုန်းတော်ကြီးကျောင်းများ၌ ဘုန်းတော်ကြီးများကိုယ်တိုင် ဦးစီးပြီး တပို့တွဲလပြည့်နေ့ နံနက်တစ်ချက်တီး၊ နှစ်ချက်တီးအချိန်တွင် ရုပ်ပွားစေတီတော်များကို နံ့သာထင်းများဖြင့် မီးပူဇော်လေ့ရှိကြောင်း လေ့လာမှတ်သားရပါသည်။

ဤကဲ့သို့ လမြတ်တပို့တွဲရာသီ၌ ယာဂုထမနဲပွဲနှင့် မီးဖုန်းပွဲတော်တို့ကျင်းပသည်မှာ ချမ်းအေးလှသော ရာသီနှင့်လိုက်ဖက်စွာ ကုသိုလ်ရေးကိုဦးတည်ပြီး ရှေးမြန်မာတို့၏ အလှူပွဲကြီးဖြစ်လေသည်။

သာစည်တော်ရှင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၏ ကျက်သရေဆောင် ရွှေတောင်သမိုင်းဝင်သာစည်တော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ စေတီတော်မြတ်ကြီး ပရဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ရှေးအစဉ်အလာမပျက်ပူဇော်လှူဒါန်းနေကျဖြစ်သော ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာသင်္ကန်းဘုရားအမျှုပြုသော ပင့်သံဃာ ၅၅ ပါး၊ သီလရှင် ၁၅ ပါးတို့ကို နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့်ဒါတုပတ္တစ္စေစုတ်လေင်းလှူခြင်းဖြစ်သည်။ စေတီသာနှင့်ထမနဲထိုး၍ လှူဒါန်းခြင်းများကို ဖေဖော်ဝါရီ ၃ ရက်တတိယ်ပွဲလပြည့်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ထို့ပြင် ယခုနှစ်ဗုဒ္ဓပူဇနိယပွဲတော်တွင် မပြေးသေးသည့် အထုအလုပ်ပစ္စည်းမ်ားဖြစ်သော စေတီတော်မြတ်ကြီးကို ငှက်ပျောဖူး ခေါင်းလောင်းစေတီကြီးအထိ ကြေးဖရိန် ကြေးပြားနှင့် မျက်ပါးရွှေသက်ကြမ်းပြင်ပါ လှူဒါန်းပူဇော်မည်ဖြစ်ရာ ရပ်နီးရပ်ဝေးအလှူရှင်များ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

သာမဏေစာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏(၆၆)ကြိမ်မြောက် သာမဏေ စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်း

ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား ၈၅ လမ်းရှိ အဆိုပါအသင်းကြီးဗိမာန်တော်အလယ်ထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် စာအောင်သာမဏေ ၅၇၉ ပါးတို့အား တတိယဆင့်၊ ဒုတိယဆင့်၊ ပထမဆင့်အစဉ်အတိုင်း ပင့်ဆောင်တော်မူကြပြီး ဦးကြည်ဝင်း(ဓမ္မာစရိယ၊ ကာရက)က ဇယမင်္ဂလာဂါထာတော်ဖြင့် စာအောင်သံဃာတော်များအား ပူဇော်ကာ သာမဏေကျော်အောင်သုံးပါးတို့ကို ၄င်းတို့၏ ဆရာတော်များက ငါးမိနစ်စီ စာထောက်စာမေးမြန်းခြင်းပြုတော်မူကြသည်။

ယင်းနောက် တတိယဆင့်သာမဏေကျော် ၁၈ ပါးတို့၏ ဘွဲ့ပုံတော်လက်မှတ်များကို အသင်းဥက္ကဋ္ဌ ဦးရှမ်းကဆက်ကပ်သည်။ ထို့နောက် ဒုတိယဆင့်နှင့်ပထမဆင့်သာမဏေကျော် အရှင်သူမြတ်တို့၏ ဘွဲ့ပုံတော်လက်မှတ်များကို နာယကလူကြီးများ၊ အလုပ်အမှုဆောင်များက အစီအစဉ်အတိုင်း အလှည့်ကျ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပြည်တွင်းသတင်း

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အချိန်ဇယား

စတုတ္ထအကြိမ်အမျိုးသား အားကစားပွဲတော်တွင် အားကစားနည်းလိုက်ပြိုင်ပွဲများကို အောက်ပါဇယားအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အထက(၂)တွံတေး
ယခင်မက်သဒစ်၊ အလက(မြို့မ)၊ ထ/ခွဲ
ကျောင်းသားကျောင်းသူဟောင်းများ၏

(၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ဤကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီး(၈၆)ဦးတို့ကို ချစ်တပည့်ကျောင်းသား/ကျောင်းသူဟောင်းများမှ (၁၃)ကြိမ်မြောက် ဂါရဝပြုပူဇော်မည့် **မြတ်ဆရာပူဇော်ပွဲ**သို့ အောက်ပါအစီအစဉ်အတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၅ရက် (ကြာသပတေးနေ့) (ပြည်ထောင်စုနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ရတနာခန်းမ (အထက(၂)၊ တွံတေး)

ဆရာကြီးဆရာမကြီးများနှင့် တပည့်ဟောင်းများအား ၁၂-၂-၂၀၁၅ရက် နံနက် ၇:၀၀ နာရီတွင် ဒလမြို့ဆိပ်ကမ်းမှ ကားများ ကြိုဆိုမည်ဖြစ်ပါသည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဦးတင်ဦး ဖုန်း-၀၉-၄၂၀၁၇၀၀၄၀၊ ဦးမောင်ကို ဖုန်း-၀၉-၅၃၉၆၃၀၇၊ ဦးအောင်သူ ဖုန်း-၀၉-၅၃၉၆၂၁၁၊ ဦးမောင်မောင်ဦး ဖုန်း-၀၉-၄၂၀၁၃၇၁၃၇၊ ဒေါ်ဝါဝါ ဖုန်း-၀၉-၅၀၈၆၂၈၅၊ ဒေါ်ဖြူဖြူ ဖုန်း-၀၉-၄၂၀၃၀၄၈၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ပူဇော်ပွဲသို့ မတက်ရောက်နိုင်ပါက ဖော်ပြပါဖုန်းများသို့ အချိန်မီဆက်သွယ်ပါရန်)
ပူဇော်ပွဲကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အထည်ချုပ်စက်ရုံမြေနေရာတွင် ပါဝင်သွားသည့် ငွေပေးသွင်းပြီးသူ ဦးလှရှိန်အား ၉-၆-၂၀၁၄ ရက်က ပုသိမ်မြို့မြေချထားရေးကော်မတီ၏ မဲစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ဦးလှရှိန် စိုက်ပျိုးရေးဝန်ထမ်း(အငြိမ်းစား)အား ပုသိမ်မြို့၊ အမှတ် ၁၃ ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ စီးပွားဖွံ့အကွက်၊ ဦးပိုင်အမှတ် B-၂၃၁၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား အစားပြန်လည်ပေးအပ်ရန်ဖြစ်၍ မြေပေးမိန့်ထုတ်ယူရန်ဖြစ်သော်လည်း ဦးလှရှိန်၏ ကျန်းမာရေးအရ ရုံးသို့လာရောက်၍ ထုတ်ယူရန် အခက်အခဲရှိခြင်းကြောင့် ၄င်းကိုယ်စား ဦးရဲသူရ ဇော်(ခ)ရဲထက်အောင် ၁၄/ပသန(နိုင်)၁၆၀၉၃၈ ပဒင်းတန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့နေသူအား ဦးလှရှိန်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးမည်ဖြစ်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၅-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ SSC ဆေးရုံကြီးအနီး၊ ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများနှင့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများသည် ၁၀-၂-၂၀၁၅ ရက်နောက်ဆုံးထား၍ ဦးစိန်မြင့် ဖုန်း-၀၉-၅၀၂၉၆၂၆၊ ဦးသိန်းလွင် ဖုန်း-၀၉-၃၃၀၅၁၆၃၆၊ ဦးခင်စိုး ဖုန်း-၀၉-၈၆၀၁၅၀၂၊ ဦးဝင်းမော်ဦး ဖုန်း-၀၉-၄၀၁၅၂၃၂၃၆၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၄၅၀၀၄၁၅၆၅ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့၊ ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်းအားကစားကွင်းအတွင်းရှိ M3 FOOD CENTER ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ရန်ရှိပါ၍ စိတ်ပါဝင်စားသော အသင်းဝင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

၁။ ဦးစန်းလွင်	ဖုန်း-၀၁-၆၃၆၇၈၀
၂။ ဦးစိန်ငြေး	ဖုန်း-၀၉-၅၁၃၂၁၅၈
၃။ ဒေါ်တင်တင်ထွေး	ဖုန်း-၀၁-၅၄၁၀၆၅
၄။ ဦးကျော်ဒွန်း	ဖုန်း-၀၉-၅၁၂၄၅၇၆
၅။ ဒေါက်တာကျော်စိုးလင်း	ဖုန်း-၀၉-၅၁၉၅၈၃၅
၆။ ဒေါ်အေးအေးညွန့်	ဖုန်း-၀၉-၄၉၃၃၁၉၃၃

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲကို သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပပါမည်။ ရန်ကုန်မြို့ရှိ မြင်းခြံမြို့သူမြို့သား အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ ဆက်သွယ်ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ရန်ကုန်မြို့ရှိ မြင်းခြံမြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများသည် အောက်ပါပုဂ္ဂိုလ်များထံ အောင်လက်မှတ်မိတ္တူများနှင့် ၄-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။ အသင်းဝင်များနှင့် ရန်ကုန်မြို့ရှိ မြင်းခြံမြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ အသစ်ထွက်ရှိသော နှစ်ပတ်လည်မဂ္ဂဇင်းအမှတ် ၅ ရောင်းချပါမည်။

ဆက်သွယ်ရန်-ဦးဆန်းထွန်း ဖုန်း-၀၉-၅၀၃၅၉၀၄၊ ဒု-ဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) ဖုန်း-၀၁-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၅၈၁၇၊ ဦးမောင်မောင် ဖုန်း-၀၁-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၀၁-၉၆၉၉၇၉၁၊ ဦးကိုကိုလေး ဖုန်း-၀၁-၅၂၇၁၇၂၊ ဦးကြည်မောင် ဖုန်း-၀၉-၂၅၀၄၉၈၉၃၁၊ ဦးဝင်းနိုင်အေး ဖုန်း-၀၉-၄၃၂၀၁၈၂၅။ **အမှုဆောင်အဖွဲ့ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ယွန်းတန်းရပ်ကွက်၊ ပိတောက်တန်းလမ်း၊ အိမ်အမှတ်(၆)၊ အိမ်နှင့်မြေကွက်(ဦးစံမြင့်) အမည်ပေါက်ကို သားဦးလှကြိုင် ၇/ရတန(နိုင်)၀၁၀၃၉၆ က ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက မှန်ကန်သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးလှကြိုင်
၇/ရတန(နိုင်)၀၁၀၃၉၆
ယွန်းတန်းရပ်ကွက်၊ ပိတောက်တန်းလမ်း၊
ရွှေတောင်မြို့

စီးပွားရေးလုပ်ငန်းတွင်ကျယ်ရေး၊ မြန်မာ့အလင်းမှ ကြော်ငြာပေး။ အများပြည်သူ အဆင်ပြေရေး၊ နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးမြင့်သိန်း နှင့် ဦးချို
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၈၂×၈၃)လမ်းကြား၊ (၃၃×၃၄) လမ်းကြားနေ တရားပြိုင်ဦးချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၁၂၁)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးမြင့်သိန်း နှင့် ဦးထွန်းရှိန်
တရားလို တရားပြိုင်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆ လမ်း၊ ([illegible])လမ်းကြားနေ တရားပြိုင် ဦးထွန်းရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-[illegible]၊ ဦးပိုင်အမှတ်([illegible])မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ [illegible] ([illegible]) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ [illegible] ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် -၅

ဒေါ်နန်းကြူ နှင့် ဦးအုန်းမောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၂×၃၃)လမ်းကြား၊ (၇၉×၈၀)လမ်းကြားနေ တရားပြိုင် ဦးအုန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၇)၊ ဦးပိုင်အမှတ် (၇၄)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပြည်တွင်းသတင်း

ရန်ကုန်ဆင်ခြေဖုံးဒေသများ ရွေးချယ်မှုများပြားလာ

ရန်ကုန် ဇန်နဝါရီ ၂၉

"အရင်နေခဲ့တဲ့ တိုက်ခန်းက မြို့လယ်ခေါင်နဲ့နီးတော့ အိမ်သားတွေ အလုပ်သွားရင် အချိန်သိပ်ယူစရာ တော့မလိုဘူးပေါ့။ ဒါပေမယ့် ဒီမှာ နေရတာ ပတ်ဝန်းကျင်က မျက်စိ နောက်သက်သာပြီး နားအေးတော့ စိတ်ချမ်းသာမိတယ်"ဟု ရွှေပြည်သာ မြို့နယ်တွင်နေထိုင်သူ အငြိမ်းစား ကျောင်းဆရာမ ဒေါ်ခင်ခင်က ခြံတွင်းရှိ ရေတုံကင်ကိုနှိပ်ကာ အပင်ငယ်လေးများကို ရေလောင်းရင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အရှေ့အာရှ ဒေသတွင်းနိုင်ငံများအတွင်း မြို့ပြ ဒေသများသို့ ပြောင်းရွှေ့နေထိုင်မှု ဒုတိယမြောက်အများဆုံး နိုင်ငံတစ်ခု ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် မြို့ပြလူ နေထိုင်မှုဆိုင်ရာ သုတေသနပညာရှင် များကပြောကြားသည်။ ရန်ကုန်မြို့ သည် ပညာရပ်အခွင့်အလမ်းများ ပေါ်ကြွယ်ဝခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများပြားစွာ ရွေးချယ် လုပ်ကိုင်နိုင်မှုတို့ကြောင့် နယ်ပယ် ဒေသအသီးသီးမှ လူအများအပြား လာရောက်နေထိုင်လျက် ရှိကြသည်။ မြို့ပြဧရိယာသို့ ပြောင်းရွှေ့နေထိုင် သူတိုးပွားလာမှုသည် ၂၀၀၀ ပြည့်နှစ် ၌ ၄ ဒသမ ၇ သန်းမှ ၂၀၁၀ ပြည့်နှစ် တွင် ၆ ဒသမ ၂ သန်းအထိ ရှိလာ ကြောင်း ကမ္ဘာ့ဘဏ်၏ လေ့လာချက် အရသိရသည်။

မြို့တွင်း၌လူနေထိုင်မှု သိပ်သည်း လာခြင်း၊ မော်တော်ယာဉ်သုံးစွဲမှု များပြားလာခြင်းနှင့် အိမ်ရာနှင့် တိုက်ခန်းဈေးနှုန်းများ အလွန်အမင်း မြင့်တက်လာခဲ့ပြီး သာမန်လူလတ် တန်းစားများအတွက် လက်လှမ်းမမီ နိုင်သော အနေအထားဖြစ်လာခဲ့ သည်။ ယင်းကဲ့သို့ အနေအထားများ ကြောင့် ဆင်ခြေဖုံးဒေသများတွင် နေထိုင်လိုမှုများ တစ်စတစ်စ ရေပန်းစားလာခဲ့သည်။ ၂၀၁၄ ခုနှစ် အတွင်း လေ့လာကြည့်ပါက ပထမ ပိုင်း ၆ လတာထက် ဒုတိယပိုင်း ၆ လတာကာလတွင် ဆင်ခြေဖုံး ဒေသများကိုရှာဖွေမှုမှာ ၄၇ ရာခိုင် နှုန်းအထိ များပြားလာခဲ့ကြောင်း ဂျာမနီအခြေစိုက် အွန်လိုင်းအိမ်ရာ ဝန်ဆောင်မှု အကျိုးဆောင်လုပ်ငန်း House.com.mm ၏ လေ့လာမှု စစ်တမ်းအရ သိရသည်။ ရှာဖွေမှုပိုမို ပြုလုပ်ကြသည့် နေရာဒေသများမှာ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ် တို့ဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်၏ country manager Jan Sommer feld က ပြောကြားသည်။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းစီးပွား ရေး ပြောင်းလဲမှုဆိုင်ရာများကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းကြီး များ ဝင်ရောက်အခြေစိုက်လာကြ သည့် ရန်ကုန်မြို့၌ ဆင်ခြေဖုံးဒေသ များတွင် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်မှုရှိသော်လည်း မြို့တွင်း ဒေသများနှင့် နှိုင်းယှဉ်ပါက နည်းပါး နေသေးကြောင်း၊ လူအများစုမှာ ဆင်ခြေဖုံးရှိ ကိုယ်ပိုင်ခြံဝင်းပါသော အိမ်များကို နှစ်ခြိုက်မှုရှိပြီး ပိုမိုရွေးချယ်ကြကြောင်း သိရ သည်။

"လာမယ့်နှစ်တွေမှာလည်း ဆင် ခြေဖုံးအခြေချနေထိုင်မှုက သိသိ သာသာမြင့်တက်နေမှာပါ။ မော် တော်ယာဉ်တင်သွင်းမှု များလာပြီး လူလတ်တန်းစားတွေလည်း ကိုယ်ပိုင် ကားစီးနိုင်တဲ့အနေအထား ဖြစ်လာ ပြီ။ လမ်းတံတားတွေလည်း ပိုများ လာပြီး သွားလာရေးလွယ်ကူလာတဲ့ အချက်မှာလည်း ပါတာပေါ့။ ဆင်ခြေ ဖုံးကို ပိုပြီးအဆင့်မြှင့်ပေးနိုင်ရင် ကျွန်တော်တို့လို လူလတ်တန်းစားတွေ အတွက်ဆင်ခြေဖုံးရွေးချယ်ဖို့ အခွင့် အလမ်းပိုများလာမှာပါ"ဟု လှိုင်သာ ယာမြို့နယ်၌နေထိုင်သူ ကိုမင်းမင်း ညွန့်က ပြောကြားသည်။ လက်ရှိ၌ အရှေ့အာရှ ဒေသနိုင်ငံများတွင်လည်း ကျေးလက်မှ မြို့ပြသို့ပြောင်းရွှေ့ နေထိုင်ကြသော အရှိန်အဟုန်က သိသိသာသာ များပြားလာခြင်းကြောင့် ရေရှည်စီမံကိန်းများချမှတ်ရန် အလွန် အရေးကြီးကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စား လှယ် အဗ္ဗဒူရာဆပ်က ပြောကြား သည်။

သတင်း-မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ-မွန်းဦးနဒီ

သတင်းတိုများ

မီးသတ်ယာဉ်စခန်း အဆောက်အအုံသစ်ဖွင့်

ပြည်မြို့ခေတ္တရာမြို့သစ် ကိုယ့် အားကိုယ်ကိုး မီးသတ်ယာဉ်စခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အလှူရှင် များ ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ခေတ္တရာမြို့သစ် မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လင်းက အမှာစကား ပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေး မှူး ဦးဇော်လွင်က ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်စခန်းဖွင့်ပွဲနှင့် ပတ် သက်၍ရှင်းလင်းတင်ပြပြီး အလှူရှင် များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေး အပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် စခန်း အဆောက်အအုံ ဆောက်လုပ် ရန်အတွက် ခေတ္တရာမြို့သစ်မှ အလှူ ရှင်များက ငွေကျပ် ၃၄၄၀၀၀၀ လှူဒါန်းခဲ့သည်။ **မောင်ရွှေဝင်း(ပြည်)**

ရွှေတမာအလင်းအိမ် စာကြည့်တိုက်ဖွင့်

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် တမာတကောကျေးရွာအုပ်စု တမာ တကောကျေးရွာတွင် ရွှေတမာ အလင်းအိမ်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့် တိုက်အဆောက်အအုံရှေ့၌ ကျင်းပ သည်။

အခမ်းအနားတွင် ရေချိုငါးလုပ် ငန်းဥပဒေစာအုပ်များနှင့် မဂ္ဂဇင်း ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၆၅၀၀၀၀ မတည်၍ ရွာသူရွာသား အလှူရှင် များ လှူဒါန်းထည့်ဝင်ငွေကျပ် ၁၈၂၈၀၀၀ စုစုပေါင်းငွေကျပ် ၃၄၇၈၀၀၀ အကုန်ကျခံကာ ဆောက် လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၉

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော OPHIR ENERGY PLC ကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD 3 တွင် 3 D Seismic တိုင်းတာရေးလုပ်ငန်းများအား တိုင်းတာရေးရေယာဉ် SANCO SWORD ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေလ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ 3 D Seismic Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point (A) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point (B)မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်၊ Point (C) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်နှင့် Point (D) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်အတွင်း ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD 3 တွင် 3 D Seismic Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် SANCO SWORD ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ် စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘော များ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်သည်။ **ငါးလုပ်ငန်းဦးစီးဌာန**

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

နေပြည်တော် ဇန်နဝါရီ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ မြို့နယ် ယာယီသိပ္ပံဈေး(ဆင်မင်းဈေး) ၌ ရောင်းချလျက်ရှိသည့် ကုန်ခြောက် ဆိုင်များ၊ စားသောက်ကုန်ဆိုင်များ နှင့် အလှကုန်ဆိုင်များအား စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကူးသန်းရောင်းဝယ် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများနှင့်အဖွဲ့ လှည့်လည်ကြည့်ရှုပြီး ရောင်းချ သူများအား ကျန်းမာရေးနှင့် ညီညွတ် ပြီး စားသုံးရန်သင့်သော၊ စံချိန်စံညွှန်း မီသော ကုန်ပစ္စည်းများကို ရောင်းချ ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိပြီး အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းများ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ ဆက်သွယ်ရန် လိပ်စာစသည်တို့ ပြည့်စုံစွာပါရှိမှသာ ရောင်းချရန်၊ တစ်ပိုင်တစ်နိုင်ရောင်းချ သူများအနေဖြင့်လည်း ကျန်းမာရေး နှင့် ညီညွတ်သော အစားအစာများကို သန့်ရှင်းသပ်ရပ်စွာ ရောင်းချရန် အသိပေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ နှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဆိုင်ရာ လုပ်ငန်းကော်မတီ စသည်တို့ ဖွဲ့စည်းပြီးစီးမှုကို ရှင်းလင်းပြောကြား ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

အမည်ပြောင်း

ဦးအောင်ဇော်မင်းထွန်း ၅/ရဘန(နိုင်) ၁၀၁၇၃၁၏သမီး ရွှေဘိုမြို့၊ အိန္ဒာရပ် အမက(၃)ပထမတန်းမှ မဇေကရီမင်းအား မအေးချမ်းသူသူဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းသူသူ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ထွန်းအောင် ၅/ကလတ(နိုင်)၀၉၃၀၉၇၏ နိုင်ငံကူး လက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၇၉၅၉၃၉၂၉၁**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-ရန်ပြေ)၊ မြေကွက်အမှတ် (၆၉၃/က)၊ မြေကွက် တည်နေရာအမှတ် (၆၉၃/က)၊ ရန်ပြေ ၁၄လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးစိုးတင့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဘဝဖြင့်ကွယ်လွန်သဖြင့် ကျန်သားသမီးနှင့်မြေးတော်စပ်သူ များဖြစ်သော (၁)ဒေါ်တင်တင်နွဲ့ ၁၂/သကတ(နိုင်)၀၄၁၇၅၀၊ (၂)ဦးသက်နိုင် ၁၂/သကတ(နိုင်)၀၄၄၈၇၁၊ (၃)ဒေါ်ခင်မေစိုး ၁၂/သကတ(နိုင်)၀၄၄၉၃၅၊ (၄) ဒေါ်ရီရီခင် ၁၂/သကတ(နိုင်)၀၄၄၉၃၁ နှင့် ဦးအေးကို မကွယ်လွန်မီ မွေးစားစာချုပ်အမှတ် (၂၉၈/၂၀၁၄)အရ မွေးစားခြင်းခံရသူ ကိတ္တိမသမီး မဂျူလိုင်ကို အသက် (၆)နှစ်၏ကိုယ်စား မိခင်ရင်း ဒေါ်ခင်မေစိုးနှင့်ဖခင်ဦးလှထွဋ်ဦး ၁၂/သကတ(နိုင်)၁၁၄၆၆၅တို့က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်း

ဆိုင်ကယ်တစ်စီးအားစစ်ဆေးရာမှ လုပ်သေနတ်၊ ခဲယမ်းများနှင့် ဆိုင်ကယ်လေးစီးဖမ်းမိ

တာချီလိတ် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဟွေ့ရဲရွာအနီး ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီခွဲက တာချီလိတ်မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ထွေး၊ နယ်ထိန်းတပ်ကြပ် အောင်သိန်းဦး၊ ဒုတပ်ကြပ် ဇော်နိုင်ထွန်းနှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဝမ်လုံးအုပ်စု ဟွေ့ရဲကျေးရွာအနီးတွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ခိုးမှုဖြင့် တရားခံပြေးကျော်သက်နှင့် ရန်နိုင်တို့သည် နံပါတ်မပါ Honda Wave I ဖြူ/ နီကြား ဆိုင်ကယ်ကို စီးလာစဉ်မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာဖွေသည်။

၎င်းတို့နှစ်ဦးထံမှ တစ်လုံးထိုးလုပ်သေနတ်အတို အနက်ရောင်တစ်လက်၊ ယမ်းကတ် ၂၀၊ ခဲလုံးကျည်အကြီး အလုံး ၂၀၊ ခဲလုံးကျည်အသေးအလုံး၂၀၊ အရှည်ခုနစ်လက်မခန့်ရှိ ယမ်းထောင်းတံ တစ်ခု၊ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း၊ အသိုနှင့် အနက်ရောင်ပါ ဂျိုင်းလွယ်ကြိုး တစ်ခု၊ ယမ်းမှုန့်ထည့်ထားသည့် ပလတ်စတစ်ဘူးအကြည်တစ်ဘူး၊ ဆိုင်ကယ်ခိုးရာတွင် အသုံးပြုသော ဆော့ကတ်တစ်ခု၊ ဝိုင်ယာကြိုးတစ်ချောင်း၊ Samsung အဖြူရောင်ဖုန်း တစ်လုံး၊ Nokia ဖြူ/ပြာရောင်ဖုန်းတစ်လုံး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း၊ Honda တံဆိပ်ပါ ဆိုင်ကယ်သော့နှစ်ချောင်းတို့ကို တွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံ ရေးသွင်းသိမ်းဆည်းပြီး ဆိုင်ကယ်ကို ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် တစ်ခနေရာမှ ခိုးယူလာဖွယ်ရှိ၍အမှုစစ် ဒုရဲမှူးကျော်သန်းနှင့် နယ်ထိန်းအဖွဲ့တို့ စုံစမ်းဖော်ထုတ်ရာ တာချီလိတ်မြို့မှ မိုင်းဆတ်မြို့နယ် မိုင်းတွမ်မြို့သို့ ခိုးယူသွားသော ဆိုင်ကယ်သုံးစီး စုစုပေါင်းလေးစီးအား ဇန်နဝါရီ ၂၆ ရက်အထိ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အမှုမှ ဆိုင်ကယ်များ ခိုးယူသွားသော ကျော်သက်(ခ)ထွန်းထွန်း(ခ)သန့်ဇင်ဝင်း(၃၄ နှစ်) ကျချင်းရွာ ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူနှင့် ရန်နိုင်(၂၂ နှစ်) ဝန်းကျောက်ရပ်ကွက် တာချီလိတ်မြို့နေသူနှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းကအရေးယူဆောင်ရွက်ပြီး မော်တော်ဆိုင်ကယ်များကို ပိုင်ရှင်များထံ ပြန်လည်အပ်နှံနိုင်ရေးအတွက် ပိုင်ရှင်များအား စုံစမ်းလျက်ရှိကြောင်း သိရသည်။ **မြင့်မိုရီ(တာချီလိတ်)**

မှုခင်းသတင်းတို

ကျွန်းလှမြို့နယ်၌ တရားမဝင်သစ်ခွဲသားများ သယ်ဆောင်လာသောကား တိမ်းမှောက် နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကျွန်းလှ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မော်ကယ်ကျေးရွာ၏ အနောက်ဘက်၌တရားမဝင်သစ်ခွဲသားများ သယ်ဆောင်လာသောကားသည် ဇန်နဝါရီ ၂၇ ရက် ညနေ ၅ နာရီခွဲက တိမ်းမှောက်သောကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ သစ်ကားတိမ်းမှောက်ရာတွင် ရေဦးမြို့နယ်နေ ယာဉ်မောင်း မိုက်ကယ် ယာဉ်နောက်လိုက် မောင်ချဲတို့သည် HINO ၁၀ ဘီးကားပေါ်၌ သစ်ပိုင်ရှင် မောင်စိုး ပေပင်ချောင်ကျေးရွာနေသူထံမှ တရားမဝင် သစ်ခွဲသားများနှင့် ခရီးသည် အမျိုးသားတစ်ဦး၊ အမျိုးသမီး လေးဦး တင်ဆောင်မောင်းနှင်လာပြီး မော်ကယ်ကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဆင်အော်တောင်ပေါ်သို့ မောင်းတက်ရာ ပြန်လိမ့်ကျပြီး နတ်စင်ကုန်း အနောက်ဘက် ချောက်ထဲသို့ တိမ်းမှောက်၍ မဇင်မာထွန်း(၁၃နှစ်) မော်ကယ်အရှေ့ရွာနေသူသည် ကားပေါ်မှပြုတ်ကျပြီး သေဆုံးကြောင်း၊ မောင်ဇော့ (၂၀နှစ်) ချင်းချောင်းကျေးရွာ မင်းကင်းမြို့နယ်နေသူမှာလည်း ဆေးရုံသို့ ပို့ဆောင်ရာ လမ်းတွင်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဒဏ်ရာရရှိသူသုံးဦးမှာ ပေပင်ချောင်တိုက်နယ်ဆေးရုံသို့ ဆေးကုသခံယူလျက်ရှိကြောင်းနှင့် ထွက်ပြေးသွားသည့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် နှစ်ဦးတို့အား ဖမ်းဆီးရမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ ပြား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် သမ္ဘောတကျေးရွာနေ မခင်မျိုးမျိုးသန်း(ခ)မချို၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းထဲရှိ စားပွဲအံဆွဲအတွင်းမှ ကော်ဘူးဖြင့်ထည့်သွင်းလျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ ပြား သိမ်းဆည်းရမိသဖြင့် မခင်မျိုးမျိုးသန်း(ခ) မချို (၄၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

တရားမဝင်ရွှေတူးဖော်နေသူများအား ပူးပေါင်းအဖွဲ့က ကွင်းဆင်းပြီး ဆက်တိုက်ဖမ်းဆီး

ကောလင်း ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ချောင်းနားအပိုင်နယ်မြေအတွင်း တရားမဝင်ရွှေတူးဖော်နေသူများအား ဇန်နဝါရီ ၂၃ ရက် ညနေပိုင်းက ဆက်တိုက် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တရားမဝင် ရွှေတူးဖော်နေမှုများအား ဖမ်းဆီးရန်ဖွဲ့စည်းပေးသည့် ကသာခရိုင် ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးစိန်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်လျက် ချောင်းနားရဲကင်းမှူး ရဲအုပ်ဇော်ဝင်း၊ ကောလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်မိုးသန့် နှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇန်နဝါရီ ၂၃ ရက် ညနေ ၅နာရီက ရဲစခန်း၏ အနောက်ဘက် ၃၅ မိုင်ခန့်အကွာရှိ သမန်းဆိပ်ဆည်သွားလမ်းဘေးတွင် တရားမဝင်ရွှေတူးဖော်နေမှုကို ဝင်ရောက်ဖမ်းဆီးခဲ့ရာ ကောလင်းမြို့နယ် ပန်းမရဲအုပ်စု ဇမ္ဗူရာဇ်ကျေးရွာနေ ဝင်းမြင့် (၅၆ နှစ်) အား 7C ခြောက်လုံးထိုး အင်ဂျင်တစ်လုံး၊ ခံနိုင်ဝန်ငါးတန်ရှိ ချိန်းဘလောက်တစ်ခု၊ ခြောက်လက်မ သံပိုက်လုံးနှစ်လုံးနှင့် ပလတ်စတစ်ပိုက်နှစ်လုံး၊ ၁၄ လက်မ ပြန်းအိုးတစ်လုံးနှင့်အတူ တရားမဝင် ရွှေတူးဖော်ပုံကိုင်နေသည်ကို တွေ့ရှိ၍ ကောလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာအနီး တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသည့် ကောလင်းမြို့နယ် ပန်းမရဲအုပ်စု ခေါင်းဖြူကျေးရွာနေ ကံဝင်း (၃၆နှစ်)အား 7C ခြောက်လုံးထိုးအင်ဂျင်တစ်လုံး ခံနိုင်ဝန်ငါးတန်ရှိ ချိန်းဘလောက်တစ်ခု ခြောက်လက်မ သံပိုက်လုံး နှစ်လုံးနှင့် ပလတ်စတစ်ပိုက်နှစ်လုံး၊ ၁၄ လက်မ ပြန်းအိုး တစ်လုံး၊ ချန်ချိုင်း(၂၅)ကောင်အင်ဂျင် တစ်လုံး၊ ပေ ၂၀၀ ခန့် အဝါရောင် ပိုက်ပျော့တစ်ခွေတို့နှင့်အတူ တရားမဝင် ရွှေတူးဖော်နေသည်ကို တွေ့ရှိရသဖြင့် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့မှ ဆက်လက်ရှာဖွေရာ ကောလင်းမြို့နယ် ပန်းမရဲအုပ်စုခေါင်းဖြူကျေးရွာနေ စိန်လှိုင် (၄၄နှစ်)အား ချန်ချိုင်း (၂၅)ကောင်အင်ဂျင်တစ်လုံး၊ ၁၀ လက်မ ပြန်းအိုးတစ်လုံး၊ ခံနိုင်ဝန်သုံးတန် ချိန်းဘလောက်တစ်ခု၊ လေးလက်မအပြာရောင် ပလတ်စတစ်ပိုက်နှစ်ခု၊ JN အမျိုးအစား ၂၅ ကောင်အင်ဂျင်တစ်လုံး၊ ပေ ၂၀၀ ခန့်ရှိ လေးလက်မ အဝါရောင်ပိုက်တစ်ခွေနှင့်အတူ တရားမဝင်ရွှေတူးဖော်နေသည်ကို တွေ့ရှိရသဖြင့် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အဆိုပါနေရာများ ပတ်ဝန်းကျင်ကို ပူးပေါင်းအဖွဲ့မှ ရှာဖွေစဉ် ကောလင်းမြို့နယ် ပန်းမရဲအုပ်စု ခေါင်းဖြူကျေးရွာနေ ချစ်ငြိမ်း (၄၅ နှစ်)အား 7C ခြောက်လုံးထိုးအင်ဂျင်တစ်လုံး၊ ခံနိုင်ဝန်ငါးတန်ရှိ ချိန်းဘလောက်တစ်ခု၊ ခြောက်လက်မ သံပိုက်လုံးနှစ်လုံးနှင့် ပလတ်စတစ်ပိုက်နှစ်လုံး၊ ၁၄ လက်မ ပြန်းအိုးတစ်လုံး၊ ချန်ချိုင်း ၂၅ကောင်အင်ဂျင်တစ်လုံး၊ ပေ ၂၀၀ခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်ခွေတို့နှင့်အတူ တရားမဝင်ရွှေတူးဖော်နေသည်ကို တွေ့ရှိရသဖြင့် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် ရဲအုပ်ဇော်ဝင်းက ဥပဒေအရ အရေးယူပေးရန် တိုင်ကြားခဲ့ပြီး အမှုစစ်အဖြစ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ (ကသာ)**

မိဂဒါဝုန် မြေမြတ်ဆုံ၌ ထွန်းလင်းသာသနာ ရှည်ကြာတည်တံ့စေဖို့ ဓမ္မရာဇိကပညာရိပ်သာ တည်ဆောက်ကြပါစို့

ဗုဒ္ဓဂယာ ... ဗာရာဏသီ ... (SARNATH) ...

မြေ (၁)စတုရန်းပေ - ၁၅,၀၀၀/- ကျောင်းဆောင်(၁)စတုရန်းပေ - ၂၁,၀၀၀/- ၂၅ ပေ x ၁၅ ပေ အခန်းတစ်ခန်း - US$ ၅,၀၀၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်ထွန်း ၁၂/တမန(နိုင်)၁၁၂၂၅၆၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၃၆၀၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၆၆၃ Shat -rn 110 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စိန် ၉/မရမ(နိုင်)၀၆၅၈၉၀ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်တွင် အဆင့်မြင့် ထွန်စက်သစ်ကြီးများဖြင့် တောင်သူကြီးများ၏ လယ်မြေများကို ထွန်ယက်ပြုပြင်ဝန်ဆောင်မှုပေး

ရေစကြို ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ရေစကြိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသို့ မြင်းကောင်ရေ ၉၀ ရှိ အဆင့်မြင့် SONALIKA ထွန်စက်သစ်ကြီးနှစ်စီး လွှဲပြောင်းပေးပြီး ဒေသခံတောင်သူများ၏ လယ်ယာမြေ ထွန်ယက်ပြုပြင်ရာတွင် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"တောင်သူများရဲ့ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်တွေကို မြှင့်တင်ဖြည့်ဆည်းဖို့နဲ့ တောင်သူများကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့နဲ့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို မြန်မြန်ဆန်ဆန်ပြောင်းလဲဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ စက်စွမ်းအားမြင့်တဲ့ SONALIKA ထွန်စက်တွေ မြို့နယ်တွေကို ပေးအပ်တာပါ" ဟု ခရိုင်ဦးစီးမှူး ဦးတိုးမင်းက ပြောသည်။

"ရေစကြို မြို့နယ်အတွက် ရောက်ရှိလာတဲ့ SONALIKA ထွန်စက်တွေနဲ့ နွေစပါးစိုက်ပျိုးရေး၊ ထွန်ယက်မြေပြင်လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ လောလောဆယ် တောင်သူတွေမှာ နွားနဲ့ထွန်တဲ့ စရိတ်တွေကြီးသလို အလုပ်သမားရှားတဲ့ အခက်အခဲတွေနဲ့ကြုံနေကြရပါတယ်။ အဲဒီ အခက်အခဲကို ကျွန်တော်တို့ဌာနက ဖြေရှင်း ဝန်ဆောင်မှုပေးနေပါတယ်။ ဝန်ဆောင်ခကတော့ ခုနစ်သွားထယ် တစ်ဧက ငွေကျပ် ၁၅၀၀၀ နှုန်း၊ ထွန်တစ်ဧက ငွေကျပ် ၇၅၀၀ နှုန်း၊ ရိုတာ တစ်ဧက ငွေကျပ် ၁၅၀၀၀ နှုန်း၊ ရိုးရိုး ဂျုတ်တစ်ဧက ငွေကျပ် ၇၅၀၀ နှုန်း၊ Leveller တစ်ဧက ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ တောင်သူကြီးများအတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရေစကြိုမြို့နယ်တာဝန်ခံ ဦးထွန်းက ရှင်းပြသည်။

SONALIKA အဆင့်မြင့် ထွန်စက်ကြီးများကို တောင်သူများအတွက် လက်ငင်းစနစ်၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေပြီး ထွန်စက်ကြီးများ၏ စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်ပေးကြောင်း၊ ထို့အပြင် (ပုဂ္ဂလိက) ထွန်စက်များကိုလည်း ပြုပြင်ပေးကြောင်း သိရသည်။

ယခုအခါ ရေစကြိုမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေးအတွက် မြေယာပြုပြင် ထွန်ယက်ရာတွင် ပုဂ္ဂလိကထွန်စက်ငယ်များ၊ လက်တွန်း ထွန်စက်များဖြင့် ဆောင်ရွက်နေသကဲ့သို့ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှလည်း အဆင့်မြင့် SONALIKA ထွန်စက်ကြီးများဖြင့် ကျွမ်းကျင်ဝန်ထမ်းများက ဒေသခံတောင်သူကြီးများ၏ လယ်ယာမြေများကို ဈေးနှုန်းလည်းချို၊ အချိန်တိုအတွင်း တောင်သူများစိတ်တိုင်းကျ မြေယာပြုပြင်ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖေထွေး(ဓာတ်)–ရေစကြို**

မကွေးမြို့အနီးရှိ ကျေးရွာလေးရွာအမြန်မီးလင်းရေး ကွင်းဆင်းစစ်ဆေး

မကွေး ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မီးလင်းရေးကော်မတီအဖွဲ့က ၂၀၁၄- ၂၀၁၅ အတွင်း မဟာဓာတ်အားလိုင်းမှ ကျေးရွာ မီးလင်းရေးလုပ်ငန်းကို ပွင့်သာကုမ္ပဏီအဖွဲ့က ကျေးရွာလေးရွာဖြစ်သည့် ဝါဂွမ်း၊ စမ်းကန်၊ ကန်ရွာ၊ ငွေးတောက်စမ်းကျေးရွာများတွင် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်း ဆောင်ရွက်ခြင်းကို မီးလင်းရေးအဆင့်ဆင့်ကော်မတီများဖွဲ့ပြီး အမြန်ပြီးစီးဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်ဆင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ပွင့်သာကုမ္ပဏီမှ ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများ၊ ဒေသခံကျေးလက်နေပြည်သူများ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်က အဆိုပါကျေးရွာလေးရွာကို ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ဝါဂွမ်းကျေးရွာနှင့် စမ်းကန်ကျေးရွာတို့တွင် ပြီးစီးလျက် မီးများစတင်သုံးစွဲနေပြီသည်။ ကန်ရွာကျေးရွာတွင် ၉၅ ရာခိုင်နှုန်းခန့်နှင့် ငွေးတောက်စမ်းကျေးရွာတွင် ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် လျှပ်စစ်မီးရရှိပါက မြို့ပြကျေးလက်ကွာဟမှု နည်းပါးလာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီဘက်မှလည်းဌာနမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ယခုနှစ် မတ်လအတွင်း ရွာနှစ်ရွာကို အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ပြောကြားခဲ့သည်။

အဆိုပါကျေးရွာ လေးရွာအတွက် လုပ်ငန်းအားလုံးပြီးစီးပါက ကျေးလက်နေ ပြည်သူများ အိမ်ခြေ ၆၃၀၊ အိမ်ထောင်စု ၁၂၅၉ စု၊ လူဦးရေ ၄၀၁၉ ဦးတို့အနေဖြင့် မြို့နှင့်မခြား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည် ဖြစ်ကြောင်းသိရသည်။

ကျော်ဇေယျ(မကွေး)

ကျေးလက်လမ်းအရှည် ၁၄ မိုင် ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် ပြည်ပအဖွဲ့အစည်းအလှူရှင်များမှ လာရောက်လေ့လာ

လွိုင်လင် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်တိုက်နယ် နားယမ်းကျေးရွာအုပ်စု မိုင်းပွန်-တိပေါး-ကုန်းပတ် ကျေးရွာချင်းဆက်လမ်း အရှည် ၁၄ မိုင်ကို ကျောက်ချောလမ်းခင်းရန် ပြည်ပနိုင်ငံ အဖွဲ့အစည်း JBG မှ Gregl.Marks.Team Leader,/KFW မှ Michael Sumser,Senior Project Manager/Peter Rooney, နှင့် Senior Civil Engineer တို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ လွိုင်လင်ခရိုင်ဦးစီးမှူးနှင့် လွိုင်လင်မြို့နယ်ဦးစီးမှူးတို့ လိုက်ပါ၍ မိုင်းပွန်-တိပေါး-ကုန်းပတ်ကျေးရွာချင်းဆက်လမ်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြရာ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုကြကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

သိမ်းဆည်းလယ်ယာမြေများ တောင်သူများထံပြန်လည်ပေးအပ်

မာန်အောင် ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ သိမ်းဆည်းလယ်ယာမြေ ပြန်လည်ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ကျောက်ဖြူခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ငရုံးတောင်ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ တောင်သူများ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက သိမ်းဆည်းလယ်ယာမြေများကို ပြန်လည်ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများမှ တောင်သူ ဒေါ်မရွှေတင် ဦးပိုင်အမှတ်(၁၂၅) ၁ ဒသမ ၉၄ ဧက၊ ဒေါ်မအုံး ဦးပိုင်အမှတ်(၁၂၆) ၂ ဒသမ ၂၈ ဧက၊ ဦးညီပု ဦးပိုင်အမှတ်(၁၃၂/၁) ၁ ဒသမ ၆၀ ဧက၊ ဒေါ်မစိန်ညွှန့် ဦးပိုင်အမှတ်(၁၃၂/၂) ၁ ဒသမ ၀၁ ဧက၊ ဦးမောင်တင်စိန် ဦးပိုင်အမှတ် (၁၃၂/၃) ၁ဒသမ ၀၂ ဧက၊ ဦးမောင်တင်စိန် ဦးပိုင်အမှတ် (၁၃၃) ၁ ဒသမ ၃၄ ဧကတို့အတွက် လယ်ယာမြေပုံစံ(၇)များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းဇေ(iprd)**

မိုးပွင့်အထူးစီမံချက်အရ ဇန်နဝါရီ ၂၆ ရက်က အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ရပ်ကွက်များဖြစ်သည့် ဝါးရုံဆိပ်နှင့် အေးရွာအနောက်ပိုင်းရပ်ကွက်များသို့ အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အသက် (၁၀/၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးပြုလုပ်ပေးစဉ်။ ကိုကြီးတင်

လင်မယားကွာရှင်းပြတ်စဲကြောင်း ကြေညာချက်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဇေယျာမွန် ၁ လမ်းနေ ဒေါ်သော်သော်ဝင်း ၁၀/ကထန(နိုင်)၀၇၉၆၃၅၏ ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သော်သော်ဝင်းနှင့် ဦးထက်နေအောင်တို့သည် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေသည် ဦးထက်နေအောင်နှင့် (၂၅-၆-၂၀၀၅)ရက်က လက်ထပ်ပေါင်းသင်းခဲ့ရာ လက်ထပ်ပြီးနောက် ဦးထက်နေအောင်က ကျွန်ုပ်၏မိတ်ဆွေ(ဇနီးဖြစ်သူ)၏ အိမ်တွင်လိုက်ပါနေထိုင်ခဲ့ပြီး နောက်ပိုင်းတွင် သင်္ဘောသားအလုပ်ကို လုပ်ကိုင်ခဲ့သော်လည်း လစဉ်ထောက်ပံ့ခြင်းမရှိဘဲ ကာလကြာရှည်စွာ စွန့်ပစ်ထားခဲ့သဖြင့် မိမိအမည်ဖြင့် ဝယ်ယူထားသော ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်ရှိ ပေ(၄၀×၆၀) မြေကွက်အား ရောင်းချခဲ့ရပါသည်။ သားသမီးထွန်းကားခြင်းမရှိခဲ့သဖြင့် အားလပ်ချိန်များတွင် ကွန်ပျူတာသင်တန်းတက်ခြင်း၊ ကျန်းမာရေးအတွက် သင်တန်းဖော်များနှင့် ရေကူးခြင်းပြုမှုတို့အပေါ် ခင်ပွန်းအား စိတ်ဆင်းရဲအောင် ရက်စက်မှုကျူးလွန်သည်ဟူသော စွဲချက်ဖြင့် သက်ဆိုင်ရာ ကျိုက်ထိုမြို့နယ်တရားရုံးတွင် လင်မယားကွာရှင်းလိုမှု လျှောက်ထားခြင်းကို ရုံးတော်မှကွာရှင်းပြတ်စဲခွင့်အမိန့် ချမှတ်ပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သော်သော်ဝင်းနှင့်ဦးထက်နေအောင်တို့သည် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘမော် (B.Sc, R.L, D.A, D.M.A, D.B.L, D.A.Psy.)
W.I.P.O (D.L.101) (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၂၈)နှင့် ကုမ္ပဏီများအကြံပေး
တိုက် (K)၊ အခန်း ၄၀၅၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၂၈၇၆၅၊ ၀၉-၅၁၂၇၁၀၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ယ/၆၆၁၁၀၊ ကန်ဘိုဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၉/မထလ(နိုင်)၀၁၁၂၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အရှေ့ညောင်ပင်ရပ်ကွက်နေ ဦးတင်ဦး-ဒေါ်မိုးနိုင်အေးတို့၏ သား၊ အထက(၁) စတုတ္ထတန်း(B)မှ မောင်မင်းထက်မြတ်၏ အမည်မှန်မှာ မောင်မင်းထက်မြတ်အောင်ဖြစ်ပါသည်။

ဦးတင်ဦး-ဒေါ်မိုးနိုင်အေး
ဗန်းမော်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်အောင်ဇော်မျိုး ၁၂/ဥကတ(နိုင်)၁၇၀၇၀၂သည် ဖခင်၊ ဘကြီးများ၊ အဒေါ်နှင့် ညီအစ်ကိုမောင်နှမ မိသားစုများအပေါ်တွင် ခွင့်မလွှတ်နိုင်သည့်ကိစ္စများနှင့် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်လျက်ရှိပြီး မိသားစုများအပေါ် ရန်မူလာပါသဖြင့် ၂၇-၁-၂၀၁၅ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း။ ၎င်းမောင်အောင်ဇော်မျိုးနှင့် ပတ်သက်သောကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်း
၁၂/ဥကတ(နိုင်)၀၈၁၈၇၈

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ညိုလွင်သန့် ၁၂/ဒပန(နိုင်)၀၅၃၁၇၇နှင့် ကျွန်မမနန်းနွယ်လင်း ၁၂/ဒပန(နိုင်)၀၄၀၃၁၅ တို့သည် ၂၈-၅-၂၀၁၂ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးပါကြောင်း။

မောင်ညိုလွင်သန့်၊ မနန်းနွယ်လင်း



ကြော်ငြာ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများ(၂၀၁၃-၂၀၁၄) စာအုပ်အသစ်ထွက်ရှိ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ဝေဖြန့်ချိသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများ(၂၀၁၃-၂၀၁၄)စာအုပ်အသစ်ထွက်ရှိကြောင်းနှင့် တစ်အုပ်လျှင် လက်လီဈေးနှုန်းကျပ် ၂၂၀၀/-ဖြင့်လည်းကောင်း၊ လက်ကားဈေးနှုန်း တစ်အုပ်လျှင်ကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း အောက်ဖော်ပြပါအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဝယ်ယူရရှိနိုင်သောဆိုင်များ

စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၂၂၈၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်)
ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈

စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၂၄၅/၂၄၇၊ ၉လမ်း၊ လမ်းမတော်မြို့နယ်)
ဖုန်း-၀၉-၄၃၁၆၉၆၃၄၊ ၀၉-၂၅၀၀၉၈၇၀၄

စာပေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ သပြေကုန်းဈေး၊ တ-၅၅) ဖုန်း-၀၆၇-၄၁၄၆၈၁

စာပေဗိမာန်အရောင်းဆိုင်(အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁×၂၂လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး) ဖုန်း-၀၂-၃၀၁၈၆

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ဘတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

	ဂယာ	ဗိဂစါဝုန်	ကုသိနာရုံ
၁။ ဆွမ်း(၁)ဝတ်ကျွေးမှု (ကျပ်)	၂၅,၀၀၀	၁၅,၀၀၀	၁၀,၀၀၀

	သာဝတ္ထိ	ဂယာ	ဗိဂစါဝုန်	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)ဝတ်ကျွေးမှု (ကျပ်)	၂၀,၀၀၀	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E) မြေညီထပ်၊ ကမ္ဘာ့အေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ(၁) - အမှတ်(၂၀၉)မြေညီထပ်၊ ပန်းဆိုးတန်းလမ်းနှင့်ကျော်လံတားအနီးကျောက်တံတား၊ ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ စေတမန္တလာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

[illegible]

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်) ဖိတ်ကြားလွှာ

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ယ/၅၇၂၉၀၊ ကန်ဘိုယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်လုတ ၁၃/မတန(နိုင်)၀၀၇၁၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်တိုက်နယ် မွန်ပရိယတ္တိကျောင်းတိုက်၊ အသစ်ပြန်လည်တည်ဆောက်နိုင်ရန် နှိုးဆော်အပ်ပါသည်

စစ်တောင်းစက္ကူစက်ရှိ မွန်တိုင်းရင်းသားများသည် သိမ်ဇရပ်ကျေးရွာတွင် မွန်စာပေနှင့် ယဉ်ကျေးမှုမပပျောက်စေရန်ရည်သန်၍ ဒေသခံမွန်တိုင်းရင်းသားများဖြင့် ၁၉၈၀ပြည့်နှစ်တွင် မွန်ပရိယတ္တိစာသင်တိုက်ကျောင်းကို ဆောက်လုပ်လှူဒါန်း၍ မွန်ဆရာတော်နှင့်တကွ သံဃာတော်များပင့်ဆောင်ကိုးကွယ်ခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။

ယခုအခါ မွန်ပရိယတ္တိကျောင်းတိုက်သည် နှစ်ပေါင်း(၃၄)နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်၍ အို၊ ဆွေး၊ ယိုင်နဲ့ပျက်စီးနေပါပြီ။ စစ်တောင်းစက္ကူစက်ရှိ မွန်တိုင်းရင်းသားများနှင့် ကျောင်းဒကာအလှူရှင်များမှာ အခြေအနေအရပ်ရပ်ကြောင့် သိမ်ဇရပ်နယ်မြေမှ ဝေးကွာသွားကြပြီး ကျောင်းဒါယကာ ဒါယိကာမများ အလွန်နည်းပါးနေပြီဖြစ်ပါသည်။

သို့ဖြစ်၍ မွန်ပရိယတ္တိကျောင်းဆောင်အသစ် ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ရပ်ဝေးရောက် ကျောင်းဒါယကာများ၊ မွန်တိုင်းရင်းသားများနှင့် အလှူရှင်ဒါယကာများမှ ဝိုင်းဝန်းပံ့ပိုးပါဝင်လှူဒါန်းကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်ပါသည်။

ဆက်သွယ်ရန်

ကျောင်းဆောက်လုပ်ရန် ဖြစ်မြောက်ရေးအကျိုးတော်ဆောင်များ-

၁။	ဦးခင်မောင်-ဒေါ်လှမြင့်	ဖုန်း-၀၉-၄၉၂၄၅၁၉၉	ရန်ကုန်မြို့
၂။	ဦးမင်းသာအောင်	ဖုန်း-၀၉-၄၂၀၀၉၅၈၈၉	ရန်ကုန်မြို့
၃။	မင်းအေးသက်ထွန်း	ဖုန်း-၀၉-၄၉၂၆၀၁၉၁	ရန်ကုန်မြို့
၄။	ဦးကိုကို(ကြက်ခြေနီ)	ဖုန်း-၀၉-၄၂၅၃၃၂၅၂၅	သိမ်ဇရပ်
၅။	ဦးအောင်ကျော်မြင့်	ဖုန်း-၀၉-၂၅၅၈၂၃၅၄၂ ၀၅၇-၆၂၃၃၂	သိမ်ဇရပ်

အမည်မှန်နှင့် ဖခင်အမည်မှန်

ပူတာအိုမြို့၊ အလက လေယာဉ်ကွင်း သတ္တမတန်း(က)မှ မဝဒမ်းခေါင်ဆားရ်လီအောင်၏ ဖခင်အမည်မှန်မှာ ဦးဘန်ကျူထဒီး ဖြစ်ပါကြောင်းနှင့် မဝဒမ်းခေါင်ဆားရ်လီအောင် အမည်မှန်မှာ မဆားရ်လီအောင် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ (၇)ရပ်ကွက်၊ အမှတ် ၄၀၊ ကံပွင့်လမ်းနေ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းဦး (ဒုတိယဥက္ကဋ္ဌ၊ ကံပွင့်ကုမ္ပဏီလီမိတက်) (နာယက ဒေါ်ဦး ဘိုးဘွားရိပ်သာ၊ ရေစကြို)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ (၂၀၁၅ခုနှစ် ဇန်နဝါရီ ၄ရက်) (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ် အပ်နှင်းချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး၊ ကောင်းကျိုးအဖြာဖြာတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ....

ဦးစိုးမင်းနိုင်-ဒေါ်ဇာဇာသဲဦး

Zar And Diamonds Gems Jewellery

ကြော်ငြာ

ဝယ်ယူသုံးစွဲသူများ နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက်

ဦးဂျမ်းလုံချည်(အစစ်) ပင်ရင်းမှ အသိပေးကြေညာခြင်း

ဦးဂျမ်း လုံချည် အမှတ်တံဆိပ်(အစစ်)
ဦးဂျမ်း ၏ ဓာတ်ပုံပါ
ရွှေရောင်အောက်ခံ နှင့် ငွေရောင်အောက်ခံ
(အထူးသတိပြုရန် ဖြစ်ပါသည်)

၁။ ဦးဂျမ်း (UG)ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၇၄/၉၃)၊ (၁၁/၂၀၀၀) (၂၂၀/၉၈) နှင့် (၁၃/၂၀၀၀)တို့ဖြင့် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် တရားဝင် မှတ်ပုံတင်၍ လုံချည်အမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ မြန်မာအမျိုးသားအားလုံး၏ ယုံကြည်စိတ်ချမှုအရှိဆုံး လုံချည်အမှတ်တံဆိပ်အဖြစ် အထူး အောင်မြင်ကျော်ကြားလျက်ရှိပါသည်။

၂။ ဦးဂျမ်းလုံချည်**(အစစ်)**များသည် (၂/၈၀)၊ (၂/၁၀၀) ချည်ချောလုံချည်များနှင့် ဖိုးအစစ်များကိုသာ အဓိကအသုံးပြုပြီး ကိုယ်ပိုင်ခေတ်မီချည်ဆိုးစက်(စနစ်)များဖြင့် ဆေးနိုင်အာမခံ အရည်အသွေးတန်ဖိုးမြင့် ချည်များဖြင့်သာ ရက်လုပ်ပြီး ဈေးကွက်သို့ တရားဝင်ဖြန့်ချိပါသည်။ **(မည်သည့်အခါမျှ (၁/၄၀)ချည်နှင့် ရက်လုပ်၍ ရောင်းချဖြန့်ဖြူးခြင်း မရှိခဲ့ပါ။)**

၃။ ရက်လုပ်သည့် (၂/၈၀) ချည်ချောနှင့် (၁/၄၀)တို့၏ သဘောသဘာဝတန်ဖိုးချင်း လုံးဝမတူညီပါ။ (၂/၈၀)ချည်ချောများမှာ နှစ်ပင်လိမ် တန်ဖိုးမြင့်ချည်ဖြစ်ပြီး (၁/၄၀)ချည်ထက် ထက်ဝက်နီးပါးဈေးမြင့်ပါသည်။ ထို့ကြောင့် ဈေးကွက်တွင် ချည်ချောလုံချည်ဟု ရောင်းချနေသော လုံချည်ဈေးနှုန်းများမှာ သုံးစွဲသော ချည်အမျိုးအစားကွာခြားသောကြောင့် တန်ဖိုးမြင့်ဈေးနှုန်းနှင့် သက်သာသောဈေးနှုန်းနှစ်မျိုး အမြဲကွာခြားနေသည်ကို သတိပြုစေလိုပါသည်။

၄။ ယခုအခါတွင် စီးပွားရေးမသမာသူ ကလိမ်ကကျစ်သမားများမှ ဦးဂျမ်းလုံချည်အစစ်၏ အောင်မြင်ကျော်ကြားမှုကို မှီခိုလှည့်ဖြားလိုသော အမြင်အမှုဖြင့် ဦးဂျမ်းဆိုသော စာလုံးနှင့် ဆင်တူယိုးမှား သံတူကြောင်းကွဲများ မှည့်ကာ တန်ဖိုးနည်း(၁/၄၀)လုံချည်များတွင် တံဆိပ်ကပ်ပြီး ဦးဂျမ်းလုံချည်**(အစစ်)**မှ ထုတ်လုပ်သကဲ့သို့ သုံးစွဲသူများအား ထင်ယောင်ထင်မှား လိမ်လည်လှည့်ဖြား ရောင်းချမှုများ ပေါ်ပေါက်လျက်ရှိပါသည်။

၅။ **အထူးသတိပြုရန်မှာ - ဦးဂျမ်း လုံချည် အမှတ်တံဆိပ်(အစစ်)တွင် -**

(က) ဦးဂျမ်းဓာတ်ပုံပါရှိပြီး ရွှေရောင်အောက်ခံနှင့် ငွေရောင်အောက်ခံများ အသုံးပြုထားပါသည်။

(ခ) ဦးဂျမ်း သည် စာလုံး(၂)လုံးသာ ပါရှိပါသည်။

(ဂ) ဦးဂျမ်း ကို "ဂ" ငယ်ယပင့် မသတ် (ဂျမ်း)ပါသည်။

(ဃ) ဦးဂျမ်းတံဆိပ်နှင့် အိတ်ခွံများတွင် - ဆိုင်အမှတ်(၂၄/၂၆)၊ သရဖီ(စီ)ရုံ၊ ငွေကြည်ထပ်၊ ဈေးချို၊ မန္တလေး ဟူ၍ လိပ်စာပါရှိပါသည်။

(င) ဦးဂျမ်းကို နငယ်နှင့်ဂျန်းခြင်း၊ ခချွန်နှင့်ချမ်းခြင်း၊ ဦးနှင့် - - - - - ဂျမ်းကြားတွင် အခြားစာလုံးများ ထည့်သွင်းထားခြင်း၊ ဂျမ်း - - - - - - ၏နောက်ကပ်လျက်တွင် အခြားစာလုံးများ ထည့်သွင်းထားခြင်းမရှိပါ။

၆။ အထက်ဖော်ပြပါ အခြားစာလုံးများ ထည့်သွင်းထားသော တံဆိပ်များမှာ မသမာသူများမှ အရည်အသွေးနိမ့် လုံချည်များတွင် တံဆိပ်ကပ်၍ ရောင်းချနေကြခြင်းသာဖြစ်သဖြင့် ဦးဂျမ်းလုံချည်**(အစစ်)**ဟုထင်ပြီး ဝယ်ယူသူများမှာ အရည်အသွေးနိမ့် လုံချည်တံဆိပ်အတုများသာရရှိပြီး လွန်စွာနစ်နာလျက်ရှိပါသဖြင့် လှည့်ဖြားခံရမှုမှ သတိထားရှောင်ကွင်းနိုင်စေရန် လေးစားစွာအသိပေးကြေညာအပ်ပါသည်။

မှတ်ချက် - ဦးဂျမ်းလုံချည်အမှတ်တံဆိပ်အား ထင်ယောင်ထင်မှားဖြစ်စေ၍ ကြော်ငြာရောင်းချနေသော လုံချည်များသည် ဦးဂျမ်းမိသားစုများနှင့် မည်သို့မျှ သွေးသားတော်စပ်မှုမရှိပါ။ မည်သို့မျှ ပတ်သက်ခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။

၇။ ဦးဂျမ်းလုံချည်သည် (၁)အရ တရားဝင်မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ဖြစ်သဖြင့် ဆင်တူယိုးမှားတုပသူများ ရပ်တန့်ကရပ်ကြရန် ပြင်းထန်စွာအသိပေးပါသည်။ မရပ်ပါက တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဂျမ်း လုံချည် အမှတ်တံဆိပ်(အစစ်)မိသားစု (အမရပူရ/မန္တလေး)

ပင်ရင်း - ဆိုင်အမှတ် (၂၂-၂၄-၂၆)၊ သရဖီ(စီ)ရုံ၊ ငွေကြည်ထပ်၊ ဈေးချို၊ မန္တလေး။
အိမ်အမှတ် အ/သ(၉)၊ သိမ်ကြီးရပ်၊ စစ်ကိုင်း-မန္တလေးလမ်း၊ အမရပူရမြို့။
ဖုန်း (ဆိုင်) ၀၂ ၃၃၆၄၈၊ ၀၂ ၃၅၃၀၈ (အိမ်) ၀၂ ၇၀၀၀၅၊ ၀၂ ၇၀၁၃၂၊ ၀၂ ၇၉၄၉၄၊ ၀၂ ၇၉၄၉၅

ကြော်ငြာ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် အလုပ်လျှောက်ထားလာသူ M.A(Eng) ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည့်ရက် ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော M.A(Eng) ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
